ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

**ချမ်းသာခြင်းအကြောင်းတရား**

သီလရှိခြင်းသည် အိုသည့်တိုင်အောင် ချမ်းသာ၏၊ အခိုင်အမြဲတည်သော သဒ္ဓါတရား ရှိခြင်းသည် ချမ်းသာ၏၊ အသိဉာဏ်ပညာကို ရခြင်းသည် ချမ်းသာ၏၊ မကောင်းမှုကို မပြုခြင်းသည် ချမ်းသာ၏။

နာဂဝဂ်(ဓမ္မပဒ-၃၃၃)

၁၃၈၈ ခုနှစ်၊ ကဆုန်လဆန်း ၉ ရက် သောကြာနေ့။ Friday, 24 April 2026 ၁၂၁၅၈

# အရေးပေါ်အခြေအနေ ကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
ဥပဒေကဲ့သို့အာဏာတည်သောအမိန့်အမှတ်၊ ၁ /၂၀၂၆
၁၃၈၈ ခုနှစ်၊ ကဆုန်လဆန်း ၈ ရက်
( ၂၀၂၆ ခုနှစ်၊ ဧပြီလ ၂၃ ရက် )

## အရေးပေါ်အခြေအနေ ကြေညာခြင်း

၁။ လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းမှုများ ချုပ်ငြိမ်းစေရန်နှင့် နယ်မြေဒေသတည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးတို့ကို ထိရောက်စွာဆောင်ရွက်နိုင်ရန်အလို့ငှာ အောက်ပါတိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဖော်ပြပါမြို့နယ်များကို ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)၊ ပုဒ်မ ၄၁၂(က) အရ အရေးပေါ်အခြေအနေ ကြေညာလိုက်သည်-

(က) **ကချင်ပြည်နယ်**
- (၁) ဆွမ်ပရာဘွမ်မြို့နယ်၊
- (၂) ရွှေကူမြို့နယ်၊
- (၃) အင်ဂျန်းယန်မြို့နယ်၊
- (၄) ဆော့လော်မြို့နယ်၊
- (၅) ချီဖွေမြို့နယ်။

( ခ ) **ကယားပြည်နယ်**
- (၁) ရှားတောမြို့နယ်၊

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❂

# စစ်အုပ်ချုပ်ရေးအမိန့် ထုတ်ပြန်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
ဥပဒေကဲ့သို့အာဏာတည်သောအမိန့်အမှတ်၊ ၂ /၂၀၂၆
၁၃၈၈ ခုနှစ်၊ ကဆုန်လဆန်း ၈ ရက်
( ၂၀၂၆ ခုနှစ်၊ ဧပြီလ ၂၃ ရက် )

## စစ်အုပ်ချုပ်ရေးအမိန့် ထုတ်ပြန်ခြင်း

၁။ ဥပဒေကဲ့သို့အာဏာတည်သောအမိန့်(၁/၂၀၂၆)ဖြင့် အရေးပေါ်အခြေအနေ ကြေညာထားသည့် မြို့နယ်များတွင် အုပ်ချုပ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးတို့ကို မူလအခြေအနေသို့ ပြန်လည်ရောက်ရှိစေခြင်းငှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံ ဥပဒေပုဒ်မ ၄၁၃၊ ပုဒ်မခွဲ(ခ)အရ စစ်အုပ်ချုပ်ရေးအမိန့်ထုတ်ပြန်၍ အဆိုပါမြို့နယ်များ၏ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေး တာဝန်များကို တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား အပ်နှင်းလိုက်သည်။

၂။ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ယင်းလုပ်ပိုင်ခွင့်နှင့် တာဝန်များကို မိမိကိုယ်တိုင် ကျင့်သုံးဆောင်ရွက်ခြင်း သို့မဟုတ် သင့်လျော်သည့် စစ်ဘက်အာဏာပိုင်တစ်ဦးဦးကို ကျင့်သုံးဆောင်ရွက်စေခြင်း ပြုနိုင်သည်။

၃။ ဤအမိန့်သည် ယနေ့မှစ၍ ရက်ပေါင်း (၉၀) အထိ အတည်ဖြစ်သည်။

(ပုံ) မင်းအောင်လှိုင်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့်ဇနီး ဒေါ်နီလာ ကျိုင်းတုံမြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံတွင် တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသည့် အရာရှိ၊ စစ်သည်၊ မိသားစုများအား သွားရောက်ကြည့်ရှုအားပေး



နေပြည်တော် ဧပြီ ၂၃

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦးသည် ဇနီး ဒေါ်နီလာ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် တာဝန်ရှိသူများလိုက်ပါ၍ ယမန်နေ့ညနေပိုင်းတွင် ကျိုင်းတုံမြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံသို့ သွားရောက်၍ ဆေးကုသမှုခံယူလျက်ရှိသည့် အရာရှိ၊ စစ်သည်၊ မိသားစုများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့်ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များအား သွားရောက်ကြည့်ရှုအားပေးစကားပြောကြားသည်။

### ကြိုဆိုနှုတ်ဆက်

ဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် နယ်မြေခံတပ်မတော်ဆေးရုံသို့ ရောက်ရှိကြရာ ဆေးရုံတပ်မှူးနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

စာမျက်နှာ ၄ ကော်လံ ၁ သို့ ☆

တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး ကျိုင်းတုံမြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံတွင် တက်ရောက်ဆေးကုသမှုခံယူနေသူများအား ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကား ပြောကြားစဉ်။

ကြေးမုံ

# ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး ရပ်တည်ချက်ဖြင့် ဆက်ဆံဆောင်ရွက်

မြန်မာနိုင်ငံသည် နိုင်ငံတကာဆက်ဆံရေးနှင့်ပတ်သက်၍ ကမ္ဘာပေါ်ရှိ မည်သည့်နိုင်ငံနှင့်မဆို ချစ်ခင်ရင်းနှီးစွာ ဆက်ဆံဆောင်ရွက်လျက်ရှိသည်။ ထိုသို့ ဆက်ဆံရာတွင် မိသားစုစိတ်ဓာတ်ဖြင့် ဆက်ဆံသည့်နိုင်ငံများ၊ အပြုသဘောဆောင် အကောင်းမြင်သည့် မိတ်ကောင်းဆွေကောင်းနိုင်ငံများ၊ မြန်မာနိုင်ငံအပေါ် အကောင်းမမြင်သည့်နိုင်ငံများ စသည်ဖြင့် အမျိုးမျိုးရှိကြသည်ကို တွေ့ရမည် ဖြစ်သည်။ မည်သို့ရှိသည်ဖြစ်စေ မြန်မာနိုင်ငံအနေဖြင့် နိုင်ငံအားလုံးအပေါ်တွင် ချစ်ခင်ရင်းနှီးစွာ မိတ်ဝတ်မပျက် ဆက်ဆံဆောင်ရွက်လျက်ရှိသည်။

နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံးတော် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအစည်းအဝေးခန်းမ၌ မေ ၂၁ ရက်နေ့က ကျင်းပသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေး ကောင်စီအစည်းအဝေးတွင် “နိုင်ငံတကာဆက်ဆံရေးနှင့်ပတ်သက်၍ ဖွဲ့စည်းပုံ အခြေခံဥပဒေ(၂၀၀၈ ခုနှစ်)တွင် နိုင်ငံတော်သည် လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးသည်၊ ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် နိုင်ငံအချင်းချင်း မိတ်ဝတ်မပျက် ပေါင်းဖက်ဆက်ဆံရေးကို ရှေးရှုသည်၊ နိုင်ငံအချင်းချင်း ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးမူများကို စောင့်ထိန်းသည်ဟု ဖော်ပြပါရှိကြောင်း၊ သို့ဖြစ်၍ မိမိတို့အနေဖြင့် နိုင်ငံခြားရေးမူဝါဒ အဓိပ္ပာယ်ဖော်ပြချက်များကို တိတိကျကျ သိရှိနားလည်ထားကြရန်နှင့် ၎င်းအပေါ်တွင်ရပ်တည်၍ ဆက်ဆံဆောင်ရွက်သွားရမည်ဖြစ်ကြောင်း”ပြောကြားခဲ့သည်။

မြန်မာနိုင်ငံ၏ နိုင်ငံခြားရေးမူဝါဒသည် အစဉ်အဆက်လက်ခံထားသော မူဝါဒ ဖြစ်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)တွင်လည်း အတိအလင်း ပြဋ္ဌာန်းထားသဖြင့် နိုင်ငံတော်အစိုးရသစ်အနေဖြင့် အဆိုပါမူဝါဒအတိုင်း တိတိကျကျ ရပ်တည်ဆောင်ရွက်သွားမည်ဖြစ်သည်။ မြန်မာနိုင်ငံ၏ နိုင်ငံခြားရေးမူဝါဒသည် နိုင်ငံတော်၏ နောက်ခံသမိုင်းကြောင်းနှင့် ပကတိအခြေအနေများအရ အလွန်ပင်လျော်ကန်သင့်မြတ်သော မူဝါဒဖြစ်သည်။ ယနေ့ကမ္ဘာကြီးတွင် ပထဝီနိုင်ငံရေးအခြေအနေအရ အင်အားကြီးနိုင်ငံများ၏ လွှမ်းမိုးမှုများကြောင့် နိုင်ငံအချို့အနေဖြင့် ဘက်လိုက်မှုများရှိနေချိန်တွင် မြန်မာနိုင်ငံအနေဖြင့် လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သည့် ရပ်တည်ချက်ဖြင့် ဆက်ဆံဆောင်ရွက်ခြင်းသည် မတူကွဲပြားသော်လည်း ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးဟူသည့် ကောင်းမြတ်သည့်ဆက်ဆံမှုကို ဆောင်ကြဉ်းပေသည်။

မြန်မာနိုင်ငံသည် အာဆီယံအဖွဲ့ဝင်နိုင်ငံဖြစ်ပြီး အာဆီယံအသိုက်အဝန်းအတွင်း၌ နိုင်ငံရေးအရ ဘက်လိုက်မှုများကြောင့် မြန်မာနိုင်ငံအပေါ် အကောင်းမမြင်သည့် နိုင်ငံများလည်းရှိသည်။ ယခုအခါ အချို့သော အာဆီယံနိုင်ငံများအနေဖြင့် မြန်မာနိုင်ငံ၏ ပကတိအခြေအနေအပေါ် မှန်ကန်စွာရှုမြင်ပြီး အပြုသဘောဆောင်သည့် သဘောထား၊ သုံးသပ်ချက်များရှိလာသည်ကို တွေ့ရသည်။ မြန်မာနိုင်ငံအနေဖြင့် အာဆီယံဘုံသဘောတူညီချက် (၅)ရပ်နှင့်ပတ်သက်၍ အကောင်းဆုံးဖြစ်အောင် ဆောင်ရွက်လျက်ရှိသည်။ ပြည်တွင်းငြိမ်းချမ်းမှုရရှိရေးအတွက် နည်းလမ်းမျိုးစုံဖြင့် ဖိတ်ခေါ်ကမ်းလှမ်း ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး လူသားချင်းစာနာထောက်ထားမှု ဆိုင်ရာကိစ္စရပ်များနှင့် အခြားအချက်များတွင်လည်း အတတ်နိုင်ဆုံး ပူးပေါင်း ဆောင်ရွက်လျက်ရှိသည်။

အာဆီယံအဖွဲ့အနေဖြင့် မြန်မာနိုင်ငံရှိ သဘာဝဘေးအန္တရာယ်ကျရောက်သည့် ဒေသများသို့ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများပေးပို့လျက် ရှိသည်။ နိုင်ငံရေးအခြေအနေအရ လူမှုကွန်ရက်များပေါ်တွင် မှားယွင်းသော သတင်းအချက်အလက်များကိုအခြေခံပြီး မြန်မာနိုင်ငံအပေါ် ဖိအားပေးမှုများ တိုးမြှင့်လုပ်ဆောင်နေသည်ကိုလည်း တွေ့မြင်ရမည်ဖြစ်သည်။ အချို့အာဆီယံ အဖွဲ့ဝင်နိုင်ငံများအနေဖြင့် သဘောထားလွဲမှားမှုများကို ပြင်ဆင်လိုကြသည်။ မြန်မာနိုင်ငံအနေဖြင့် အာဆီယံအဖွဲ့အတွင်း အကောင်းဆုံး ပူးပေါင်းဆောင်ရွက်နိုင်ရေး ဆက်လက်ကြိုးပမ်း ဆောင်ရွက်သွားမည်ဖြစ်သည်။

အစိုးရသစ်ဖွဲ့စည်းပြီးနောက် အာဆီယံအဖွဲ့ဝင်နိုင်ငံလည်းဖြစ်၊ အိမ်နီးချင်းနိုင်ငံလည်းဖြစ်သည့် ထိုင်းနိုင်ငံမှ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်အား လာရောက်ဂါရဝပြုတွေ့ဆုံခဲ့သည်။ ဂါရဝပြုတွေ့ဆုံရာတွင် မြန်မာနိုင်ငံအနေဖြင့် အာဆီယံဘုံသဘောတူညီချက်(၅)ရပ်ပါအချက်များတွင် ပါဝင်သည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာကိစ္စရပ်များ၊ ပြည်တွင်းငြိမ်းချမ်းရေး ကြိုးပမ်းဆောင်ရွက်မှုများနှင့် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုဖြင့် နှစ်နိုင်ငံဖွံ့ဖြိုးတိုးတက်မှုကိစ္စရပ်များ၊ ဘက်ပေါင်းစုံပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်တိုးမြှင့်ဆောင်ရွက်ရေး ရင်းရင်းနှီးနှီး ဆွေးနွေးခဲ့သည်။

သို့ဖြစ်ရာ မြန်မာနိုင်ငံအနေဖြင့် ဒီမိုကရေစီမျက်နှာစာသစ်ကို စတင်ဖွင့်လှစ်ရာတွင် ချမှတ်ထားသော နိုင်ငံခြားရေးမူဝါဒနှင့်အညီ လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော၊ ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် နိုင်ငံအချင်းချင်း မိတ်ဝတ်မပျက် ပေါင်းဖက်ဆက်ဆံရေးကိုရှေးရှုသော၊ နိုင်ငံအချင်းချင်း ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်သောမူဝါဒများနှင့် အာဆီယံဘုံသဘောတူညီချက်(၅)ရပ်ကို အလေးထားလိုက်နာဆောင်ရွက်ခြင်းဖြင့် အာဆီယံနှင့် ပုံမှန်ဆက်ဆံရေးအပြင် နိုင်ငံတကာ ဆက်ဆံရေးတို့တွင်ပါ ပိုမိုကောင်းမွန်လာမည်ဟု ယုံကြည်ပါကြောင်း။ ။

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ပြောင်းရွှေ့ခန့်ထားခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန နည်းပညာတက္ကသိုလ်(စစ်ကိုင်း) ပါမောက္ခချုပ် ဒေါက်တာညွန့်စိုးကို ရန်ကုန်အနောက်ပိုင်းနည်းပညာတက္ကသိုလ် ပါမောက္ခချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်။

## မြန်မာနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ကာဇက်စတန်သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် မစ္စတာ မာဂူလန် ဘိုင်မူခန်အား ခန့်အပ်ရန် သဘောတူ

နေပြည်တော် မေ ၂၃

ဇန်ကောက်မြို့အခြေစိုက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ကာဇက်စတန်သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် မစ္စတာ မာဂူလန် ဘိုင်မူခန်အား ခန့်အပ်ရန် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရက သဘောတူညီပြီး ဖြစ်သည်။

မစ္စတာ မာဂူလန် ဘိုင်မူခန် ကို ၁၉၇၄ ခုနှစ် စက်တင်ဘာလ ၆ ရက်တွင် မွေးဖွားခဲ့သည်။ ၎င်းသည် ၁၉၉၇ ခုနှစ်နှင့် ၁၉၉၈ ခုနှစ်တို့တွင် ခရာကော်စီးပွားရေးတက္ကသိုလ်မှလည်းကောင်း၊ ၂၀၁၇ ခုနှစ်တွင်ကနေဒါနိုင်ငံရှိဇန်ကူဗာတက္ကသိုလ်မှလည်းကောင်း ဘွဲ့များရရှိခဲ့ပါသည်။ မစ္စတာ ဘိုင်မူခန်သည် ၁၉၉၉ ခုနှစ်တွင် ကာဇက်စတန်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနသို့ စတင်ဝင်ရောက်ခဲ့ကာ သံတမန်ရာထူးအဆင့်ဆင့်တွင် တာဝန်ထမ်းဆောင်ခဲ့ပြီး ၂၀၁၇ ခုနှစ်မှ ၂၀၁၉ ခုနှစ်အထိ ပိုလန်နိုင်ငံဆိုင်ရာ ကာဇက်စတန်သံအမတ်ကြီးအဖြစ်လည်းကောင်း၊ ၂၀၂၁ ခုနှစ်မှ ၂၀၂၅ ခုနှစ်အထိ ဘယ်လ်ဂျီယံနိုင်ငံနှင့် လူဇင်ဘတ်နိုင်ငံဆိုင်ရာ ကာဇက်စတန်သံအမတ်ကြီးနှင့် ဥရောပသမဂ္ဂနှင့် မြောက်အတ္တလန္တိတ်စာချုပ်အဖွဲ့ဆိုင်ရာ ကာဇက်စတန်အဖွဲ့ရုံး၏ အကြီးအကဲအဖြစ်လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့ပါသည်။ ထို့အပြင် ၎င်းသည် ၂၀၁၉ ခုနှစ်မှ ၂၀၂၁ ခုနှစ်အထိ ကာဇက်စတန်နိုင်ငံခြားရေးဝန်ကြီးဌာန၌ ဒုတိယဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။

၎င်းသည် ၂၀၂၅ ခုနှစ် ဩဂုတ်လမှစ၍ ထိုင်းနိုင်ငံဆိုင်ရာ ကာဇက်စတန် သံအမတ်ကြီးအဖြစ်နှင့် အာရှ-ပစိဖိတ်ဒေသဆိုင်ရာ ကုလသမဂ္ဂစီးပွားရေးနှင့် လူမှုရေးကော်မရှင်၏ ကာဇက်စတန် အမြဲတမ်းကိုယ်စားလှယ်အဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။

မစ္စတာ မာဂူလန် ဘိုင်မူခန်သည် အိမ်ထောင်သည် တစ်ဦးဖြစ်ပြီး သားသမီး လေးဦးရှိသည်။

**သတင်းစဉ်**

## ရေနည်းမည့် အခြေအနေ

နေပြည်တော် မေ ၂၃

ဧရာဝတီမြစ်ရေသည် ယနေ့မွန်းလွဲ ၁၂နာရီခွဲတိုင်းထွာချက်အရ မန္တလေးမြို့တွင် ၃၅၉ စင်တီမီတာသို့ ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်သုံးရက်အတွင်း လက်ရှိရေမှတ်အောက် ပေဝက်ခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ ရေနည်းသတိပေးမှတ် ၃၆၀ စင်တီမီတာ အောက်တွင် ဆက်လက်တည်ရှိနိုင်သည်။

**မိုး/ဇလ**

## ၂၃ - ၄ -၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ** ငွေကျပ် ၇၁၀၀၀၀၀ ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၂၃ - ၄ - ၂၀၂၆

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၃,၀၀၀ | ၁၃,၀၀၀ | ၃၉၇ | ၅,၁၀၄,၀၀၀ |
| MTSH | ၆,၀၀၀ | ၆,၁၀၀ | ၃,၀၃၁ | ၁၈,၄၈၈,၄၀၀ |
| MCB | ၉,၆၀၀ | ၉,၅၀၀ | ၂၀၄ | ၁,၉၃၉,၀၀၀ |
| FPB | ၄,၀၀၀ | ၄,၀၀၀ | ၄၇၅ | ၁,၉၀၀,၀၀၀ |
| TMH | ၃,၂၀၀ | ၃,၂၀၀ | ၁ | ၃,၂၀၀ |
| EFR | ၁,၈၅၀ | ၁,၈၅၀ | ၃,၁၀၆ | ၅,၉၉၁,၁၀၀ |
| AMATA | ၃,၉၅၀ | ၄,၀၀၀ | ၁၂ | ၄၇,၅၀၀ |
| MAEX | ၃,၉၀၀ | ၃,၉၀၀ | ၄,၀၀၀ | ၁၅,၆၀၀,၀၀၀ |
| MADPL(PLB) | ၃,၄၀၀ | ၃,၄၀၀ | ၀ | ၀ |
| ASPGB(PLB) | ၃၈,၅၀၀ | ၃၈,၅၀၀ | ၀ | ၀ |

ရန်ကုန်စတော့အိတ်ချိန်းမှရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဝင်းနိုင်
စာတည်းမှူး - အေဝမ်းစိုး
စာတည်းများ - စန်းအောင်၊ ခင်ခင်သက်၊ ယုဝါဝါ၊ သီသီမင်း၊ ဟိန်းထက်လင်း၊ သက်ထွေး၊ စန်းယဉ်ဥ၊ နိုင်လင်းကြည်
ဘာသာပြန် - အောင်ကျော်ကျော်၊ စိုးသူရ
အကြီးတန်း သတင်းထောက်များ - ခင်မို့မို့အောင်၊ ခင်မျိုးနိုင်၊ မာမာစိုး၊ ခိုင်သန္တာရွှေ၊ ခင်ယုဆွေ၊ အိအိမွန်
အငယ်တန်း သတင်းထောက်များ - အောင်ကျော်ဦး၊ သန်းတင်အောင် ခင်သက်မွန်၊ မြသီတာ
သုတေသန - ဇင်မာဝင့်
စာပြင် - ခင်နှင်းယုနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - နီလာစိုးနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - စိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
https://www.moi.gov.mm/km

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၂၅
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

❂ **အရေးပေါ်အခြေအနေမှ**

(၂) ဖားဆောင်းမြို့နယ်၊
(၃) မယ်စဲ့မြို့နယ်။

( ဂ ) **ကရင်ပြည်နယ်**

(၁) ကော့ကရိတ်မြို့နယ်၊
(၂) ကြာအင်းဆိပ်ကြီးမြို့နယ်။

(ဃ) **ချင်းပြည်နယ်**

(၁) ကန်ပက်လက်မြို့နယ်၊
(၂) ထန်တလန်မြို့နယ်၊
(၃) ပလက်ဝမြို့နယ်၊
(၄) တွန်းဇံမြို့နယ်၊
(၅) မင်းတပ်မြို့နယ်၊
(၆) မတူပီမြို့နယ်၊
(၇) ဖလမ်းမြို့နယ်။

( င ) **စစ်ကိုင်းတိုင်းဒေသကြီး**

(၁) ကောလင်းမြို့နယ်၊
(၂) ပင်လည်ဘူးမြို့နယ်၊
(၃) ခင်ဦးမြို့နယ်၊
(၄) ဝက်လက်မြို့နယ်၊
(၅) ကနီမြို့နယ်၊
(၆) ဒီပဲယင်းမြို့နယ်၊
(၇) ပုလဲမြို့နယ်၊
(၈) အင်းတော်မြို့နယ်။

( စ ) **မကွေးတိုင်းဒေသကြီး**

(၁) ပေါက်မြို့နယ်၊
(၂) မြိုင်မြို့နယ်၊
(၃) ဆောမြို့နယ်၊
(၄) ထီးလင်းမြို့နယ်၊
(၅) ရေစကြိုမြို့နယ်။

(ဆ) **မန္တလေးတိုင်းဒေသကြီး**

(၁) ငါန်းဇွန်မြို့နယ်။

( ဇ ) **ရခိုင်ပြည်နယ်**

(၁) ရမ်းဗြဲမြို့နယ်၊
(၂) ပေါက်တောမြို့နယ်၊
(၃) ပုဏ္ဏားကျွန်းမြို့နယ်၊
(၄) ရသေ့တောင်မြို့နယ်၊
(၅) ဥမြို့နယ်၊
(၆) မောင်တောမြို့နယ်၊
(၇) ဘူးသီးတောင်မြို့နယ်၊
(၈) ကျောက်တော်မြို့နယ်၊
(၉) မင်းပြားမြို့နယ်၊
(၁၀) မြေပုံမြို့နယ်၊
(၁၁) မြောက်ဦးမြို့နယ်၊
(၁၂) သံတွဲမြို့နယ်၊
(၁၃) အမ်းမြို့နယ်၊
(၁၄) တောင်ကုတ်မြို့နယ်။

( ဈ ) **ရှမ်းပြည်နယ်**

(၁) နမ္မတူမြို့နယ်၊
(၂) မဘိမ်းမြို့နယ်၊
(၃) ကွတ်ခိုင်မြို့နယ်၊
(၄) နမ့်ခမ်းမြို့နယ်၊
(၅) သိန္နီမြို့နယ်၊
(၆) ကွမ်းလုံမြို့နယ်၊
(၇) နမ့်ဆန်မြို့နယ်၊
(၈) မန်တုံမြို့နယ်၊
(၉) ဟိုပန်မြို့နယ်၊
(၁၀) လောက်ကိုင်မြို့နယ်၊
(၁၁) ကုန်းကြမ်းမြို့နယ်၊
(၁၂) မိုးမိတ်မြို့နယ်၊
(၁၃) ကျောက်မဲမြို့နယ်၊
(၁၄) သီပေါမြို့နယ်၊
(၁၅) မိုင်းလားမြို့နယ်။

၂။ ဤအမိန့်သည် ယနေ့မှစ၍ ရက်ပေါင်း (၉၀) အထိ အတည်ဖြစ်သည်။

**(ပုံ) မင်းအောင်လှိုင်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

# စစ်အုပ်ချုပ်ရေးအမိန့်အမှတ်၊ ၂/ ၂၀၂၆ ထုတ်ပြန်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး**
**စစ်အုပ်ချုပ်ရေးအမိန့်အမှတ်၊ ၂/၂၀၂၆**
**၁၃၈၈ ခုနှစ်၊ ကဆုန်လဆန်း ၈ ရက်**
**(၂၀၂၆ခုနှစ်၊ ဧပြီလ ၂၃ ရက်)**

၁။ နိုင်ငံတော်သမ္မတရုံးသည် လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းမှုများချုပ်ငြိမ်းစေရန်နှင့် နယ်မြေဒေသတည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးတို့ကို ထိရောက်စွာ ဆောင်ရွက်နိုင်ရန်အလို့ငှာ ဥပဒေကဲ့သို့အာဏာတည်သည့် အမိန့်အမှတ်၊ ၁/၂၀၂၆ ကို ထုတ်ပြန်၍ ယင်းအမိန့်ပါ မြို့နယ်များကို အရေးပေါ်အခြေအနေကြေညာခဲ့ပြီး ဥပဒေကဲ့သို့အာဏာတည်သည့် အမိန့်အမှတ်၊ ၂/၂၀၂၆ အရ အဆိုပါမြို့နယ်များ၏ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးတာဝန်များကို တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား အပ်နှင်းခဲ့ပါသည်။ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်နယ်မြေများတွင်ပါဝင်သော ယင်းဥပဒေကဲ့သို့ အာဏာတည်သည့် အမိန့်ပါမြို့နယ်များအတွင်း အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ စစ်အုပ်ချုပ်ရေးအာဏာကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်၊ တိုင်းမှူးများသို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၃၊ ပုဒ်မခွဲ(ခ)အရ အပ်နှင်းလိုက်သည်။

၂။ သက်ဆိုင်ရာ တိုင်းမှူးများသည် အချိန်နှင့်တစ်ပြေးညီ ပြောင်းလဲဖြစ်ပေါ်လျက်ရှိသော အခြေအနေအရပ်ရပ်ပေါ်မူတည်၍ မိမိကိုယ်တိုင်သော်လည်းကောင်း၊ စစ်နယ်မြေမှူးများကို တာဝန်လွှဲအပ်၍လည်းကောင်း စစ်အုပ်ချုပ်ရေးအာဏာကို ကျင့်သုံးနိုင်သည်။

ပုံ
**ရဲဝင်းဦး**
**ဗိုလ်ချုပ်ကြီး**
**တပ်မတော်ကာကွယ်ရေးဦးစီးချုပ်**

# စစ်အုပ်ချုပ်ရေးအမိန့်အမှတ်၊ ၃ / ၂၀၂၆ ထုတ်ပြန်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး**
**စစ်အုပ်ချုပ်ရေးအမိန့်အမှတ်၊ ၃ / ၂၀၂၆**
**၁၃၈၈ ခုနှစ်၊ ကဆုန်လဆန်း ၈ ရက်**
**(၂၀၂၆ ခုနှစ်၊ ဧပြီလ ၂၃ ရက်)**

၁။ နိုင်ငံတော်သမ္မတရုံး၏ ၁၃၈၈ ခုနှစ်၊ ကဆုန်လဆန်း ၈ ရက်၊ ၂၀၂၆ ခုနှစ်၊ ဧပြီလ ၂၃ ရက်စွဲပါ ဥပဒေကဲ့သို့အာဏာတည်သော အမိန့်အမှတ်၊ ၁/၂၀၂၆၊ ၂/၂၀၂၆နှင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ စစ်အုပ်ချုပ်ရေးအမိန့်အမှတ် ၂/၂၀၂၆ တို့တွင် ဖော်ပြပါရှိသည့် မြို့နယ်များနှင့် သက်ဆိုင်သည့် တိုင်းစစ်ဌာနချုပ် တိုင်းမှူးများအား စစ်အုပ်ချုပ်ရေးဒေသအဖြစ် ကြေညာထားသော မြို့နယ်များအတွင်း လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် နယ်မြေအေးချမ်းသာယာရေးကို ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရန်အလို့ငှာ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ စစ်အုပ်ချုပ်ရေးအာဏာကိုကျင့်သုံးရန် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၁၃၊ ပုဒ်မခွဲ(ခ) အရ အပ်နှင်းခဲ့ပါသည်။

၂။ စစ်အုပ်ချုပ်ရေးဒေသအတွင်းရှိ ဒေသအာဏာပိုင်အဖွဲ့အစည်းအဆင့်ဆင့်တို့သည် ယင်းတို့နှင့် သက်ဆိုင်သည့် လုပ်ငန်းတာဝန်များကို သက်ဆိုင်ရာ တိုင်းမှူးတို့၏ ကွပ်ကဲမှုအရ ဆောင်ရွက်ရမည်။

၃။ သက်ဆိုင်ရာတိုင်းမှူးတို့သည် စစ်အုပ်ချုပ်ရေးဒေသအတွင်း စစ်နယ်မြေများ သတ်မှတ်၍ စစ်နယ်မြေမှူးများကို တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ သဘောတူညီချက်ဖြင့် စစ်အုပ်ချုပ်ရေးအမိန့် ထုတ်ပြန်ပြီး ခန့်ထားနိုင်သည်။

၄။ သက်ဆိုင်ရာတိုင်းမှူးတို့သည် စစ်အုပ်ချုပ်ရေးဒေသအတွင်း မိမိကိုယ်တိုင်သော်လည်းကောင်း၊ စစ်နယ်မြေမှူးများဖြင့်သော်လည်းကောင်း၊ မိမိတာဝန်လွှဲအပ်သော ပုဂ္ဂိုလ်တစ်ဦးဦး သို့မဟုတ် အဖွဲ့ဖြင့်သော်လည်းကောင်း အောက်ပါကိစ္စများကို ပြီးမြောက်အောင် ဆောင်ရွက်ရမည်-

(က) **အုပ်ချုပ်ရေး**

(၁) လုံခြုံရေးကိစ္စရပ်များ၊
(၂) လူမှုရေးကိစ္စရပ်များ၊
(၃) ကုန်သွယ်ရေးကိစ္စရပ်များ၊
(၄) သယ်ယူပို့ဆောင်ရေးကိစ္စရပ်များ။

( ခ ) **တရားစီရင်ရေး**

(၁) **တရားရုံးများဖွဲ့စည်းခြင်း။** သက်ဆိုင်ရာတိုင်းမှူးတို့သည် စစ်အုပ်ချုပ်ရေးကာလအတွင်း ပြစ်မှုဆိုင်ရာမှုခင်းများကိုတည်ဆဲဥပဒေအရဖွဲ့စည်းထားသောတရားရုံးများဖြင့်ဖြစ်စေ၊ စစ်အုပ်ချုပ်ရေးအမိန့် ထုတ်ပြန်ပြီး ဖွဲ့စည်းသည့် စစ်ခုံရုံးများဖြင့်ဖြစ်စေ စစ်ဆေးစီရင်နိုင်သည်။

(၂) **စစ်ခုံရုံးဖြင့်စစ်ဆေးခြင်း။** စစ်ခုံရုံးများသည် ပြစ်မှုဆိုင်ရာမှုခင်းများကို အကျဉ်းနည်းဖြင့် စစ်ဆေးစီရင်နိုင်သည်။

(၃) **ပြစ်ဒဏ်ချမှတ်ခြင်း။** နောက်ဆက်တွဲဇယား(က)ပါ ပြစ်မှုတစ်ခုခုကို ကျူးလွန်သူတစ်ဦးအား စစ်ခုံရုံးက ပြစ်မှုထင်ရှားစီရင်ပါက တည်ဆဲဥပဒေများနှင့်အညီ အောက်ပါပြစ်ဒဏ်တစ်မျိုးမျိုးကို ချမှတ်ရမည်-

(ကက) သေဒဏ်၊
( ခ ခ ) နှစ်အကန့်အသတ်မရှိအလုပ်နှင့်ထောင်ဒဏ်၊
( ဂ ဂ ) သက်ဆိုင်ရာပြစ်မှုအလိုက် သတ်မှတ်ထားသော အမြင့်ဆုံးပြစ်ဒဏ်။

(၄) **အတည်ပြုခြင်း။** စစ်ခုံရုံးများက ချမှတ်သော ဆုံးဖြတ်ချက်များနှင့် စီရင်ချက်များသည် အပြီးအပြတ်ဖြစ်စေရမည်။ သို့ရာတွင် သေဒဏ်စီရင်ပါက ထိုသို့စီရင်ခြင်းသည် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ အတည်ပြုချက်ရရှိမှသာ အတည်ဖြစ်သည်။ နှစ်အကန့်အသတ်မရှိ ထောင်ဒဏ်စီရင်ပါက ထိုသို့စီရင်ခြင်းသည် သက်ဆိုင်ရာ တိုင်းမှူးတို့၏ အတည်ပြုချက်ရရှိမှသာ အတည်ဖြစ်သည်။ အတည်ပြုခြင်းနှင့်ပတ်သက်သည့် လုပ်ပိုင်ခွင့်ကို ကျင့်သုံးဆောင်ရွက်ရာတွင် အောက်ပါလုပ်ပိုင်ခွင့်များရှိသည်-

(ကက) ပြစ်မှုထင်ရှားစီရင်ခြင်းကို ပယ်ဖျက်ခြင်း။
( ခ ခ ) ပြစ်ဒဏ်ကို လျှော့ပေါ့စေခြင်း။
( ဂ ဂ ) ပြစ်ဒဏ်ကိုပို၍နိမ့်သော ပြစ်ဒဏ်အမျိုးအစားသို့ လျှော့ပေါ့ပြောင်းလဲခြင်း။
(ဃဃ) ပြစ်မှုထင်ရှားစီရင်ခြင်းကို အတည်ပြုခြင်း။

(၅) **အယူခံခြင်း။** စစ်ခုံရုံးများက ချမှတ်သော ဆုံးဖြတ်ချက်၊ ပြစ်ဒဏ်ချမှတ်ချက်များနှင့် စပ်လျဉ်း၍ အယူခံပိုင်ခွင့် မရှိစေရ။

(၆) **ပြင်ဆင်မှုလျှောက်ထားခြင်း။** စစ်ခုံရုံးများက သေဒဏ်စီရင်ပါက ပြစ်ဒဏ်ချမှတ်ခြင်းခံရသည့်နေ့မှ (၁၅) ရက်အတွင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ထံသို့လည်းကောင်း၊ အခြားပြစ်ဒဏ်ချမှတ်ခြင်းခံရပါက ပြစ်ဒဏ်ချမှတ်ခြင်းခံရသည့်နေ့မှ (၁၅)ရက်အတွင်း သက်ဆိုင်ရာ တိုင်းမှူးထံသို့လည်းကောင်း ပြင်ဆင်မှုလျှောက်ထားနိုင်သည်။ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် သို့မဟုတ် သက်ဆိုင်ရာ တိုင်းမှူးများသည် မိမိသဘောအလျောက်လည်း ပြင်ဆင်မှုဖွင့်၍ ဆောင်ရွက်နိုင်သည်။ ပြင်ဆင်မှုစီရင်ပိုင်ခွင့်ကို ကျင့်သုံးဆောင်ရွက်ရာတွင် အောက်ပါလုပ်ပိုင်ခွင့်များ ရှိသည်-

(ကက) ပြစ်မှုထင်ရှားစီရင်ခြင်းကို ပယ်ဖျက်ခြင်း၊
( ခ ခ ) ပြစ်ဒဏ်ကို လျှော့ပေါ့စေခြင်း၊
( ဂ ဂ ) ပြစ်ဒဏ်ကို ပို၍နိမ့်သော ပြစ်ဒဏ်အမျိုးအစားသို့ လျှော့ပေါ့ပြောင်းလဲခြင်း၊

စာမျက်နှာ ၄ သို့ »»

»»» စာမျက်နှာ ၃ မှ

(ဃဃ) ပြစ်မှုထင်ရှားစီရင်ခြင်းကို အတည်ပြုခြင်း။

(၇) တပ်မတော်ကာကွယ်ရေးဦးစီးချုပ် သို့မဟုတ် သက်ဆိုင်ရာ တိုင်းမှူးများက မိမိသဘောအလျောက် ပြင်ဆင်မှုဖွင့်၍ ဆောင်ရွက်သည့်ကိစ္စတွင် အထက်အပိုဒ်ငယ်(၆)တွင်ပါရှိသော လုပ်ပိုင်ခွင့်များအပြင် ပြစ်ဒဏ်ကို တိုးမြှင့်နိုင်သည်။

၅။ သက်ဆိုင်ရာတိုင်းမှူးတို့သည် မိမိ၏ တာဝန်ဝတ္တရားများကို ဆောင်ရွက်ရာတွင် အထောက်အကူဖြစ်စေရန် စစ်အုပ်ချုပ်ရေးအကြံပေးအဖွဲ့ကို ဖွဲ့စည်းနိုင်သည်။

၆။ သက်ဆိုင်ရာတိုင်းမှူးတို့သည် စစ်အုပ်ချုပ်ရေးဒေသအတွင်း ဖြစ်ပေါ်နေသော အခြေအနေအရပ်ရပ်ကို တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ထံသို့ အစီရင်ခံရမည်။

ပုံ

**ရဲဝင်းဦး**

**ဗိုလ်ချုပ်ကြီး**

**တပ်မတော်ကာကွယ်ရေးဦးစီးချုပ်**

**နောက်ဆက်တွဲဇယား(က)**

**စစ်ခုံရုံးဖြင့် စစ်ဆေးမည့်ပြစ်မှုများ**

၁။ နိုင်ငံတော်သစ္စာဖောက်ဖျက်ပုန်ကန်မှု(ရာဇသတ်ကြီးပုဒ်မ ၁၂၂)၊
၂။ အစိုးရကို အကြည်ညိုပျက်အောင်ပြုလုပ်မှု(ရာဇသတ်ကြီး ပုဒ်မ ၁၂၄-က)၊
၃။ တပ်မတော် သို့မဟုတ် တရားဥပဒေစိုးမိုးရေးအဖွဲ့၏ ဆောင်ရွက်မှုကို နှောင့်နှေးစေခြင်း သို့မဟုတ် ပျက်ပြားစေခြင်း(ရာဇသတ်ကြီး ပုဒ်မ ၁၂၄-ဂ)၊
၄။ တပ်မတော်သားများ သို့မဟုတ် အစိုးရအမှုထမ်းများကို ဟန့်တားခြင်း သို့မဟုတ် နှောင့်ယှက်ခြင်း(ရာဇသတ်ကြီးပုဒ်မ ၁၂၄-ဃ)၊
၅။ ရာဇသတ်ကြီးပုဒ်မ ၅၀၅၊
၆။ အစိုးရဝန်ထမ်းတစ်ဦးအား ပြစ်မှုကျူးလွန်စေရန် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ထိတ်လန့်စေခြင်း၊ သွေးထိုးလှုံ့ဆော်ခြင်း၊ မမှန်သတင်းများဖြန့်ခြင်း (ရာဇသတ်ကြီးပုဒ်မ ၅၀၅-က)၊
၇။ မတရားအသင်းအက်ဥပဒေအရပြစ်မှုများ၊
၈။ လက်နက်အက်ဥပဒေအရပြစ်မှုများ၊
၉။ လူသတ်မှု၊
၁၀။ လူသေမှု၊
၁၁။ မုဒိမ်းမှု၊
၁၂။ လုယက်မှု၊
၁၃။ ဓားပြမှု၊
၁၄။ အဂတိလိုက်စားမှု၊
၁၅။ ၁၉၉၃ ခုနှစ်၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ ပြစ်မှုများ၊
၁၆။ ပြည်သူပိုင်ပစ္စည်းကာကွယ်ရေးအက်ဥပဒေအရ ပြစ်မှုများ၊
၁၇။ ၁၉၆၃ ခုနှစ်၊ အများနှင့်သက်ဆိုင်သောပစ္စည်းများ ကာကွယ်စောင့်ရှောက်ရေးဥပဒေအရ ပြစ်မှုများ၊
၁၈။ သတင်းမီဒီယာဥပဒေအရ ပြစ်မှုများ၊
၁၉။ ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေအရ ပြစ်မှုများ၊
၂၀။ ၁၉၄၇ ခုနှစ် မြန်မာနိုင်ငံလူဝင်မှုကြီးကြပ်ရေး (လတ်တလော ပြဋ္ဌာန်းချက်များ)အက်ဥပဒေအရ ပြစ်မှုများ၊
၂၁။ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေး ဥပဒေအရ ပြစ်မှုများ၊
၂၂။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေအရ ပြစ်မှုများ၊
၂၃။ အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရပြစ်မှုများ၊

☆ **ရှေ့ဖုံးမှ**

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် နယ်မြေခံတပ်မတော်ဆေးရုံတွင် တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသည့် အရာရှိ၊ စစ်သည်၊ မိသားစုများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအား လိုက်လံကြည့်ရှုပြီး တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှုအခြေအနေများ၊ ဆေးဝါးကုသပေးထားမှု အခြေအနေများနှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်မှုအခြေအနေများကို ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကား ပြောကြားပြီး စားသောက်ဖွယ်ရာများနှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

**လိုက်လံကြည့်ရှု**

အလားတူ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဇနီးနှင့် အဖွဲ့ဝင်များသည် အမျိုးသမီးနှင့် ကလေးကုသဆောင်များသို့သွားရောက်၍ ဆေးရုံတက်ရောက်ကုသလျက်ရှိသည့် လူနာများအား လိုက်လံကြည့်ရှုအားပေးစကားပြောကြားပြီး ထောက်ပံ့ပစ္စည်းများနှင့် ဆေးရုံအတွက် အလှူငွေများပေးအပ်သည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြပြီး လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၏ ဇနီး ဒေါ်နီလာကျိုင်းတုံမြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံတွင် တက်ရောက်ဆေးကုသမှု ခံယူလျက်ရှိသည့် ကလေးငယ်တစ်ဦးအား စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေ ပေးအပ်စဉ်။

# ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ **ရုံးချိန်အတွင်း** ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဌက္ကဌရုံး(နေပြည်တော်)
(၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
(၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)
(၁) ၀၉-၃၄၉၀၃၅၅၃၄၊ ၀၉-၃၄၉၀၃၈၃၇၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၄၉၀၃၈၃၇၆

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)
(၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၈၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)
(၁) ၀၅၈-၂၀၂၄၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၉၁၀

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)
(၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန်၀၉-၈၉၀၉၃၇၅၇၄

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
(၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
(၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
(၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
(၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
(၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
(၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

(ဍ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
(၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

(ဎ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
(၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
(၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
(၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများအား တိကျစွာဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန်သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများပြုလုပ်ပါက ဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

**ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်**

# တပ်မတော်သားများသည် နိုင်ငံတော်နှင့် ပြည်သူကို သစ္စာခံထားသူများဖြစ်၍ ပြည်သူက အားကိုးရသည့် တိုင်းပြည်ကအားထားရသည့် တပ်မတော်ဖြစ်စေရေး ကြိုးပမ်းဆောင်ရွက်၍ ကျေပွန်စွာ ထမ်းဆောင်

နေပြည်တော် မေ ၂၃

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦးသည် ယမန်နေ့ မွန်းလွဲပိုင်းတွင် ကျိုင်းတုံတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအား တိုင်းစစ်ဌာနချုပ် ပြည်ငြိမ်းအေးခန်းမ၌လည်းကောင်း၊ ယနေ့ မွန်းလွဲပိုင်းတွင် မိုင်းခတ်နှင့် မိုင်းယန်းတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအား မိုင်းခတ်တပ်နယ်ခန်းမ၌လည်းကောင်း သီးခြားစီ တွေ့ဆုံအမှာစကားပြောကြားသည်။





တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး ကျိုင်းတုံတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

အဆိုပါ တွေ့ဆုံပွဲသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဇနီး ဒေါ်နီလာ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး ထိန်ဝင်းနှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီး ထွန်းဝင်းနှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ တြိဂံဒေသတိုင်း စစ်ဌာနချုပ် တိုင်းမှူးနှင့် တပ်နယ်များမှ အရာရှိ၊ စစ်သည်၊ မိသားစုများ တက်ရောက်ကြသည်။

ထိုသို့ တွေ့ဆုံစဉ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမှာစကား ပြောကြားရာတွင် တပ်မတော်သားများ ဖြစ်သည့်အတွက် စည်းကမ်းလိုက်နာမှု၊ အမိန့်နာခံမှုနှင့် စနစ်တကျ နေထိုင်တတ်မှုသည် အရေးကြီးကြောင်း၊ ကွပ်ကဲအုပ်ချုပ်သည့် ခေါင်းဆောင်များအနေဖြင့် မိမိကိုယ်တိုင်ကစ၍ စည်းစနစ်တကျ နေထိုင်ပြီး လက်အောက်ကိုလည်း စည်းကမ်းတကျ ကွပ်ကဲအုပ်ချုပ်ရန် လိုကြောင်း၊ သို့မှသာ ပြည်သူက လေးစားအားကျ ယုံကြည်အားကိုးရသည့် တပ်မတော်သားကောင်းများ ဖြစ်ပေါ်လာမည်ဖြစ်ကြောင်း။

တပ်မတော်၏ကောင်းမွန်သည့် အစဉ်အလာ ကောင်းများကို ဆက်လက် ထိန်းသိမ်းကာကွယ်ရန်မှာ တပ်မတော်သားအားလုံးတွင် တာဝန်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်ရန် အဓိကတာဝန်ရှိပြီး ထိုသို့တာဝန်ထမ်းဆောင်နိုင်ရေး အတွက် တိုက်စွမ်းရည်၊ တိုက်စွမ်းအားများ ပြည့်ဝရမည် ဖြစ်ကြောင်း၊ စွမ်းရည်ရှိသည့် တပ်မတော်သားများဖြစ်စေရေး မိမိတို့တတ်မြောက်ထားသည့် စစ်အတတ်ပညာများကို ကျွမ်းကျင်တတ်မြောက်စွာ အသုံးချနိုင်အောင်၊ ကျန်းမာကြံ့ခိုင်သည့် တပ်မတော်သားများဖြစ်အောင် “လေ့လာ၊ လေ့ကျင့်၊ လိုက်နာ”ဆိုသည့် ဆောင်ပုဒ်အတိုင်း တိတိကျကျ လေ့ကျင့်နေကြရန်လိုကြောင်း။




တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး မိုင်းခတ်နှင့် မိုင်းယန်းတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် စားသောက်ဖွယ်ရာပစ္စည်းများနှင့် ချီးမြှင့်ငွေများ ပေးအပ်စဉ်။

တပ်မတော်အနေဖြင့် စွမ်းရည်သုံးရပ်နှင့်ပြည့်စုံသည့် တပ်မတော်ဖြစ်ရန်လိုအပ်ပြီး စွမ်းရည်ရှိရန် ကျန်းမာကြံ့ခိုင်မှု၊ ကျွမ်းကျင်မှုနှင့် ရဲစွမ်းသတ္တိများရှိအောင် လေ့ကျင့်ဆောင်ရွက်ရမည် ဖြစ်ကြောင်း၊ သင်ယူထားသောစစ်ပညာများကို ကြံ့ရည်ဖန်ရည်ဖြင့် အသုံးချနိုင်ရန် လိုအပ်ကြောင်း၊ စစ်မြေပြင်တွင် တစ်ဦးချင်း၏ တိုက်ပွဲစွမ်းရည်ကို ဟန်ချက်ညီပေါင်းစပ်၍ အဖွဲ့အစည်း၏ တိုက်ပွဲစွမ်းရည်ကို မြှင့်တင်နိုင်ရန် လိုအပ်ကြောင်း၊ ပြောင်းလဲလာသည့် စစ်အတတ်ပညာနှင့် စစ်လက်နက်ပစ္စည်းများကို အမြဲလေ့လာနေရမည်ဖြစ်ပြီး စစ်မြေပြင်တွင် လက်တွေ့အသုံးချနိုင်ရန်လိုကြောင်းနှင့် ပြည်သူက ယုံကြည်အားကိုးရသည့် စွမ်းရည်ပြည့်ဝသောတပ်များ ဖြစ်အောင် အမြဲကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်း၊

မည်သည့်နေရာသို့ ရောက်သည်ဖြစ်စေ၊ မည်သည့်ကိစ္စကို လုပ်ဆောင်သည်ဖြစ်စေ အခြေခံအချက်များနှင့်ပြည့်စုံပြီး ပုံစံတကျ ရှိနေရန်လိုကြောင်း၊ ယူနီဖောင်း ဝတ်ဆင်မှုနှင့် သွားလာလှုပ်ရှားမှုတို့တွင် ပုံစံတကျဖြစ်နေရန်လိုပြီး ယင်းအချက်သည် စစ်ရေးစွမ်းရည်အပိုင်းတွင် များစွာအထောက်အကူပြုကြောင်း၊ စည်းကမ်းဆိုရာတွင် သတ်မှတ်ထားသော ဆံပင်ပုံစံ၊ ဝတ်စားဆင်ယင်မှုမှစ၍ အခြေခံကျကျ အလေးထားလိုက်နာရန်လိုကြောင်း၊ ထို့ပြင် အထက်အောက်လေးစားမှု၊ အမိန့်နာခံမှု၊ သစ္စာရှိမှုကို ဖော်ညွှန်းသည့် အလေးပြုခြင်း စနစ်ကိုလည်း သတ်မှတ်ပုံစံတကျ ဆောင်ရွက်သွားရန်လိုကြောင်း။

တပ်မတော်တွင် အုပ်ချုပ်ရေးစွမ်းရည်သည် အလွန်အရေးကြီးသည့် အခန်းကဏ္ဍတွင်ရှိပြီး အုပ်ချုပ်မှုမကောင်းလျှင် စစ်ရေးစွမ်းရည်နှင့်စည်းရုံးရေး စွမ်းရည်ပါ မကောင်းနိုင်သဖြင့် စွမ်းရည်သုံးရပ်တွင် အုပ်ချုပ်မှုစွမ်းရည်သည် အလွန် အရေးကြီးကြောင်း၊ အုပ်ချုပ်မှုအားနည်းလျှင် စည်းလုံးညီညွတ်မှုကို အားနည်းစေမည်ဖြစ်ကြောင်း၊ အုပ်ချုပ်မှုကောင်းရန် စည်းကမ်း ကောင်းမွန်မှုသည် အရေးကြီးကြောင်း။

အုပ်ချုပ်ရေးနှင့် ပတ်သက်၍ စစ်ဆင်ရေး၊ လုံခြုံရေးနှင့်လေ့ကျင့်ရေးဆိုင်ရာများ အောင်မြင်ရန် အုပ်ချုပ်ရေးသည် အဓိကကျကြောင်း၊ တပ်မတော်ရုံးလုပ်ငန်းများကို ဦး၊ ရေး၊ ထောက် ဒေါက်တိုင် ၃ ရပ်ကောင်းမွန်စွာ လည်ပတ်မှုဖြင့် ထိန်းကျောင်းထားကြောင်း၊ စစ်စည်းကမ်းဆိုင်ရာ စည်းမျဉ်း၊ အမိန့်နှင့် ညွှန်ကြားချက်များကို လိုက်နာ၍ ဦး၊ ရေး၊ ထောက်လုပ်ငန်းများကို ဟန်ချက်ညီ ထိန်းကျောင်းသွားရန် လိုကြောင်း၊ အုပ်ချုပ်ရေးပိုင်းကို ပိုင်နိုင်စွာ ဆောင်ရွက်နိုင်ခြင်းဖြင့် အရာရှိ၊ စစ်သည်၊ မိသားစုများ၏ သက်သာချောင်ချိမှုကိုလည်း ထိရောက်စွာ လုပ်ဆောင်နိုင်မည် ဖြစ်ကြောင်း။

တပ်မတော်သည် အဆင့်ဆင့် ကွပ်ကဲအုပ်ချုပ်သော အဖွဲ့အစည်း ဖြစ်သည့်အတွက် ခေါင်းဆောင်မှုပိုင်းသည် အလွန်အရေးကြီးကြောင်း၊ တပ်မတော်တွင် အဆင့်ဆင့် သတင်းပို့တင်ပြမှုသည် အရေးကြီးသည့်အတွက် မှန်မှန်ကန်ကန်ဖြင့် အတ္တ၊ ပရ ညီညွတ်မျှတစွာ သတင်းပို့တင်ပြရန် လိုကြောင်း၊ တာဝန်ရှိသူ အဆင့်ဆင့်ကလည်း လက်အောက်ကသတင်းပို့တင်ပြမှုများအပေါ် အရေးတယူ မှန်မှန်ကန်ကန် ဆောင်ရွက်ပေးကြရန် လိုကြောင်း။

တပ်တွင်းစည်းလုံးညီညွတ်ရေးများတွင် ဦးဆောင်သူများသည် မှန်ကန်သော ဦးဆောင်မှုများ လုပ်ဆောင်သွားရန်လိုပြီး မှန်ကန်သော ဦးဆောင်မှုဆိုသည်မှာ ခေါင်းဆောင်မှု အင်္ဂါရပ်များနှင့် ကိုက်ညီလုပ်ဆောင်ရန်လိုကြောင်း၊ တပ်မတော်သားများအနေဖြင့် စစ်စည်းကမ်းနှင့်အညီ နေထိုင်ကျင့်ကြံရမည် ဖြစ်ပြီး တစ်ဦးချင်းနှင့် အဖွဲ့အစည်းအပေါ် ထိခိုက်စေနိုင်သည့် လုပ်ကိုင်ပြုမူနေထိုင်မှုများကို ရှောင်ကြဉ်ကြရန် လိုကြောင်း၊ အသောက်အစား အပျော်အပါးများကြောင့် မိမိတို့တစ်ဦးချင်း စွမ်းဆောင်ရည်များနှင့် မိမိတို့၏ မိသားစု၊ အဖွဲ့အစည်းအပေါ်တွင် ထိခိုက်မှုမရှိအောင် ထိန်းထိန်းသိမ်းသိမ်းနေထိုင်ကြရမည်ဖြစ်ကြောင်း။

တပ်မတော် အနေဖြင့် တပ်မတော်သားများနှင့် မိသားစုဝင်များ၏ သက်သာချောင်ချိရေးအတွက် နေရေး၊ စားရေး၊ ဝတ်ရေး၊ ကျန်းမာရေးနှင့် အခြားအထွေထွေလိုအပ်ချက်များကို တတ်စွမ်းသရွေ့ အမြဲမပြတ်ဖြည့်ဆည်းပေးလျက်ရှိပြီး ထိုက်သင့်သည့် ချီးမြှင့်မှုများနှင့်လိုအပ်သည့် သက်သာချောင်ချိရေး ကိစ္စရပ်များကို

စာမျက်နှာ ၆ သို့ ☆



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး တြိဂံဒေသတိုင်းစစ်ဌာနချုပ် စိုက်ပျိုး/မွေးမြူရေးဇုန်တွင် ကြည့်ရှုစစ်ဆေးစဉ်။

☆ စာမျက်နှာ ၅ မှ

## ☆ ပြောင်းလဲလာသည့် စစ်အတတ်ပညာနှင့် စစ်လက်နက်ပစ္စည်းများကို အမြဲလေ့လာနေရမည်ဖြစ်ပြီး စစ်မြေပြင်တွင် လက်တွေ့အသုံးချနိုင်ရန်လို

## ☆ ပြည်သူကယုံကြည်အားကိုးရသည့် စွမ်းရည်ပြည့်ဝသောတပ်များဖြစ်အောင် အမြဲကြိုးပမ်းဆောင်ရွက်သွားကြရန်လို

ဖြည့်ဆည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ထို့ပြင် တပ်ပိုင်နှင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုး/မွေးမြူရေးလုပ်ငန်းများကို အောင်မြင်အောင် ဆောင်ရွက်ကြရေး တိုက်တွန်းလိုကြောင်း၊ ထိုသို့ ဆောင်ရွက်ခြင်းဖြင့် မိသားစု၏ စားဝတ်နေရေးကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုစေမည်ဖြစ်ပြီး သက်သာချောင်ချိမှုဖြစ်ပေါ်နိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် တပ်မတော်သားများနှင့် မိသားစုဝင်များ၏ သက်သာချောင်ချိရေးကိစ္စရပ်များကို တာဝန်ရှိသူများအနေဖြင့် စနစ်တကျ ဖော်ဆောင်ပေးသွားရန် အလေးထားမှာကြားလိုကြောင်း၊ အုပ်ချုပ်မှုနှင့် သက်သာချောင်ချိမှုများ အားကောင်းပါက စိတ်ဓာတ်သည်လည်း အလိုလိုအားကောင်းလာမည်ဖြစ်ကြောင်း။

အရာရှိ၊ စစ်သည်များအနေဖြင့် မိမိဝင်ငွေနှင့်ထွက်ငွေကို မျှတစွာ သုံးစွဲတတ်ရန်လိုအပ်ပြီး တာဝန်ရှိသူများကလည်း သက်သာချောင်ချိမှုများ ဖြည့်ဆည်းဆောင်ရွက်ပေးရန် လိုအပ်မည်ဖြစ်ကြောင်း၊ ဝင်ငွေနှင့်ထွက်ငွေ မျှတစေရေး၊ ခြိုးခြံချွေတာရန် လိုအပ်သကဲ့သို့ မလိုလားအပ်ဘဲ အပိုကုန်ကျနိုင်မည့် အပျော်အပါး၊ လောင်းကစားမှုဆိုင်ရာ ကိစ္စစသည့် ဆောင်ရန်၊ ရှောင်ရန် အချက်များကိုလည်း အရာရှိ၊ စစ်သည်၊ မိသားစုများ လိုက်နာရန် လိုအပ်ကြောင်း။

တပ်မတော် အနေဖြင့် တပ်မတော်သား မိသားစုဝင်များ၏ သားသမီးများသာမက တပ်မတော်သားများ၏ ပညာရည်မြင့်မားစေရေး အတွက်လည်း ဆောင်ရွက်ပေးလျက်ရှိပြီး ပညာရည်မြင့်မားစေရေး အတွက် လိုအပ်သည်များ စဉ်ဆက်မပြတ်ပံ့ပိုး ဆောင်ရွက်ပေးလျက်ရှိသဖြင့် သက်ဆိုင်ရာ တာဝန်ရှိသူများ၊ မိဘများအနေဖြင့်လည်း စစ်သည်များ၊ ကလေးငယ်များ၏ ပညာရည်မြင့်မားရေးကို အလေးပေး ဆောင်ရွက်ကြရန်၊ တပ်မတော်သားများ၏ သား/သမီးအားလုံးကို KG+9 အဆင့်အထိ အနည်းဆုံး တတ်မြောက်အောင် ဝိုင်းဝန်းကြိုးစားဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ KG+9 တက်ရောက်အောင်မြင်ပြီးသူများ အနေဖြင့်လည်း စက်မှုသိပ္ပံကျောင်းများ၊ စိုက်ပျိုးရေး သိပ္ပံကျောင်းများ၊ မွေးမြူရေး သိပ္ပံကျောင်းများသို့ ဆက်လက် တက်ရောက်နိုင်မည်ဖြစ်သဖြင့် တာဝန်ရှိသူများအနေဖြင့် အခွင့်အလမ်းများရရှိအောင် စီမံဆောင်ရွက်ပေးကြရန် လိုကြောင်း။

တပ်မတော်သား များသည် သစ္စာအဓိဋ္ဌာန်(၄)ချက်ကို ရွတ်ဆိုနေကြသူများဖြစ်ပြီး နိုင်ငံတော်နှင့် ပြည်သူကို သစ္စာခံထားသူများဖြစ်၍ ၂၄ နာရီပေးအပ်သည့် အမိန့်နှင့် တာဝန်များကို သင်ကြားလေ့ကျင့်ပေးသည့် စစ်ပညာရပ်များကို အသုံးချ၍ ပြည်သူကအားကိုးရသည့်၊ တိုင်းပြည်က အားထားရသည့် တပ်မတော်ဖြစ်စေရေး ကြိုးပမ်းဆောင်ရွက်၍ ကျေပွန်စွာထမ်းဆောင်နိုင်ရန် လိုကြောင်း ပြောကြားပြီး အရာရှိ၊ စစ်သည်၊ မိသားစုများ၏ လိုအပ်ချက်များကို မေးမြန်းကာ လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တပ်နယ်များမှ အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် စားသောက်ဖွယ်ရာပစ္စည်းများနှင့် ချီးမြှင့်ငွေများကို ပေးအပ်ရာ တိုင်းမှူးနှင့် တပ်နယ်မှူးတို့က လည်းကောင်း၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်၏ ဇနီးက တပ်နယ်များရှိ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအတွက် ချီးမြှင့်ငွေများကို ပေးအပ်ရာ တိုင်းမှူး၏ဇနီးနှင့် တပ်နယ်မှူး၏ဇနီးက လည်းကောင်း လက်ခံရယူကြသည်။

တွေ့ဆုံပွဲအပြီးတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီး၊ အဖွဲ့ဝင်များသည် တက်ရောက်လာကြသည့် အရာရှိ၊ စစ်သည် မိသားစုများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြသည်။

ထို့ပြင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ယမန်နေ့ ညနေပိုင်းတွင်လည်း တြိဂံဒေသ တိုင်းစစ်ဌာနချုပ် စိုက်ပျိုး/မွေးမြူရေးဇုန်အတွင်းရှိ နို့စားနွား၊ အသားတိုးနွား၊ DYL ဝက်၊ ငါး၊ ဥစားကြက်၊ အသားစားကြက်၊ ကာကီကင်းဘဲများ၊ ဒေသကြက်များ မွေးမြူထားရှိမှုနှင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီ(NSPNC) အဖွဲ့ဝင်များ တွေ့ဆုံ၍ လုပ်ငန်းစဉ်များ ဆွေးနွေး

**နေပြည်တော် မေ ၂၃**

နိုင်ငံတော်အစိုးရ အနေဖြင့် ပြည်တွင်းငြိမ်းချမ်းရေး ခိုင်မာစေရန်နှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်နိုင်ရေး အတွက် အမျိုးသားပြန်လည်သင့်မြတ်ရေးကို ရှေးရှုလျက် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများနှင့် တွေ့ဆုံဆွေးနွေးမှု အရှိန်အဟုန်ကို မြှင့်တင်ဆောင်ရွက်လျက်ရှိရာ ပိုမိုထိရောက်သောလုပ်ငန်းစဉ်များ ချမှတ်နိုင်ရန်နှင့် ရရှိပြီး ဆွေးနွေးမှုရလဒ်များကို လက်တွေ့ကျကျ အကောင်အထည်ဖော်နိုင်မည့် နည်းလမ်းများ ရှာဖွေဖော်ထုတ်ရန် ရည်ရွယ်၍ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီ(NSPNC) အဖွဲ့ဝင်များတွေ့ဆုံ၍ လုပ်ငန်းစဉ်များ ဆွေးနွေးခြင်းကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ M Gallery ဟိုတယ်၌ ကျင်းပသည်။



**တက်ရောက်**

အစည်းအဝေးသို့ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးမင်းနိုင်နှင့် ကော်မတီဝင် ပြည်ထောင်စုဝန်ကြီး ငါးဦးအပါအဝင် ကော်မတီဝင် စုစုပေါင်း ၁၈ ဦး တက်ရောက်ကြသည်။

အစည်းအဝေးတွင် ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်က အဖွင့်အမှာစကားပြောကြားရာတွင် ညှိနှိုင်းရေးကော်မတီကို ၂၀၂၁ ခုနှစ်ကတည်းက စတင်ဖွဲ့စည်းခဲ့ကြောင်း၊ NCA လက်မှတ် ရေးထိုးထားသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ခုနစ်ဖွဲ့၊ NCA လက်မှတ်မရေးထိုးရသေးသည့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့သုံးဖွဲ့တို့နှင့်လည်း တွေ့ဆုံဆွေးနွေးခဲ့ကြောင်း၊ ယခင် NCA အရ ငြိမ်းချမ်းရေးကို ဆောင်ရွက်ရန် UPDJC၊ JMC တို့ဖြင့် ဖွဲ့စည်းထားရှိပြီး ToR၊ SOP တို့ဖြင့် ဆောင်ရွက်ခဲ့ကြောင်း၊ JMCတွင်လူသားချင်းစာနာမှုအကူအညီများ ပေးအပ်ရန် ပါရှိသဖြင့် JMC အရပ်သားကိုယ်စားလှယ်များနှင့် JMC–TSC တို့ဖြင့် လူသားချင်းစာနာမှုဆိုင်ရာ ကူညီထောက်ပံ့မှုများအား လိုအပ်သူများထံသို့ ရရှိအောင်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ လက်ရှိတွင် ရွေးကောက်ခံအစိုးရအဖွဲ့၊ လွှတ်တော် ကိုယ်စားလှယ်များရှိပြီဖြစ်သဖြင့် NCA လက်မှတ်ရေးထိုးထားသော တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများနှင့် UPDJC၊ JMC လုပ်ငန်းစဉ်များအား ပြန်လည်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ညှိနှိုင်းရေးကော်မတီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးမင်းနိုင်က ယနေ့အစည်းအဝေးသည် အသစ်ပြန်လည်ဖွဲ့စည်းထားသည့် ညှိနှိုင်းရေးကော်မတီ အဖွဲ့ဝင်များတွေ့ဆုံခြင်းဖြစ်ကြောင်း၊ NSPNC အနေဖြင့် နိုင်ငံတော်အစိုးရ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအား နိုင်ငံတော်၏ မူဝါဒများနှင့်အညီ အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် အစည်းအဝေးကို ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း၊ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်တွင် ယုံကြည်မှု တည်ဆောက်ခြင်းအချက်တစ်ခုဖြစ်သည့် လူသားချင်းစာနာမှုအကူအညီများ ထောက်ပံ့ပေးခြင်းကို အမှန်တကယ်လိုအပ်သည့် ပြည်သူများထံ JMC နှင့် ပေါင်းစပ်၍ ဖြည့်ဆည်းပေးခဲ့ကြောင်း၊ ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံများမှ သဘောတူညီထားပြီး ပြည်ထောင်စုလွှတ်တော်က အတည်ပြုထားသည့် အစိတ်အပိုင်း ၁၊ ၂၊ ၃ ပါ သဘောတူညီချက် ၇၂ ချက်အား ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် အခြားတည်ဆဲဥပဒေများနှင့် ကိုက်ညီမှု ရှိ၊ မရှိ စိစစ်ဆောင်ရွက်ပြီး ဆက်လက် အကောင်အထည်ဖော် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ NSPNC အဖွဲ့ဝင်သစ်များအနေဖြင့်လည်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ အကောင်အထည်ဖော်နိုင်မည့် နည်းလမ်းများအား အကြံပြုဆွေးနွေး ပေးစေလိုကြောင်း ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ တက်ရောက်လာသည့် ကော်မတီဝင်များက ဆွေးနွေးရာတွင် နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်မှုသည် တိုင်းပြည်တည်ငြိမ်အေးချမ်းရေး အတွက် အထောက်အကူ ဖြစ်ကြောင်း၊ အမျိုးသား စည်းလုံးညီညွတ်ရေးသည် အရေးကြီးကြောင်း၊ NCA သည် ငြိမ်းချမ်းရေးအတွက် အကောင်းဆုံး ဖြစ်သည်ကို အကောင်အထည်ဖော်ဆောင်ရွက်မှုများနှင့် ပြသရန်လိုကြောင်း၊ ယခင်ငြိမ်းချမ်းရေး လုပ်ငန်းစဉ်တွင် ပါဝင်ခဲ့ကြသည့် လူပုဂ္ဂိုလ်များပါဝင်သည့် စေ့စပ်ညှိနှိုင်းမည့် အဖွဲ့များ ဖွဲ့စည်းဆောင်ရွက်သင့်ကြောင်း၊ အိမ်နီးချင်းနိုင်ငံများ၏ အကူအညီလည်း ရယူဆောင်ရွက်သွားသင့်ကြောင်း၊ ဆွေးနွေးရာတွင် အမှားကို ထောက်ပြခြင်းထက် အမှန်လမ်းကြောင်းကို ချပြဆွေးနွေးသင့်ကြောင်း၊ ငြိမ်းချမ်းရေး အကျိုးဆောင်များ ရွေးချယ်ဆောင်ရွက်ခြင်းမျိုး ပြုလုပ်သင့်ကြောင်း၊ ဆွေးနွေးမှုများတွင် ပြည်သူလူထုအသံ ပိုမိုပါဝင်အောင် ဆောင်ရွက်သင့်ကြောင်း၊ လူသားချင်းစာနာ ထောက်ထားမှုများ ဆက်လက်ဆောင်ရွက်ပေးရန် လိုကြောင်း၊ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်ရန်အတွက် ပညာရေး၊ သတင်းအချက်အလက် ဖြန့်ဝေခြင်းများ ဆောင်ရွက်ရန်လိုကြောင်း၊ ငြိမ်းချမ်းရေးသည် ဖွံ့ဖြိုးတိုးတက်မှု၏ အခြေခံအုတ်မြစ်ဖြစ်ကြောင်း၊ နယ်ပယ်အသီးသီးမှ အသိပညာရှင်၊ အတတ်ပညာရှင်များ၏ အားကိုလည်း ရယူရန်လိုကြောင်း၊ ပဋိပက္ခဒေသရှိ ဒေသခံများ၏ အားကိုလည်း အသုံးချဆောင်ရွက်သွားရမည် ဖြစ်ကြောင်း၊ မီဒီယာကဏ္ဍအား တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၊ ဒေသအတွင်းရှိပြည်သူလူထုများထံ ရောက်ရှိအောင် ဆောင်ရွက်ရမည် ဖြစ်ကြောင်း အကြံပြုဆွေးနွေးကြသည်။

ယင်းနောက် ကော်မတီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး မင်းနိုင်က ဆွေးနွေးချက်များအပေါ် ပြန်လည်ရှင်းလင်း ဆွေးနွေးပြီး ညှိနှိုင်းရေးကော်မတီ ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်က နိဂုံးချုပ် အမှာစကားပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

**သတင်းစဉ်**

# ငြိမ်းချမ်းရေးအတွက်ဖိတ်ခေါ်ချက်နှင့် ဥပဒေဘောင်အတွင်းဝင်ရောက်ရေး တိုက်တွန်းနှိုးဆော်ချက်တို့နှင့်စပ်လျဉ်း၍ ဆက်သွယ်ဆောင်ရွက်နိုင်

၁။ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီက လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းရန်နှင့် နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းရန်အတွက် ကြိုတင်ကန့်သတ်ချက်များမထားသည့် ငြိမ်းချမ်းရေးဆွေးနွေးမှုများပြုလုပ်ရန် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများကို ဖိတ်ခေါ်ထားပြီး PDF အမည်ခံအဖွဲ့အစည်းအသီးသီးတို့သည်လည်း နိုင်ငံတော်အစိုးရ၏ ကမ်းလှမ်းဖိတ်ခေါ်သည့်အတိုင်း ဥပဒေဘောင်အတွင်း အမြန်ဆုံးပြန်လည် ခိုလှုံဝင်ရောက်ရန် နှိုးဆော်တိုက်တွန်းထားရာ ဆက်သွယ်ဆောင်ရွက်လိုပါက အောက်ပါတိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိအမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုလုပ်ငန်းကော်မတီအဖွဲ့ဝင်ရုံး ဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) **လုပ်ငန်းကော်မတီရုံး (နေပြည်တော်)**
- (၁) ၀၃၂-၃၀၀၃၇၊ ၀၃၂-၃၀၁၅၅၊ ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၆၁၁၉၈၅၅၄၊ ၀၉-၂၆၁၁၇၉၀၀၅

(ခ) **လုပ်ငန်းကော်မတီအဖွဲ့ဝင်ရုံး (ကချင်ပြည်နယ်)**
- (၁) ၀၉-၃၉၁၀၁၆၆၉၊ ၀၉-၃၉၁၀၁၈၁၇၊ ၀၁-၃၃၃၁၆၃၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၅၄၃၆၇၈၇၊ ၀၉-၂၆၁၁၇၉၀၂၂

(ဂ) **လုပ်ငန်းကော်မတီအဖွဲ့ဝင်ရုံး (ကယားပြည်နယ်)**
- (၁) ၀၃၄-၃၂၁၃၁၊ ၀၃၄-၃၇၃၀၅၊ ၀၃၄-၃၇၃၀၆၊ ၀၃၄-၃၇၃၁၄
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၆၄၃၈၀၇၀၇၊ ၀၉-၈၈၅၆၀၄၅၄၅

(ဃ) **လုပ်ငန်းကော်မတီအဖွဲ့ဝင်ရုံး (ကရင်ပြည်နယ်)**
- (၁) ၀၃၇-၃၆၄၀၈၊ ၀၃၇-၃၆၂၀၇၊ ၀၅၈-၂၀၂၄၃၇၊ ၀၅၈-၂၀၂၄၃၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၄၂၅၂၉၄၃၅၁၊ ၀၉-၈၉၃၃၃၇၅၇၅

(င) **လုပ်ငန်းကော်မတီအဖွဲ့ဝင်ရုံး (ချင်းပြည်နယ်)**
- (၁) ၀၃၃-၃၂၁၃၄၊ ၀၃၃-၆၀၅၃၄၊ ၀၁-၃၃၃၆၆၀၀
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၄၀၀၇၂၄၈၉၉၊ ၀၉-၂၅၄၉၄၈၇၅၄

(စ) **လုပ်ငန်းကော်မတီအဖွဲ့ဝင်ရုံး (စစ်ကိုင်းတိုင်းဒေသကြီး)**
- (၁) ၀၃၃-၃၂၃၆၆၊ ၀၃၃-၃၁၂၁၂၊ ၀၇၁-၂၀၃၂၅၃၁
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၈၄၆၇၀၂၄၊ ၀၉-၂၆၁၁၇၉၁၀၂

(ဆ) **လုပ်ငန်းကော်မတီအဖွဲ့ဝင်ရုံး (တနင်္သာရီတိုင်းဒေသကြီး)**
- (၁) ၀၃၇-၄၀၀၀၅၊ ၀၉-၆၉၆၇၁၁၅၇၇၊ ၀၅၉-၂၀၂၃၆၂၄၊ ၀၅၉-၂၀၂၃၆၂၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၈၄၇၇၁၁၁၊ ၀၉-၆၉၅၁၁၇၆၇၆၊ ၀၉-၂၅၆၄၈၀၂၉၅

(ဇ) **လုပ်ငန်းကော်မတီအဖွဲ့ဝင်ရုံး (ပဲခူးတိုင်းဒေသကြီး)**
- (၁) ၀၃၂-၃၃၁၄၃၊ ၀၃၂-၃၃၁၄၆၊ ၀၅၂-၂၂၀၁၈၀၀၊ ၀၅၂-၂၂၀၀၇၈၉၊
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၄၅၅၅၄၂၁၈၆၊ ၀၉-၈၉၉၆၂၃၈၆၆

(ဈ) **လုပ်ငန်းကော်မတီအဖွဲ့ဝင်ရုံး (မကွေးတိုင်းဒေသကြီး)**
- (၁) ၀၃၂-၃၁၀၄၆၊ ၀၃၂-၃၂၆၁၀၊ ၀၆၃-၂၀၂၈၈၇၇၊ ၀၆၃-၂၀၂၆၆၃၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၃၀၅၂၅၈၀၊ ၀၉-၂၆၁၁၇၉၁၆၇၊ ၀၉-၂၅၅၀၀၂၅၁၀

(ည) **လုပ်ငန်းကော်မတီအဖွဲ့ဝင်ရုံး (မန္တလေးတိုင်းဒေသကြီး)**
- (၁) ၀၃၃-၃၃၀၅၃၊ ၀၃၃-၃၃၁၄၇၊ ၀၂-၄၀၂၄၉၈၂၊ ၀၂-၄၀၃၉၀၈၁
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၇၀၁၀၉၇၉၇၊ ၀၉-၄၅၅၃၆၅၁၇၁

(ဋ) **လုပ်ငန်းကော်မတီအဖွဲ့ဝင်ရုံး (မွန်ပြည်နယ်)**
- (၁) ၀၃၇-၃၀၀၄၈၊ ၀၃၇-၃၀၀၁၁၊ ၀၅၇-၂၀၂၇၉၁၀၊ ၀၅၇-၂၀၂၇၉၁၁
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၅၉၃၂၃၂၀၊ ၀၉-၄၂၆၂၇၆၃၀၅

(ဌ) **လုပ်ငန်းကော်မတီအဖွဲ့ဝင်ရုံး (ရခိုင်ပြည်နယ်)**
- (၁) ၀၃၂-၃၁၇၇၇၊ ၀၃၂-၃၁၇၁၁၊ ၀၉-၈၉၉၆၂၁၄၂၀
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၅၃၇၆၂၆၉၊ ၀၉-၈၉၉၆၄၁၉၂၁

(ဍ) **လုပ်ငန်းကော်မတီအဖွဲ့ဝင်ရုံး (ရန်ကုန်တိုင်းဒေသကြီး)**
- (၁) ၀၃၁-၂၅၉၃၆၊ ၀၃၁-၂၅၉၄၄၊ ၀၁-၈၃၀၁၂၀၅၊ ၀၁-၈၂၂၁၀၁၇၊
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၀၇၈၈၂၁၆၊ ၀၉-၄၄၃၄၄၀၁၁၃

(ဎ) **လုပ်ငန်းကော်မတီအဖွဲ့ဝင်ရုံး (ရှမ်းပြည်နယ်)**
- (၁) ၀၉-၃၉၁၀၄၆၇၀၊ ၀၃၄-၃၈၆၁၂၊ ၀၃၄-၃၃၁၀၄၊ ၀၈၁-၂၂၀၁၉၂၂
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၇၂၂၇၃၃၁၂၊ ၀၉-၂၅၂၇၉၈၈၅၉

(ဏ) **လုပ်ငန်းကော်မတီအဖွဲ့ဝင်ရုံး (ဧရာဝတီတိုင်းဒေသကြီး)**
- (၁) ၀၃၁-၂၁၁၂၁၊ ၀၃၁-၂၁၀၀၃၊ ၀၄၂ - ၂၃၆၇၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၂၁၂၆၈၀၁၊ ၀၉-၉၇၁၀၉၅၀၅၀

၂။ အပြုသဘောဆောင်သည့် ဆက်သွယ်လာမှုများကို လက်ခံဖြေကြား၍ ဆက်လက်ဆောင်ရွက်ရမည်များကို ရှင်းလင်းပြောကြားပေးခြင်း၊ သက်ဆိုင်ရာကော်မတီ၊ အဖွဲ့အစည်းများနှင့် ဆက်သွယ်ပေးခြင်းတို့ကို ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ထုတ်ပြန်အပ်ပါသည်။

**အမျိုးသားစည်းလုံးညီညွတ်ရေးနှင့်ငြိမ်းချမ်းရေးဖော်ဆောင်မှုလုပ်ငန်းကော်မတီ**

# နိုင်ငံတော်သမ္မတ၏ လမ်းညွှန်မှာကြားချက်များနှင့် ရက်(၁၀၀)အတွင်း ဆောင်ရွက်မည့် ကျန်းမာရေးလုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်း

**နေပြည်တော် မေ ၂၃**

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးသည် ဆေးတက္ကသိုလ်များနှင့် ဆေးပညာနှီးနွှယ်တက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ ပါမောက္ခ/ဌာနမှူးများ၊ ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ သင်ကြားရေးနှင့် ကုသရေးမှ တာဝန်ရှိသူများအား ယနေ့တွင် ဝန်ကြီးဌာနအစည်းအဝေးခန်းမ၌တွေ့ဆုံ၍ နိုင်ငံတော်သမ္မတ၏ လမ်းညွှန်မှာကြားချက်များ၊ ရက် (၁၀၀) အတွင်း ဆောင်ရွက်မည့် ကျန်းမာရေးလုပ်ငန်းများ၊ ဘွဲ့လွန်ဆေးပညာသင်ကြားရေးနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်သမ္မတ၏ လမ်းညွှန်မှာကြားချက်တွင် နိုင်ငံတော်၏ အနာဂတ်ကာလတွင် ပညာရေးနှင့် ကျန်းမာရေးကဏ္ဍကို အဓိကဦးစားပေးအနေဖြင့် အခြေခံမှစ၍ တိုးမြှင့်ဆောင်ရွက်သွားမည်ဟု လမ်းညွှန်မှာကြားပါကြောင်း၊ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ကျန်းမာရေးအဆင့်မြှင့်တင်ရေးလုပ်ငန်းများကို ထိရောက်သည့် မူဝါဒများချမှတ်အကောင်အထည်ဖော်သည့်နေရာတွင် ပြည်သူလူထုကို တိုက်ရိုက်အကျိုးပြုသည့် ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများဖြစ်ရန်၊ လူတိုင်းလက်လှမ်းမီသည့် ကျန်းမာရေးစောင့်ရှောက်မှု Universal Health Coverage (UHC)ရရှိရန် ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် အလေးထားဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

နိုင်ငံတော်နှင့် ပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျန်းမာရေးသည် အခြေခံလိုအပ်ချက်ဖြစ်သည့်အတွက် ပြည်သူလူထုကို တိုက်ရိုက်အကျိုးပြုသည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ဦးစားပေးဆောင်ရွက်သွားမည်ဖြစ်ပြီး လူတိုင်းသက်တမ်းစေ့ အသက်ရှည်စွာနေနိုင်ရေး နိုင်ငံသားများ၏ မျှော်မှန်းသက်တမ်းတိုးမြှင့်လာစေရေးအတွက် ဝန်ကြီးဌာနအနေဖြင့် ဘက်ပေါင်းစုံမှ စဉ်းစား၍ မြှင့်တင်ဆောင်ရွက်သွားမည်ဖြစ်ပါ



ကြောင်း၊ ရက်(၁၀၀)စီမံချက်အနေဖြင့် နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးမြို့ရှိ နှလုံးဆေးကုဌာနများတွင် တရုတ်နိုင်ငံနှင့် ပူးပေါင်း၍ နှလုံးရောဂါအန္တရာယ် အကဲဖြတ်စနစ်နှင့် ဆေးကုသမှုများအား လူဦးရေ ၁၀၀၀၀၀ အတွက် စတင်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ လုံခြုံတည်ငြိမ်အေးချမ်းမှုရှိသော ကျေးရွာတိုင်း၌ ကျန်းမာရေးအသိပညာပေးလုပ်ငန်းများကို ရက်(၁၀၀)စီမံချက်တွင် တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ နေပြည်တော်နှင့် တိုင်းဒေသကြီး/ပြည်နယ် ၁၄ ခု၌ သူနာပြုသင်တန်းကျောင်း ၁၅ ကျောင်းကို သူနာပြုသိပ္ပံများအဖြစ် အဆင့်မြှင့်တင်ဖွင့်လှစ်သွားမည် ဖြစ်ပါကြောင်း၊ ပြည်သူ့ဆေးရုံကြီးများတွင် လက်ရှိဆောင်ရွက်လျက်ရှိသည့် နိုင်ငံ့ဝန်ထမ်းများနှင့် နိုင်ငံ့ဝန်ထမ်း အငြိမ်းစားများအတွက် အခမဲ့ ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ဘွဲ့လွန်ဆေးပညာသင်ကြားရေးနှင့် ပတ်သက်၍ အရည်အသွေးပြည့်မီသော အထူးကုဆရာဝန်များဖြစ်စေရန်အတွက် ဘွဲ့လွန်ရရှိရေးသည် အရေးကြီးသကဲ့သို့ ကျင့်ဝတ်နှင့်ကိုက်ညီပြီး နိုင်ငံတော်အပေါ် သစ္စာရှိသော၊ ပြည်သူလူထုအား အလုပ်အကျွေးပြုသော ကျန်းမာရေးဝန်ထမ်းများဖြစ်ရန် အထူးလိုအပ်ပါကြောင်း၊ ပါမောက္ခချုပ်များ၊ ပါမောက္ခ/ဌာနမှူးများ၊ သင်ကြားရေးနှင့် ကုသရေး တာဝန်ရှိသူများအနေဖြင့် ဆေးပညာသင်ကြားရေးအပြင် ဆေးကုသမှုလုပ်ငန်းများတွင်ပါ စံပြ (Role Model) အနေဖြင့် နေထိုင်ပြုမူကျင့်ကြံဆောင်ရွက်ရန်လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် ဘွဲ့လွန်ဆေးပညာသင်ကြားရေးအဖွဲ့ (၁/၂၀၂၆) အစည်းအဝေးကို ဆက်လက်ကျင်းပရာ ပြည်ထောင်စုဝန်ကြီးက ၂၀၂၇ ပညာသင်နှစ်၌ ဆေးတက္ကသိုလ်များနှင့် ဆေးပညာနှီးနွှယ်တက္ကသိုလ်များတွင်ဖွင့်လှစ်မည့် ဘွဲ့လွန်ဆေးပညာသင်တန်းများအလိုက် ဝင်ခွင့်အရည်အချင်း သတ်မှတ်ချက်များ၊ တက္ကသိုလ်အလိုက် အများဆုံးလက်ခံသင်ကြားပေးနိုင်မည့် လျာထားဦးရေနှင့် လူတွေ့နှုတ်ဖြေ အမှတ်ပေး "မူ" သတ်မှတ်ခြင်းကိစ္စရပ်များကို အသေးစိတ်ဆွေးနွေးသွားမည်ဖြစ်ပြီး ယနေ့အစည်းအဝေးမှ ထွက်ပေါ်လာသော သဘောတူဆုံးဖြတ်ချက်များအတိုင်း အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် ဘွဲ့လွန်ဆေးပညာသင်ကြားရေးအဖွဲ့ဥက္ကဋ္ဌ၊ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်တို့က ရှင်းလင်းတင်ပြဆွေးနွေးပြီး ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် (သင်ကြားရေး) က ၂၀၂၇ ပညာသင်နှစ် ဘွဲ့လွန်ဆေးပညာသင်တန်းများ ဝင်ခွင့်ခေါ်ယူရေးကိစ္စရပ်များ၊ ဝင်ခွင့်ခေါ်ယူမည့် လုပ်ငန်းအစီအစဉ်နှင့် ဘာသာရပ်အလိုက် လျာထားဦးရေသတ်မှတ်ရန်ကိစ္စများကို တင်ပြရာ တက်ရောက်လာကြသည့် ညွှန်ကြားရေးမှူးချုပ်များ၊ ဆေးတက္ကသိုလ်များနှင့် ဆေးပညာနှီးနွှယ်တက္ကသိုလ်များ၊ တပ်မတော်ဆေးတက္ကသိုလ်မှ ပါမောက္ခချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ဘွဲ့လွန်ဆေးပညာသင်ကြားရေးအဖွဲ့ဝင်များဖြစ်သော ပါမောက္ခ/ဌာနမှူးများနှင့် တာဝန်ရှိသူများက ဝိုင်းဝန်းဆွေးနွေးကြသည်။

ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန ဆေးတက္ကသိုလ်များနှင့် ဆေးပညာနှီးနွှယ်တက္ကသိုလ်များတွင် ဘွဲ့လွန်သင်တန်းများကို ၁၉၆၄ ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့ရာ ယနေ့အထိ ဒီပလိုမာသင်တန်း ၁၈ ခု၊ မဟာသိပ္ပံသင်တန်း ၆၀ နှင့် ပါရဂူဘွဲ့သင်တန်း ၆၆ ခု စုစုပေါင်း ၁၄၄ ခု ဖွင့်လှစ်နိုင်ခဲ့ပြီး ၂၀၂၆ ခုနှစ် မတ် ၃၁ ရက်အထိ ဘွဲ့လွန်သင်တန်းများမှ ဒီပလိုမာဘွဲ့ ရရှိသူပေါင်း ၄၀၁၈ ဦး၊ မဟာသိပ္ပံဘွဲ့ ရရှိသူပေါင်း ၁၁၇၅၉ ဦးနှင့် ပါရဂူဘွဲ့ ရရှိသူပေါင်း ၁၇၆၃ ဦး စုစုပေါင်း ၁၇၅၄၀ ကို မွေးထုတ်ပေးနိုင်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# သီးနှံများတွင် ဓာတ်မြေသြဇာအသုံးပြုမှု အစားထိုးနည်းပညာများ (အပိုင်း-၂)

**မောင်ပြေ (ဆင်ပေါင်ဝဲ)**

**တောင်သူဦးကြီးများ၏ သီးနှံစိုက်ပျိုးရေးအတွက် ဓာတ်မြေသြဇာအစားထိုးသုံးစွဲမှု နည်းပညာများစွာရှိသည့်အနက် နည်းပညာအသစ်တစ်ခုအနေဖြင့် စားမြုံ့ပြန်တိရစ္ဆာန်အစာအဖြစ် ပဲမျိုးရင်းဝင်အပင်များ စိုက်ပျိုးထုတ်လုပ်ပြီး ပူးတွဲဆောင်ရွက်အသုံးပြုနေခြင်းအကြောင်းကို ဆက်လက်ရေးသားဆွေးနွေးလိုပါသည်။ (တကယ်တော့ နိုင်ငံတကာတွင် ဆောင်ရွက်နေသည်မှာ ကြာလှပါပြီ။)**

ပထမဆုံး စိုက်ပျိုး၊ မွေးမြူရေးတွင် ပဲမျိုးနွယ်ပင်များ အရေးပါပုံကို အရင်ဆွေးနွေးရအောင်ပါ။ Agriculture ၏ အဓိပ္ပာယ်မှာ စိုက်ပျိုး၊ မွေးမြူရေးဖြစ်ပါသည်။

ဤပဲပင်များသည် စိုက်ပျိုးမွေးမြူရေးတွင် ရှေးပဝေသဏီကတည်းက အသုံးပြုနေသောအပင်များဖြစ်ပါသည်။ အာဟာရဓာတ်တစ်ခုဖြစ်သော ပရိုတင်းမှာ နှံစားသီးနှံများထက် ပဲမျိုးစုံသီးနှံများက ၂ - ၃ ဆ ပို၍ပါဝင်ပါသည်။ ကမ္ဘာပေါ်တွင် ပဲမျိုးနွယ်ဝင်အပင်များသည် တတိယအများဆုံးပန်းပွင့်ပေးသော အပင်များဖြစ်ပြီး မျိုးစုပေါင်း ၆၅၀ ကျော်၊ မျိုးစိတ်ပေါင်း ၁၈၀၀၀ ကျော်ရှိသော မျိုးရင်းအကြီးကြီး ဖြစ်ပါသည်။

**စိုက်ပျိုးထုတ်လုပ်ရေးတွင် နိုက်ထရိုဂျင်သည် အလိုအပ်ဆုံး အာဟာရဓာတ်ဖြစ်ပြီး** ဤလိုအပ်ချက်ကို အပင်များအတွက် နည်းလမ်းလေးမျိုးဖြင့် ရရှိနိုင်ပါသည်-

(က) မြေဆီလွှာအော်ဂဲနစ်ဓာတ်ပစ္စည်းများ ပြိုကွဲမှုမှ ရရှိနိုင်ခြင်း၊
(ခ) နိုက်ထရိုဂျင်ပါဝင်သော ဓာတ်မြေသြဇာများမှ ရရှိနိုင်ခြင်း၊
(ဂ) ပဲမျိုးရင်းဝင်အပင်များ၌ရှိနေသော အကျိုးပြုဇက်တီးရီးယားများက လေထဲမှ နိုက်ထရိုဂျင်ကို ဇီဝနည်းဖြင့် ဖမ်းယူပေးခြင်း၊
(ဃ) အပူပိုင်းမြက်များ၏ အဏုဇီဝပိုးများက နိုက်ထရိုဂျင်ဖမ်းယူပေးခြင်း စသည်တို့ဖြစ်ပါသည်။

သြစတြေးလျနိုင်ငံ၌ ၁၉၈၈ ခုနှစ်က နိုက်ထရိုဂျင်ဓာတ်မြေသြဇာ တန်ပေါင်း ၃၅၀၀၀ အသုံးပြုနေချိန်တွင် ဇီဝနည်းဖြင့် နိုက်ထရိုဂျင်ဖမ်းယူနည်း (Biological Nitrogen Fixation)အရ တန်ချိန် ၁ ဒသမ ၂ သန်း ဖမ်းယူရရှိသည်ဟူ၍ သုတေသနပြုချက်အရ တွေ့ရှိခဲ့ရပါသည်။ အထွက်ကောင်းပြီး ကြီးထွားနှုန်းကောင်းသည့် ပဲမျိုးနွယ်ပင်မျိုးသည် တစ်ဟက်တာလျှင် တစ်နှစ် နိုက်ထရိုဂျင် တန် ၅၀၀ အထိ လေထဲမှ ဖမ်းယူပေးနိုင်ပါသည်။

ယခင်က ပဲမျိုးရင်းဝင်သစ်ပင်များကို သစ်တောနှင့် စိုက်ပျိုးရေးခွဲခြားမရ၍ သုတေသနပညာရှင် တော်တော်များများက လေ့လာမှု မလုပ်ဘဲ ပစ်ထားခဲ့ပါသည်။ သို့ရာတွင် ယခုတော့ ဤအပင်များ စိုက်ပျိုးပေးခြင်းအားဖြင့် အဓိကအားသာသောအချက်များမှာ-

(၁) သက်တမ်းရှည်၍ ထိန်းသိမ်းရာတွင် အခက်အခဲမရှိပါ။ သို့ဖြစ်၍ ရေရှည်တည်တံ့ ခိုင်မြဲမှုရှိပါသည်။
(၂) အရည်အသွေးကောင်းမွန်သော တိရစ္ဆာန်အစားအစာဖြစ်ပါသည်။
(၃) အမြစ်နက်နက်ဆင်းနိုင်၍ တောင်စောင်းမြေများ စိုက်ပျိုးရာတွင် မြေဆီလွှာတိုက်စားမှုကာကွယ်ရန် အလွန်သင့်တော်ပါသည်။
(၄) သီးနှံစိုက်ပျိုးစနစ်တွင် နိုက်ထရိုဂျင်များစွာ ဖြည့်တင်းပေးနိုင်သော မြေဖုံးသီးနှံဖြစ်ပါသည်။
(၅) ပတ်ဝန်းကျင်ဆိုးရွားသော ဆားပေါက်မြေ မိုးခေါင်ရေရှားဒေသများအတွက် အလွန်အသုံးဝင်ပါသည်။
(၆) ကျေးလက်လူထုအတွက် သစ်အစားထိုးနှင့် ထင်းအဖြစ် အသုံးဝင်ပါသည်။



မြေနိမ့်ချယ်ရီပန်းပွင့်များ။

(၇) ခြံစည်းရိုးပင်အဖြစ်လည်းကောင်း၊ နှစ်ရှည်ပင်များအတွက် အရိပ်ပင်နှင့် နွယ်တက်သော စိုက်ပျိုးပင်များအတွက် စင်အဖြစ်လည်းကောင်း အထောက်အပံ့ဖြစ်စေပါသည်။ ထိုကောင်းကျိုးများကြောင့် တစ်ကမ္ဘာလုံး များပြားစွာ သုတေသနပြု အသုံးပြုလာပါပြီ။

(က) ပထမဦးစွာ တိရစ္ဆာန်အစားအစာအဖြစ် အသုံးပြုပုံကို ကြည့်ကြရအောင်ပါ။

တိရစ္ဆာန်တို့ကို လွှတ်ကျောင်းရာတွင် ဘာသာရပ်ဆိုင်ရာအသုံးအနှုန်း (Terminology)နှစ်ခု ရှိပါသည်-

- **Grazing။** တိရစ္ဆာန်များက မြက်၊ ပဲများကို စားကျက်မြေတွင် သူ့အလိုအလျောက် ဆွဲယူစားသုံးခြင်း၊ (ဥပမာ - နွား၊ ကျွဲ)
- **Browsing။** တိရစ္ဆာန်များက သစ်ပင်၊ ချုံပင်များရှိ အရွက်၊ အညွန့်နု၊ အဖူး၊ ပင်စည်ငယ်စသည့်အခြေအနေများကို သူ့အလိုအလျောက် ဆွဲယူစားသုံးခြင်း၊ (ဥပမာ - ဆိတ်)

အာဖရိကတိုက်၏ တိရစ္ဆာန်အစာ ၇၅ ရာခိုင်နှုန်းမှာ သစ်ပင်၊ ချုံပင်များ ဖြစ်ပါသည်။ အစာအာဟာရအရည်အသွေးမှာ အကောင်းဆုံး ဘောစကိုင်းပင် (မိမိုဆင်း - Mimosine များစွာပါဝင်မှု အဆိပ်အတောက်ဖြစ်မှု - Toxicity ကိုတော့ ထိန်းသိမ်းရပါမည်။)မှ အညံ့ဆုံး သြစတြေးလျအကေးရှားမျိုးများ (most Australian Acacia species) အထိရှိပါသည်။ အရည်အသွေးညံ့ရခြင်းမှာ တင်နင်(Tannins) ပါဝင်မှုများ၍ တိရစ္ဆာန်များအစာကြေညက်နိုင်မှု အားနည်းသွားနိုင်ပါသည်။

(ခ) **ထင်းအစားထိုးလောင်စာအဖြစ် အသုံးပြုနိုင်ခြင်း။** သုတေသနပြုလုပ်ချက်အရ တစ်ကမ္ဘာလုံး သစ်တောသစ်ပင်များ နှစ်စဉ်ခုတ်ယူမှု၏ တစ်ဝက်ကျော်ကျော်မှာ ချက်ပြုတ်ရန်နှင့် ဆောင်းတွင်းအပူပေးရန်တို့အတွက် သုံးစွဲနေရသည်ကို တွေ့ရှိနေရပါသည်။ ပဲမျိုးနွယ်သစ်ပင်ကြီးများသုံးစွဲမှုသည် နှစ်စဉ် ပိုမိုတိုးတက်လာရခြင်းအကြောင်းမှာ-

- * အကြီးမြန်ခြင်း၊
- * လေထဲမှ နိုက်ထရိုဂျင်ဖမ်းယူနိုင်စွမ်းရှိခြင်း၊
- * စိုက်ခင်းစတင်တည်ထောင်ရန်လွယ်ကူခြင်း၊
- * အချိန်တိုအတွင်း သစ်တော၊ ချုံနွယ်ဖြစ်သွားခြင်း၊
- * ကယ်လိုရီတန်ဖိုးမြင့်သော သစ်ပင်များဖြစ်ခြင်း၊
- * မီးရှို့လျှင် အဆိပ်အတောက်ဓာတ်ပစ္စည်းများ မထွက်ခြင်း၊
- * ပတ်ဝန်းကျင်အခြေအနေအမျိုးမျိုးတွင် ပေါက်ရောက်ဖြစ်ထွန်းနိုင်ခြင်း၊
- * အခြေအနေအရ အမျိုးမျိုးသုံးစွဲနိုင်ခြင်း စသည်တို့ဖြစ်ပါသည်။

(ဂ) **ပဲမျိုးနွယ်ပင်သစ်ပင်ကြီးများ စိုက်ပျိုးခြင်းဖြင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကို ကာကွယ်ပေးနိုင်ခြင်း။** လူသားများနှင့် တိရစ္ဆာန်များ၏ လိုအပ်သည်ထက်ပို၍ အမြတ်ထုတ်မှုကြောင့် သစ်ပင်ကြီးများ၊ ချုံပင်များပျက်စီးကာ လွင်တီးခေါင်ပြင်၊ သဲကန္တာရများ ဖြစ်ပေါ်နေပါသည်။ သစ်ပင်များမရှိ၍ မိုးခေါင်၊ ရာသီဥတုဖောက်ပြန်ခြင်းကို အကြီးမြန် ပဲမျိုးရင်းဝင် အပင်များစွာ စိုက်ပျိုးပေးခြင်းဖြင့် ထိန်းသိမ်းပေးနိုင်ပါလိမ့်မည်။ တစ်ဖန် တောင်စောင်းများ မြေဆီလွှာတိုက်စားရာတွင် ပဲမျိုးနွယ်ပင်၏ အမြစ်များက မြေဆီလွှာဆုံးရှုံးမှုမဖြစ်အောင် ကုပ်တွယ်ပေးထားပါလိမ့်မည်။ တောင်စောင်းဒေသ စိုက်ပျိုးနည်းပညာဖြင့်လည်း ပဲမျိုးနွယ်သစ်ပင်ကြီးများကို စိုက်ပျိုးပြီး ကြားဝင်ငွေရသီးနှံများစွာကို စိုက်ပျိုးဝင်ငွေရရှိနိုင်ပါသည်။

**သီးနှံသစ်တောစိုက်ခင်းတွင် အများဆုံးအသုံးပြုသော ပဲမျိုးနွယ်သစ်ပင်များမှာ**

(၁) ဘောစကိုင်း (ခေါ်) အဝေရာပင် - လူကေးနား (Leucaena leucocephala) ဖြစ်ပါသည်။ (နောက်ဆောင်းပါးတွင်မှ ရေးပါမည်)
(၂) မြေနိမ့်ချယ်ရီပင်အကြောင်း စတင်လေ့လာရအောင်ပါ။ ဤအပင်သည် အလယ်အလတ်တန်းစားသစ်ပင်ဖြစ်ပြီး အပင်အမြင့် ၃၀ - ၃၅ ပေခန့် ရှိနိုင်ပါသည်။ အကြီးမြန်နိုက်ထရိုဂျင်ဖမ်းယူပေးသော အပင်ဖြစ်ရုံမက ကိုမာရင်ဓာတ် (Coumarin) အနံ့ဆိုးကြောင့် ခြင်ပြေးစေသော အပင်ဖြစ်ပါသည်။ ဤအပင်၏ အရွက်ထွက်နှုန်းမှာ ဘောစကိုင်းထက်ပိုပါသည်။ ဤအပင်၏ အားသာချက် နောက်တစ်ခုမှာ ဆစ်လစ်ဖျက်ပိုး (Complete resistance to defoliating Psyllid – Heteropsylla cubana) ဒဏ် ခံနိုင်ရည်ရှိသည့်အတွက် ဘောစကိုင်းထက် ရေပန်းစားခေတ်စားလာသောအပင် ဖြစ်လာပါသည်။ အပင်က ဆူးမပါပါ။ စိုက်ပြီး ခြောက်လမှ ရှစ်လအကြာ သီတင်းကျွတ်ပြီးချိန်တွင် ပန်းများစတင်ပွင့်ပြီး မတ်လလောက်အထိ ပွင့်သီးနိုင်ပါသည်။

စာမျက်နှာ ၉ သို့ ◆

❝ မြေနိမ့်ချယ်ရီပင်သည် အလယ်အလတ်တန်းစားသစ်ပင်ဖြစ်ပြီး အပင် အမြင့် ၃၀ - ၃၅ ပေခန့် ရှိနိုင်ပါသည်။ အကြီးမြန် နိုက်ထရိုဂျင်ဖမ်းယူပေးသော အပင်ဖြစ်ရုံမက ကိုမာရင်ဓာတ် (Coumarin) အနံ့ဆိုးကြောင့် ခြင်ပြေးစေသော အပင်ဖြစ်ပါသည်။ ဤအပင်၏ အရွက်ထွက်နှုန်းမှာ ဘောစကိုင်းထက်ပိုပါသည်။ သီးနှံအထွက်တိုးရေး အထောက်အကူပြုအပင်နှင့် သစ်ရွက်စိမ်းမြေသြဇာအဖြစ်လည်း အသုံးပြုနိုင်ပါသည်။ ထိုအပင်၏ အရွက်များကိုခြွေ၍ မြေကြီးထဲသို့ ထည့်ပေးခြင်းဖြင့် သစ်စိမ်းမြေသြဇာဖြစ် ❞



မြေနိမ့်ချယ်ရီပင်။

# တောင်သူလယ်သမားဦးကြီးများသို့ အသိပေးကြေညာချက်

၁။ နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်၏ ၂၀၂၆ ခုနှစ်၊ ဧပြီလ ၁၀ ရက် နံနက်ပိုင်းတွင် ကျင်းပပြုလုပ်သော အစိုးရအဖွဲ့၊ ကတိသစ္စာပြုပွဲအခမ်းအနားနှင့် ယင်းနေ့မွန်းလွဲပိုင်းတွင် ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ နိုင်ငံတော်သမ္မတမိန့်ခွန်းနာခံခြင်းနှင့် ကတိသစ္စာပြုခြင်းအခမ်းအနားတို့တွင် "ပြည်သူများဆင်းရဲနွမ်းပါးမှုလျှော့ချရေးနှင့် တောင်သူလယ်သမားများ၏ဘဝ မြှင့်တင်ရေးသည် အဓိကကျတဲ့ ဦးစားပေးလုပ်ငန်းစဉ်တစ်ရပ်ဖြစ်ကြောင်း၊ ကျေးလက်နေပြည်သူအများစုဟာ စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းတွေအပေါ် အဓိကမှီခိုနေရသူများဖြစ်၍ တောင်သူလယ်သမားများ၏ဘဝ မြှင့်တင်ဖို့နှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ဖို့အတွက် စီမံဆောင်ရွက်သွားမှာဖြစ်ကြောင်း" လမ်းညွှန်မိန့်ကြားခဲ့ပါသည်။

၂။ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်သည် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ တောင်သူလယ်သမားဦးကြီးများ၏ စိုက်ပျိုးရေးဆိုင်ရာအရင်းအနှီးများရရှိစေရန် နှစ်စဉ်စိုက်ပျိုးစရိတ်ချေးငွေများနှင့် ဖွံ့ဖြိုးရေးချေးငွေများကို နိုင်ငံတော်မူဝါဒ၊ လမ်းညွှန်ချက်များနှင့်အညီ သက်သာသောအတိုးနှုန်းဖြင့် ပံ့ပိုးထုတ်ချေးပေးလျက်ရှိပါသည်။

၃။ ၂၀၂၆ ခုနှစ်၊ ဧပြီလ ၂၀ ရက်နေ့မှစတင်ဆောင်ရွက်မည့်အစိုးရအဖွဲ့၏ ရက်ပေါင်း ၁၀၀ အတွင်း Quick Win ရရှိစေမည့်အစီအစဉ်များတွင် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနက တောင်သူများသို့ စိုက်ပျိုးစရိတ်ချေးငွေတိုးမြှင့်ထုတ်ချေးမည့်အစီအစဉ်လည်းပါဝင်ရာ ချေးငွေအတိုးနှုန်းကို ယခင်အတိုင်းပြောင်းလဲမှုမရှိဘဲ ၁ နှစ်လျှင် ၅ % ဖြင့် သီးနှံအမျိုးအစားအလိုက် ၁ ဧကလျှင် အောက်ပါနှုန်းထားအတိုင်း တိုးမြှင့်ထုတ်ချေးသွားမည်ဖြစ်ပါသည် -

| စဉ် | သီးနှံအမျိုးအစား | လက်ရှိချေးငွေနှုန်းထား | တိုးမြှင့်ထုတ်ချေးမည့်နှုန်းထား |
|---|---|---|---|
| (က) | စပါး၊ ဂျုံနှင့် ချည်မျှင်ရှည်ဝါ (မျိုးစေ့ထုတ်) | ကျပ် ၁၅၀,၀၀၀ | ကျပ် ၃၀၀,၀၀၀ |
| (ခ) | အခြားသီးနှံ(၁၈)မျိုး | ကျပ် ၁၀၀,၀၀၀ | ကျပ် ၂၅၀,၀၀၀ |
| (ဂ) | ပန်းနှမ်း၊ ဆီမုန်ညင်း၊ ဂုန်လျှော် | ကျပ် ၁၀၀,၀၀၀ | ကျပ် ၁၅၀,၀၀၀ |

၄။ ထို့အပြင်လယ်ယာစိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့်စက်မှုလုပ်ငန်း(Agro-based Industry) ကို တည်ဆောက်ရာတွင် အထောက်အကူပြုနိုင်ရန်အတွက် တောင်သူလယ်သမားများနှင့် စိုက်ပျိုးရေးလုပ်ကိုင်သူလုပ်ငန်းရှင်များလိုအပ်သော လယ်ယာသုံးစက်ကိရိယာများကို သက်သာသော အတိုးနှုန်းဖြင့် ဝယ်ယူနိုင်စေရန် တန်ဖိုးနည်းလက်တွန်းထွန်စက်၊ ရေစုပ်စက်၊ ရေတင်စက်မှအစ တန်ဖိုးမြင့်မားသော အခြောက်ခံစက်(Dryer)၊ သိုလှောင်ရုံ(Silo)၊ ဆန်စက်များစသည့်လယ်ယာသုံးစက်ကိရိယာများကို အတိုးနှုန်း ၆% ၊ ချေးငွေပမာဏ ကျပ်သိန်း ၃၀၀၀ အထိတစ်ကဏ္ဍ၊ ကျပ်သိန်း ၃၀၀၀ အထက်တစ်ကဏ္ဍ တိုးမြှင့်ထုတ်ချေးပေးမည်ဖြစ်ပါသည်။

၅။ ၂၀၂၆ မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများအား မိုးရာသီစိုက်ပျိုးချိန်အမီ ၁၂ - ၅ - ၂၀၂၆ ရက်နေ့မှ စတင်၍ ထုတ်ချေးမည်ဖြစ်ရာ ယခင်ချေးငွေများပြေကျေစွာပေးဆပ်ပြီးသည့် တောင်သူလယ်သမားဦးကြီးများအနေဖြင့် ၂၀၂၆ မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများအချိန်မီရရှိနိုင်ရေးနှင့် လယ်ယာသုံးစက်ကိရိယာချေးငွေများရယူလိုသော တောင်သူများနှင့် စိုက်ပျိုးရေးလုပ်ငန်းရှင်များအနေဖြင့် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်သက်ဆိုင်ရာ ခရိုင်/မြို့နယ်ဘဏ်ခွဲများသို့ အမြန်ဆုံး ဆက်သွယ်ကြပါရန် အသိပေးအကြောင်း ကြားအပ်ပါသည်။

**ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန**



မြေနိမ့်ချယ်ရီပင်အား ခြံစည်းရိုးတိုင်အဖြစ် အသုံးပြုထားသည်ကို တွေ့ရစဉ်။

◆ စာမျက်နှာ ၈ မှ

**အသုံးပြုပုံများ**

ဤအပင်ကို

(က) ထင်းအဖြစ် အသုံးပြုနိုင်ပါသည်။ ယင်းသည် ဖြည်းညင်းစွာမီးလောင်နိုင်ပြီး အပူတန်ဖိုး တစ်ကီလို ၁၉ ဒသမ ၈ မက်ဂါဂျိုး (19.8 MJ/kg)အထိ ရရှိနိုင်ပါသည်။ တစ်နှစ်လျှင် တစ်ဟက်တာ ထင်း ၆ ဒသမ ၃ တန်အထိ ထွက်နိုင်ပါသည်။

(ခ) ဆောက်လုပ်ရေးသုံးတိုင်နှင့် သက်ရှိခြံစည်းရိုးတိုင်အဖြစ် အသုံးပြုနိုင်ပါသည်။ ယင်းသည် ခြံတိုင်အဖြစ် တစ်ပေမှ ခြောက်ပေအကွာနှင့် အချင်း ခြောက်လက်မ ကျင်းတူး၍ တိုက်ရိုက်စိုက်ပျိုးသွားနိုင်ပါသည်။

(ဂ) သီးနှံအထွက်တိုးရေး အထောက်အကူပြုအပင်နှင့် သစ်ရွက်စိမ်းမြေဩဇာအဖြစ်လည်း အသုံးပြုနိုင်ပါသည်။ ထိုအပင်၏ အရွက်များကို ခြွေ၍ မြေကြီးထဲသို့ ထည့်ပေးခြင်းဖြင့် သစ်စိမ်းမြေဩဇာ ဖြစ်သွားပါသည်။

(ဃ) အရိပ်ပင်အဖြစ် ကော်ဖီစိုက်ပျိုးရေးနှင့် ကိုကိုး(Cocoa) စိုက်ပျိုးရာတွင် အပင်ငယ်စဉ် အရိပ်ပင်အဖြစ် အသုံးပြုနိုင်ပါသည်။

(င) တိရစ္ဆာန်အစာအဖြစ် အသုံးပြုရာတွင် အရွက်အခြောက်ထုတ်လုပ်မှုသည် တစ်နှစ် တစ်ဟက်တာ နှစ်တန်မှ တန် ၂၀ အထိ ထွက်ရှိနိုင်ပါသည်။

(စ) ပျားမွေးမြူရေးအတွက် ဤအပင်၏ ပန်းပွင့်များက ပျားဝတ်မှုန်ကူးရာတွင် အသုံးပြုခြင်းဖြင့် ထိုမြေနိမ့်ချယ်ရီပင်အနေဖြင့် တောင်သူအကျိုးပြုလုပ်ငန်းများ များစွာ အသုံးပြုနိုင်ပါသည်။

**(မှတ်ချက်။ အခြားအသုံးဝင်သော ပဲမျိုးရင်းဝင်သစ်ပင်၊ ချုံပင်များအကြောင်း ဆက်ရေးပါဦးမည်။ )**

**စာရေးသူ၏အတွေး**

နိုင်ငံတကာတွင် စိုက်ပျိုး၊ မွေးမြူ သစ်တောကဏ္ဍများသည် တစ်ခုတည်း၊ တစ်နေရာတည်းဖြစ်ပါသည်။ သို့ဖြစ်၍ ဥပမာ- သီးနှံ-မွေးမြူ-သစ်တောစိုက်ပျိုးပြုစုခြင်း (Agroforestry) ပညာရပ်ကို စုပေါင်းဆောင်ရွက်ကြပြီး တက္ကသိုလ်များမှ ဘွဲ့၊ မဟာသိပ္ပံဘွဲ့၊ ပါရဂူဘွဲ့အစီအစဉ်များစွာ စုပေါင်းဘွဲ့ပေးနေကြပါသည်။

တက္ကသိုလ်များမှ နိုင်ငံအလိုက်၊ ရေ၊ မြေ၊ ဒေသ၊ ရာသီဥတုကွဲပြားမှုအလိုက် ဘွဲ့လွန်သုတေသနများစွာ ပြုလုပ်နေကြပါသည်။ တွေ့ရှိချက်များမှ တောင်သူလယ်သမားဦးကြီးများ၏ မြေဆီလွှာအာဟာရဓာတ် ပြန်လည်ပြည့်ဖြိုးလာရေးကို ဦးစားပေးရင်း တစ်ချက်ခုတ်၊ နှစ်ချက်ပြတ် **ဓာတ်မြေဩဇာအစားထိုးလုပ်ငန်းများကို** ရေရှည်ဆောင်ရွက်လျက်ရှိနေကြပါသည်။

နိုင်ငံတကာတွင် စိုက်ပျိုးရေးနှင့် မွေးမြူရေးတွဲဖက်ထားသော စားကျက်ပဲ စိုက်ပျိုးပြုစုထုတ်လုပ်ရေးကို ရှေးနှစ်ပေါင်းများစွာကတည်းက ဆောင်ရွက်နေကြပုံ၊ အသား၊ နို့ထုတ်လုပ်မှုလည်း တိုးတက်၊ မြေဆီလွှာအာဟာရဓာတ်လည်း တိုးတက်လာနေပုံများကိုလည်း ဆက်လက်ရေးသား ဆွေးနွေးပါဦးမည်။ ။

**မှီငြမ်းကိုးကား -**

**Gutteridge, R.C. and Shelton, H.M. (1994). Tropical Tree Legumes. CAB International. 313p.**

## ပဲခူးတိုင်းဒေသကြီး သမဝါယမကဏ္ဍက ငါးများ မွေးမြူထုတ်လုပ်

**ပဲခူး ဧပြီ ၂၃**

သမဝါယမကဏ္ဍက ရေထွက်ကုန်ပစ္စည်းများကို စားသုံးသူပြည်သူများ ဈေးနှုန်းချိုသာစွာဖြင့် လွယ်လင့်တကူ ဝယ်ယူစားသုံးနိုင်ရေးအတွက် ဖြန့်ဖြူးရောင်းချပေးလျက်ရှိရာ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ပဲခူး၊ တောင်ငူ၊ ကျောက်တံခါး၊ လက်ပံတန်းနှင့် သဲကုန်းမြို့နယ်များရှိ ငါးကုန်ထုတ်သမဝါယမအသင်းတို့၏ အသင်းပိုင်ငါးကန်များ၌ ငါးမျိုးစုံ မွေးမြူထားရှိသည်။

အဆိုပါ အသင်းပိုင်ငါးကန်များအနက် တောင်ငူမြို့နယ် ကေတုမတီ ငါးကုန်ထုတ်သမဝါယမအသင်းနှင့် သဲကုန်းမြို့နယ် ချမ်းမြေ့ငါးမွေးမြူရေး ကုန်ထုတ်သမဝါယမအသင်းတို့၏ ငါးမွေးမြူရေးကန်များမှ ငါးမြစ်ချင်း၊ ငါးမုတ်၊ ငါးတန်၊ မြက်စား၊ တီလားဗီးယား၊ ငါးခေါင်းပွနှင့် ငါးကြင်း ပိဿာချိန် ၁၄၄၁၆ ဒသမ ၂၀၀ ပိဿာကို စားသုံးသူပြည်သူများ ဝယ်ယူစားသုံးနိုင်ရန်အတွက် လက်လီလက်ကား ဖြန့်ဖြူးရောင်းချပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## တနင်္သာရီမြို့နယ်၌ သစ်တောထိန်းသိမ်းရေး၊ တောမီးကာကွယ်ရေးနှင့် မီးခိုးမြူငွေ့ညစ်ညမ်းမှုလျှော့ချရေးဆိုင်ရာ အသိပညာပေးဟောပြော

**တနင်္သာရီ ဧပြီ ၂၃**

တနင်္သာရီ တိုင်းဒေသကြီး တနင်္သာရီမြို့နယ်တွင် မြို့နယ်သစ်တောဦးစီးဌာနက သစ်တောသယံဇာတများ ရေရှည်တည်တံ့စေရေး၊ တောမီးဖြစ်ပွားမှုလျော့နည်းစေရေးနှင့် မီးခိုးမြူငွေ့ကြောင့် ဖြစ်ပေါ်လာနိုင်သော ပတ်ဝန်းကျင် ညစ်ညမ်းမှုများကို လျှော့ချနိုင်ရေးအတွက် ယနေ့မွန်းလွဲပိုင်းက မြို့နယ်သစ်တောဦးစီးဌာန၌ အသိပညာပေးဟောပြောသည်။



ဦးစွာ မြို့နယ်သစ်တောဦးစီးဌာန တောအုပ် ဦးဇေယျာမိုးက သစ်တော ထိန်းသိမ်းရေးနှင့် ပတ်သက်၍ ရှင်းလင်းဟောပြောသည်။ ဆက်လက်၍ တနင်္သာရီမြို့နယ် သစ်တောဦးစီးဌာနမှ တောအုပ် ဦးမောင်မောင်ကျော်က တောမီး လောင်ကျွမ်းမှုကြောင့် လေထုအတွင်း မီးခိုးမြူငွေ့များ တိုးပွားလာကာ လူ့ကျန်းမာရေးနှင့် သဘာဝပတ်ဝန်းကျင်အပေါ် ဆိုးကျိုးများ ဖြစ်ပေါ်စေနိုင်ကြောင်း၊ မီးရှို့ခြင်းအလေ့အထများကို လျှော့ချကာ ပတ်ဝန်းကျင်နှင့်ကိုက်ညီသည့် နည်းလမ်းများကို အသုံးပြုသင့်ကြောင်း အသိပညာပေး ဆွေးနွေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ဝါးမှ ချည်ချောထုတ်လုပ်နိုင်ရေးနှင့်စပ်လျဉ်းသည့် အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

## ဝါးမှ ချည်ချောထုတ်လုပ်ရာတွင် အသေးစား၊ အငယ်စားနှင့် အလတ်စားအလိုက် ဆောင်ရွက်နိုင်မည့်အခြေအနေများဆွေးနွေး



နေပြည်တော် မေ ၂၃

နိုင်ငံတော်သမ္မတ၏ လမ်းညွှန်ချက်အရ ဝါးမှ ချည်ချောထုတ်လုပ်နိုင်ရေးနှင့် စပ်လျဉ်းသည့် အလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန ရုံးအမှတ်(၃၀) အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ချာလီသန်း၊ ဒုတိယဝန်ကြီး ဦးသွင်အောင်နှင့် ဒေါက်တာအောင်ဇေယျ၊ ဆက်စပ်ဝန်ကြီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ပုဂ္ဂလိကအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက အလုပ်ရုံဆွေးနွေးပွဲကို သက်ဆိုင်ရာဌာနများမှ ပညာရှင်များက ဝါးမှ ချည်မျှင်ထုတ်လုပ်သည့် ကဏ္ဍအလိုက် တင်ပြခြင်းများ၊ အဖွဲ့လိုက်ဆွေးနွေးခြင်းတို့ဖြင့် ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း၊ အဖွဲ့လိုက်ဆွေးနွေးရာတွင် ဝါးမှ ချည်ချောထုတ်လုပ်မှု လုပ်ငန်းစဉ်တစ်လျှောက် ဆက်စပ်ဆောင်ရွက်ရမည့် လုပ်ငန်းကဏ္ဍများနှင့် စပ်လျဉ်း၍ ဝါးကုန်ကြမ်းကွင်းဆက်နှင့် စိုက်ပျိုးထုတ်လုပ်မှုကဏ္ဍ၊ နည်းပညာနှင့် ထုတ်လုပ်မှုနည်းစဉ်ကဏ္ဍ၊ စက်ပစ္စည်းနှင့် ချည်ချောထုတ်လုပ်မှုကဏ္ဍ၊ ရင်းနှီးမြှုပ်နှံမှုနှင့် မူဝါဒရေးရာကဏ္ဍ စသည့် အုပ်စုလေးစုဖြင့် ခွဲခြားဆွေးနွေးသွားမည်ဖြစ်ကြောင်း။

အုပ်စုများတွင် သက်ဆိုင်ရာဌာနအသီးသီးမှ ကိုယ်စားလှယ်များ ပါဝင်ဆွေးနွေးသွားမည်ဖြစ်ကြောင်း၊ အုပ်စု(၁)အနေဖြင့် ဝါးကုန်ကြမ်း ကွင်းဆက်နှင့် စိုက်ပျိုးထုတ်လုပ်မှုကဏ္ဍနှင့် ပတ်သက်ပြီး ကုန်ကြမ်းအရည်အသွေးနှင့် မျိုးရွေးချယ်မှု၊ စိုက်ပျိုးမှုစနစ်နှင့် ရေရှည်တည်တံ့မှု၊ ကုန်ကြမ်း စုဆောင်းမှုနှင့် သယ်ယူပို့ဆောင်ရေး စသည့် အချက်များကိုလည်းကောင်း၊ အုပ်စု(၂)အနေဖြင့် နည်းပညာနှင့် ထုတ်လုပ်မှုနည်းစဉ်များနှင့် ပတ်သက်၍ ဝါးမှ Textile – Grade Fiber ဖြစ်အောင် ဆောင်ရွက်မည့်နည်းလမ်းများ၊ မြန်မာနိုင်ငံအတွက် အဆင်ပြေသင့်တော်မည့် နည်းလမ်း၊ အဆိုပါနည်းလမ်း၏ထုတ်လုပ်မှု နည်းစဉ်၊ အသုံးပြုရမည့် စက်ကိရိယာများ၊ စက်များရရှိနိုင်မှုအခြေအနေနှင့် အဆင့်မြှင့်တင်ဆောင်ရွက်ရမည့် နည်းလမ်းများ၊ အရည်အသွေးထိန်းကျောင်း စစ်ဆေးသင့်သည့် အချက်များ၊ သဘာဝပတ်ဝန်းကျင်ထိခိုက်မှု မရှိစေရေးစီမံဆောင်ရွက်သင့်သည့်အချက်များ၊ မြန်မာနိုင်ငံရှိ MSME များအနေဖြင့် ဝါးမှ ချည်ချောထုတ်လုပ်ရာတွင် အသေးစား၊ အငယ်စားနှင့် အလတ်စားအလိုက် ဆောင်ရွက်နိုင်မည့်အခြေအနေများ စသည့်အချက်များကိုလည်းကောင်း၊ အုပ်စု(၃) အနေဖြင့် စက်ပစ္စည်းနှင့် ချည်ချောထုတ်လုပ်မှုကဏ္ဍနှင့် ပတ်သက်၍ ကုန်ကြမ်းပြင်ဆင်ခြင်း၊ စက်ကိရိယာနှင့် နည်းပညာ၊ ထုတ်လုပ်မှုလုပ်ငန်းစဉ်၊ ကုန်ကျစရိတ်၊ စိန်ခေါ်မှုနှင့် ဖြေရှင်းမည့်နည်းလမ်းများ စသည့် အချက်များကိုလည်းကောင်း၊ အုပ်စု(၄) အနေဖြင့် ရင်းနှီးမြှုပ်နှံမှုနှင့် မူဝါဒရေးရာကဏ္ဍနှင့်ပတ်သက်၍ မူဝါဒရေးရာ၊ ဌာနအချင်းချင်း ပူးပေါင်းဆောင်ရွက်မှု၊ ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်း၊ ဘဏ္ဍာရေးဆိုင်ရာ အထောက်အပံ့များ၊ သက်ရောက်မှုများလျှော့ချရေးနှင့် စီမံချက် (Action Plan) အကောင်အထည်ဖော်ရေး စသည့်အချက်များကိုလည်းကောင်း ဆွေးနွေးသွားမည်ဖြစ်ကြောင်း၊ နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကိုဖော်ဆောင်ရာတွင် အစိုးရ – ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုသည် အရေးကြီးကြောင်း၊ ဝါးမှ ချည်ချောထုတ်လုပ်သည့်လုပ်ငန်းကို အစိုးရ၏ ရက် ၁၀၀ စီမံကိန်းအတွင်း ပြီးစီးအောင် အထူးကိစ္စရပ်တစ်ခုအနေဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ယနေ့ တက်ရောက်လာကြသူများအနေဖြင့် နိုင်ငံတော်သမ္မတ၏ လမ်းညွှန်ချက်နှင့်အညီ ဝါးမှ ချည်ချောထုတ်လုပ်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲတွင် မိမိတို့၏ကဏ္ဍအလိုက် ပါဝင်ဆွေးနွေးခြင်းဖြင့် အနာဂတ်နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ပူးပေါင်းဆောင်ရွက်ကြရန် ဆန္ဒပြုတိုက်တွန်းပါကြောင်း ပြောကြားသည်။

ထို့နောက် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန သုတေသနနှင့် တီထွင်ဆန်းသစ်မှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သစ်တောဦးစီးဌာနမှ သုတေသနအရာရှိ၊ ရန်ကုန်နည်းပညာတက္ကသိုလ် ချည်မျှင်နှင့်အထည်အင်ဂျင်နီယာဌာန ပါမောက္ခ၊ ဌာနမှူး၊ အမှတ်(၃) အကြီးစားစက်မှုလုပ်ငန်း အထွေထွေမန်နေဂျာ၊ တပ်မတော် ချည်မျှင်နှင့် အထည်စက်ရုံ(သမိုင်း) ဒုတိယစက်ရုံမှူးတို့က သက်ဆိုင်ရာကဏ္ဍအလိုက် အသီးသီးရှင်းလင်းဆွေးနွေးတင်ပြပြီး ဆွေးနွေးပွဲတက်ရောက်လာကြသူများက အထွေထွေဆွေးနွေးခြင်းများ ဆောင်ရွက်သည်။

မွန်းလွဲပိုင်းတွင် အုပ်စုအလိုက် သတ်မှတ်ထားသည့် ကဏ္ဍအသီးသီးတို့ကိုဆွေးနွေး၍ အုပ်စုအလိုက် ဆွေးနွေးရရှိသည့်ရလဒ်များကို ပြန်လည်ရှင်းလင်းတင်ပြသည်။ ထို့နောက် အမှတ်(၃) အကြီးစားစက်မှုလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးက အုပ်စုအလိုက် ဆွေးနွေးပွဲရလဒ်များအပေါ် သုံးသပ်တင်ပြခြင်း၊ ယခုဆွေးနွေးပွဲမှရရှိသည့် ရလဒ်များကို အခြေခံ၍ စာတမ်းတစ်စောင်ပြုစုပြီး နိုင်ငံတော်သမ္မတရုံးသို့ တင်ပြဆောင်ရွက်သွားမည့် အခြေအနေတို့ကို ရှင်းလင်းတင်ပြခြင်းများဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# အရှေ့တောင်အာရှအမျိုးသားလူ့အခွင့်အရေးအဖွဲ့အစည်းများဖိုရမ်၏ ပထမအကြိမ်လုပ်ငန်းအဖွဲ့အစည်းအဝေးနှင့် ဆက်စပ်ဆွေးနွေးပွဲများသို့ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် အဖွဲ့ဝင် ဦးဝင်းလှိုင်ဦး တက်ရောက်

နေပြည်တော် မေ ၂၃

အရှေ့တောင်အာရှ အမျိုးသား လူ့အခွင့်အရေး အဖွဲ့အစည်းများ ဖိုရမ် (Southeast Asia National Human Rights Institutions Forum – SEANF) ၏ ၂၀၂၆ ခုနှစ် ပထမအကြိမ် လုပ်ငန်းအဖွဲ့ အစည်းအဝေးနှင့် ဆက်စပ် ဆွေးနွေးပွဲများကို ဖိုရမ်၏အလှည့်ကျဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်လျက်ရှိသည့် မလေးရှားနိုင်ငံ လူ့အခွင့်အရေးကော်မရှင်က မေ ၂၁ ရက်မှ ၂၃ ရက်အထိ မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့တွင် Hybrid Format ဖြင့် ကျင်းပသည်။

အစည်းအဝေးသို့ ဖိုရမ်အဖွဲ့ဝင်များဖြစ်ကြသည့် မလေးရှား၊ ဖိလစ်ပိုင်၊ ထိုင်းနှင့် တီမောလက်စ်တေနိုင်ငံ လူ့အခွင့်အရေး ကော်မရှင်များမှ ကိုယ်စားလှယ်များက In-person တက်ရောက်ကြပြီး အင်ဒိုနီးရှားနိုင်ငံ အမျိုးသားလူ့အခွင့်အရေး ကော်မရှင်မှ ကိုယ်စားလှယ်များနှင့် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေးကော်မရှင်မှ ကော်မရှင်အဖွဲ့ဝင် ဦးဝင်းလှိုင်ဦး၊ ကော်မရှင်ရုံး ဒုတိယညွှန်ကြားရေးမှူးချုပ်၊ နိုင်ငံတကာ ဆက်ဆံရေးဌာနမှ ညွှန်ကြားရေးမှူးနှင့် ရုံးဝန်ထမ်းများက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။

အစည်းအဝေးတွင် ၂၀၂၅ ခုနှစ် နိုဝင်ဘာလက ကျင်းပခဲ့သော ဖိုရမ်၏ (၂၂) ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေး နောက်ပိုင်းကာလအတွင်း ဖိုရမ်အဖွဲ့ဝင် အမျိုးသား လူ့အခွင့်အရေးအဖွဲ့အစည်းများ၏ ဆောင်ရွက်ချက်များနှင့် တိုးတက်အောင်မြင်မှုများ၊ အရှေ့တောင်အာရှ အမျိုးသား လူ့အခွင့်အရေး အဖွဲ့အစည်းများဖိုရမ် (SEANF) ၏ မဟာဗျူဟာစီမံကိန်း (၂၀၂၂–၂၀၂၆) ပါ ဦးစားပေးကိစ္စရပ် (၅) ရပ် အကောင်အထည်ဖော် ဆောင်ရွက်ရန် အဓိကတာဝန်ယူထားသော ဖိုရမ်အဖွဲ့ဝင် အမျိုးသား လူ့အခွင့်အရေးကော်မရှင်များ၏ အကောင်အထည်ဖော် ဆောင်ရွက်နေမှုအခြေအနေများ၊ ဒေသတွင်း လက်နက်ကိုင် ပဋိပက္ခများနှင့် ဆက်စပ်နေသော စွမ်းအင်အကျပ်အတည်းများကြောင့် လူ့အခွင့်အရေး ကျင့်သုံးခံစားမှုအပေါ် သက်ရောက်မှုဆိုင်ရာ ကိစ္စရပ်များ၊ ဖိုရမ်အနေဖြင့် ပြင်ပအဖွဲ့အစည်းများနှင့် ပတ်သက်သည့် တုံ့ပြန်ဆောင်ရွက်မှုဆိုင်ရာ ကိစ္စရပ်များ၊ ဖိုရမ်၏ မဟာဗျူဟာ ဆက်သွယ်ရေးဆိုင်ရာ လုပ်ငန်းအဖွဲ့ (SCWG) ၏ တိုးတက်ဖြစ်ထွန်းမှုများ၊ ဖိုရမ်၏ ဒုတိယအကြိမ် လုပ်ငန်းအဖွဲ့အစည်းအဝေးနှင့် (၂၃) ကြိမ်မြောက် နှစ်ပတ်လည် အစည်းအဝေး ကျင်းပနိုင်ရေး ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။



ဖိုရမ်၏ (၂၂) ကြိမ်မြောက် နှစ်ပတ်လည် အစည်းအဝေး နောက်ပိုင်းကာလအတွင်း မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေး ကော်မရှင်၏ လူ့အခွင့်အရေး မြှင့်တင်ရေးနှင့် ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ ဆောင်ရွက်ချက်များကို ကော်မရှင်အဖွဲ့ဝင် ဦးဝင်းလှိုင်ဦးက ဆွေးနွေးပြီး SEANF ၏ မဟာဗျူဟာစီမံကိန်း (၂၀၂၂–၂၀၂၆) ပါ ဦးစားပေးကိစ္စရပ်များ အနက် ကော်မရှင်ကဦးဆောင်အဖွဲ့အစည်းအဖြစ် တာဝန်ယူထားသော ဦးစားပေးကိစ္စရပ် အမှတ် (၂) ဖြစ်သည့် “စီးပွားရေးလုပ်ငန်းများတွင် လူ့အခွင့်အရေး မြှင့်တင်ရန်နှင့် ကာကွယ်ရန်” ကိစ္စရပ်နှင့် စပ်လျဉ်း၍ ကော်မရှင်၏အကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေကို ကော်မရှင်ရုံး ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ခိုင်ခိုင်ဝင်းက ဆွေးနွေးသည်။

ထို့နောက် “လူ့အခွင့်အရေး ကာကွယ် စောင့်ရှောက်သူများအား ကာကွယ်ခြင်း – Defending the Defenders” ခေါင်းစဉ်ဖြင့် ဆက်စပ်ဆွေးနွေးပွဲကို မေ ၂၂ ရက် မွန်းလွဲပိုင်းတွင် ဆက်လက်ကျင်းပသည်။

အဆိုပါ ဆွေးနွေးပွဲတွင် အရှေ့တောင်အာရှရှိ ကလေးလူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်သူများ အပါအဝင် လူ့အခွင့်အရေး ကာကွယ် စောင့်ရှောက်သူများ ရင်ဆိုင်ကြုံတွေ့နေရသည့်စိန်ခေါ်မှုများ၊ ၎င်းတို့၏လုပ်ငန်းခွင်အတွင်း ကြုံတွေ့ရသော ဘေးအန္တရာယ်များနှင့် ဖိအားများအပေါ် အပြန်အလှန်ဆွေးနွေးခြင်း၊ လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်သူများကို ကာကွယ်စောင့်ရှောက်ခြင်းနှင့် ပံ့ပိုးကူညီခြင်းတို့တွင် အမျိုးသား လူ့အခွင့်အရေး အဖွဲ့အစည်းများ၏ အခန်းကဏ္ဍ၊ လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်သူများအတွက် အကာအကွယ်နှင့် ပံ့ပိုးမှုများ ပိုမိုခိုင်မာအားကောင်းစေမည့် မဟာဗျူဟာများဖော်ဆောင်နိုင်ရေးနှင့် စပ်လျဉ်း၍ အမျိုးသား လူ့အခွင့်အရေး အဖွဲ့အစည်းများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် အခြားသက်ဆိုင်သူများအကြား အတွေ့အကြုံများနှင့် ကောင်းမွန်သော အလေ့အကျင့် ကောင်းများကို အပြန်အလှန် ဆွေးနွေးခြင်းနှင့် အုပ်စုလိုက် ဆွေးနွေးခြင်းများ ပြုလုပ်ပြီး ကော်မရှင်က ပါဝင်ဆွေးနွေးမှုများ ပြုလုပ်သည်။

ယနေ့တွင် ဖိုရမ်၏ဒုတိယမြောက် ဆက်စပ်ဆွေးနွေးပွဲကို “လူ့အခွင့်အရေး၊ စီးပွားရေးလုပ်ငန်းများနှင့် ရာသီဥတုဆိုင်ရာ တရားမျှတမှုဖိုရမ် (၂၀၂၆) – Forum on Human Rights, Business, and Climate Justice 2026” ခေါင်းစဉ်ဖြင့် ကျင်းပသည်။

အဆိုပါ ဆွေးနွေးပွဲတွင် “ကြေညာစာတမ်းအဆင့်မှသည် လက်တွေ့လုပ်ဆောင်မှုအဆင့်သို့ အာဆီယံမူဘောင်ကို လက်တွေ့အကောင်အထည်ဖော်ခြင်း – From Declaration to Action: Operationalizing the ASEAN Framework”၊ “အာဆီယံဒေသတွင်း စီးပွားရေးလုပ်ငန်းများနှင့် လူ့အခွင့်အရေး – Business and Human Rights (BHR) in ASEAN”၊ “နယ်စပ်ဖြတ်ကျော် ရာသီဥတုဆိုင်ရာ တရားမျှတမှု– Transboundary Climate Justice”၊ “ရာသီဥတုဆိုင်ရာ တရားမျှတမှု – အပြန်အလှန်ဆက်နွယ်နေသော မညီမျှမှုများကို ဖြေရှင်းဆောင်ရွက်ခြင်း – Climate Justice: Addressing Intersecting Inequalities” စသည့် ခေါင်းစဉ်များအလိုက် ဆွေးနွေးခဲ့ကြပြီး ကော်မရှင်က ဆွေးနွေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့် ငလျင်ဒဏ်ကြောင့် ပျက်စီးသွားသည့် ဝန်ထမ်းအိမ်ရာများ ပြုပြင်ခြင်းနှင့် အိမ်ရာအသစ် တည်ဆောက်ခြင်းလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဧပြီ ၂၃**

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်သည် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးကံမြင့်သန်း၊ ဒုတိယမြို့တော်ဝန်၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေအတွင်း မန္တလေးငလျင်ကြီးကြောင့် ပျက်စီးခဲ့သော ဝန်ထမ်းအိမ်ရာများအတွက် ဝန်ထမ်းအိမ်ရာအသစ်များ ပြန်လည်တည်ဆောက်ပေးခြင်းလုပ်ငန်းနှင့် အနီရောင်အဆင့် ပျက်စီးသော ဝန်ထမ်းအိမ်ရာအဆောက်အအုံ ပြင်ဆင်ခြင်းလုပ်ငန်းများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။



ဦးစွာ ဝန်ထမ်းအိမ်ရာများ အသစ်ပြန်လည်တည်ဆောက်နေသည့် နေပြည်တော်ကောင်စီနယ်မြေ အကွက်အမှတ် (၈-က)သို့ သွားရောက်ပြီး လုပ်ငန်းခွင်ရှင်းလင်းဆောင်သို့ ရောက်ရှိရာ ပြည်ထောင်စုဝန်ကြီးနှင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌတို့က Modular House များဖြင့် ယာယီနေထိုင်နေသည့် နိုင်ငံ့ဝန်ထမ်းများကို အမြန်ဆုံးနေရာချထားပေးနိုင်ရေးအတွက် ဦးစားပေးဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဝန်ထမ်းအိမ်ရာများကို မဂ္ဂနီကျူ ၈ အထိ ငလျင်ဒဏ်ခံနိုင်စေရေး ဒီဇိုင်းထုတ်လုပ်ထားပြီးဖြစ်၍ စနစ်တကျသိရှိလိုက်နာကြရန် လိုအပ်မည်ဖြစ်ကြောင်း၊ တည်ဆောက်ရေးလုပ်ငန်းများ၏ အရည်အသွေးစစ်ဆေးခြင်းနှင့် လုပ်ငန်းသုံးပစ္စည်းများကို သတ်မှတ်ထားသော အရည်အသွေးပြည့်မီရေး၊ သတ်မှတ်ကာလအတွင်းပြီးစီးစေရေးတို့ကို အလေးထားဆောင်ရွက်ကြရန် လိုအပ်ကြောင်း။

တာဝန်ယူဆောင်ရွက်နေသော ကုမ္ပဏီများ လုပ်ငန်းအခက်အခဲရှိပါက ကူညီဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း၊ ဒီဇိုင်းဆိုင်ရာနှင့် နည်းပညာဆိုင်ရာ လိုအပ်ချက်များရှိပါက ဌာနဆိုင်ရာများသို့ အချိန်နှင့်တစ်ပြေးညီ ပေါင်းစပ်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ ဇူလိုင်လကုန်တွင် ပြီးစီးရန် သတ်မှတ်ထားသည့် အဆောက်အအုံများပြီးစီးရေး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ရန် လိုကြောင်း၊ ကွန်ကရစ်လမ်းနှင့် လျှပ်စစ်မီးစသည့် Infrastructure များပါ တစ်ပါတည်း ပြီးစီးအောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း မှာကြားသည်။

**ကြည့်ရှုစစ်ဆေး**

ထို့နောက် နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ ဒုတိယမြို့တော်ဝန်နှင့် ကော်မတီအဖွဲ့ဝင်များ၊ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက အိမ်ရာစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု၊ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များနှင့်ပတ်သက်၍ လည်းကောင်း၊ ဆောက်လုပ်ရေးကုမ္ပဏီအသင်းအဖွဲ့တို့မှ တာဝန်ရှိသူများက အိမ်ရာစီမံကိန်းတည်ဆောက်ခြင်းဆိုင်ရာများနှင့်စပ်လျဉ်း၍ အိမ်ရာစီမံကိန်းလုပ်ငန်းလျာထားချက်၊ ဆောင်ရွက်နေမှု၊ ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကိုလည်းကောင်း သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးနှင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌတို့က လုပ်ငန်းလိုအပ်ချက်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး အဆောက်အအုံများ တည်ဆောက်ရေးလုပ်ငန်းခွင်အတွင်း လုပ်ငန်းဆောင်ရွက်နေမှုနှင့် ဆောင်ရွက်ပြီးစီးမှုအခြေအနေတို့ကို အသေးစိတ် လိုက်လံကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများကို လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။

မန္တလေးငလျင်ကြီးကြောင့် ပျက်စီးခဲ့သော ဝန်ထမ်းအိမ်ရာများအတွက် အကွက်အမှတ် (၈-က) တွင် အဆောက်အအုံ ၆၁ လုံး (၉၇၆ ခန်း)၊ အကွက်အမှတ် (၈-ခ)တွင် အလုံး ၄၀(အခန်း ၆၄၀)၊ အကွက်အမှတ်(၃)တွင် ၇၈ လုံး (၁၂၄၈ ခန်း)၊ အကွက်အမှတ်(၄)တွင် ၁၁၂ လုံး (၁၇၉၂ ခန်း) စုစုပေါင်းတိုက် ၂၉၁ လုံး (အခန်း ၄၆၅၆ ခန်း) ကိုစတင်တည်ဆောက်လျက်ရှိပြီး လုပ်ငန်းများ သတ်မှတ်ချိန်အတွင်း အရည်အသွေးပြည့်မီစွာ ပြီးစီးရေး စနစ်တကျ ကြပ်မတ်၍ တည်ဆောက်လျက်ရှိသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့်တာဝန်ရှိသူများသည် ဇမ္ဗူသီရိမြို့နယ် ဉာဏသိဒ္ဓိရပ်ကွက်ရှိ အနီရောင်အဆင့် သတ်မှတ်ထားသော အဆောက်အအုံများ ပြုပြင်ဆောင်ရွက်နေသည့် လုပ်ငန်းခွင်သို့ သွားရောက်စစ်ဆေးရာ တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြချက်များအပေါ် ငလျင်ဒဏ်ကြောင့် ပျက်စီးခဲ့ရသော အဆောက်အအုံများ ပြန်လည်ပြုပြင်ရာတွင် ပျက်စီးမှုအမျိုးအစားအလိုက် လိုက်နာဆောင်ရွက်ရမည့် လုပ်ငန်းစဉ် (Standard Operation Procedure-SOP) ကို ပြုစုဖြန့်ဝေထားပြီးဖြစ်၍ ကုမ္ပဏီများအနေဖြင့် ပြင်ဆင်ခြင်းအပိုင်းတွင်လည်းကောင်း၊ သက်ဆိုင်သောဌာနများ၏ ကြီးကြပ်မှုအပိုင်းတွင်လည်းကောင်း တိတိကျကျ လိုက်နာဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ ဇူလိုင်လကုန် ပြီးစီးနိုင်သော အဆောက်အအုံများကို ဦးစားပေးစိစစ်ကြပ်မတ်ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ သို့မှသာ Modular House များတွင် ယာယီနေထိုင်သော ဝန်ထမ်းများကို ဆောလျင်စွာ ပြန်လည်နေရာချထားပေးနိုင်မည်ဖြစ်ကြောင်း မှာကြားသည်။

ငလျင်ကြောင့် ပျက်စီးခဲ့ပြီး ပြန်လည်ပြုပြင်ရမည့်ဝန်ထမ်းအိမ်ရာ အဆောက်အအုံ ၁၃၃၄ လုံး အနက် ၁၁၀၄ လုံးအား ပြင်ဆင်ပြီးစီး၍ အဆောက်အအုံ ၉၂၄ လုံး (အိမ်ထောင်စုအနေဖြင့် ၁၀၈၄၁ စုနှင့် အပျို / လူပျို ၁၂၆၈၀ စုစုပေါင်းဝန်ထမ်းအင်အား ၂၃၅၂၁ ဦး) အား ပြန်လည်နေရာချထားပေးပြီး ပြုပြင်ဆဲ အနီရောင်အဆင့် အဆောက်အအုံ အလုံး ၂၃၀ အား ပျက်စီးမှုအမျိုးအစားအလိုက် ပြုပြင်ရမည့် SOP များနှင့်အညီ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ အသိအမှတ်ပြု လက်မှတ်ရရှိပြီးသော Professional Engineer (PE) များ၊ Register Senior Engineer (RSE)များက တာဝန်ခံ၍ စနစ်တကျ ပြုပြင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

# မိုင်းရယ်မြို့၌ ရက်(၁၀၀)စီမံချက်ဖြင့် အိမ်ထောင်စု လူဦးရေစာရင်းနှင့် နိုင်ငံသား စိစစ်ရေးကတ်များ ကွင်းဆင်းဆောင်ရွက်

**မိုင်းရယ် ဧပြီ ၂၃**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မိုင်းရယ်မြို့တွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက အစိုးသစ် ရက် (၁၀၀) စီမံချက်ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များကို ယနေ့နံနက်ပိုင်းမှစ၍ အမှတ်(၁)ရပ်ကွက်တွင် ကွင်းဆင်းဆောင်ရွက်ပေးသည်။

ထိုသို့ ကွင်းဆင်းရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ မိုင်းရယ်မြို့နယ် ဦးစီးမှူး ဦးသန်းထွန်းအောင် ဦးစီးသည့် ဝန်ထမ်းများက ရပ်ကွက်အတွင်းရှိ အိမ်ထောင်စုလူဦးရေ စာရင်းများ၊ အသက်(၁၀)နှစ်ပြည့်ပြီး နိုင်ငံသားစိစစ်ရေးကတ် မရှိသေးသူများ၊ ပျက်စီး၊ ပျောက်ဆုံးသူများနှင့် မွေးတိုး၊ သေဆုံး၊ ပြောင်းဝင်၊ ပြောင်းထွက်၊ မြို့နယ်တွင်းပြောင်း ဆောင်ရွက်လိုသူများကို ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မိုင်းရယ်(ပြန်/ဆက်)



# ချင်းပြည်နယ်ဝန်ကြီးချုပ် ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် ချင်းပြည်နယ်၏ ဒေသန္တရစီမံကိန်းရည်မှန်းချက်များ တာဝန်ပေးအပ်ပွဲအခမ်းအနား တက်ရောက်

**ဟားခါး ဧပြီ ၂၃**

၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် ချင်းပြည်နယ်၏ ဒေသန္တရစီမံကိန်း ရည်မှန်းချက်များ တာဝန်ပေးအပ်ပွဲ အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက ဟားခါးမြို့ ချင်းပြည်နယ်အစိုးရအဖွဲ့ရုံးရှိ ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ချင်းပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာ ဝုန်ဆွန်းထန်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အစိုးရအဖွဲ့အတွင်းရေးမှူးနှင့် ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။




ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်တွင် ပြည်သူကို တိုက်ရိုက်အကျိုးရှိစေမည့် ကျေးလက်ဒေသနှင့် နယ်စပ်ဒေသဖွံ့ဖြိုးရေးအတွက် ကျေးလက်လမ်း၊ နတလနယ်စပ်လမ်း၊ မြို့ပြဖွံ့ဖြိုးတိုးတက်ရေးအတွက် မြို့ပြလမ်း၊ ပြည်ထောင်စုလမ်းနှင့် ပြည်နယ်လမ်းများ ဆောင်ရွက်ရန် ငွေလုံးငွေရင်းရန်ပုံငွေ၏ ၄၁ ရာခိုင်နှုန်း၊ သောက်သုံးရေနှင့် စိုက်ပျိုးရေ ရရှိရေးအတွက် ရှစ်ရာခိုင်နှုန်း၊ မြို့ပြနှင့်ကျေးလက် မီးရရှိရေး လုပ်ငန်းအတွက် ကိုးရာခိုင်နှုန်းနှင့် အခြား တည်ဆောက်ရေး လုပ်ငန်းများအတွက် ၂၁ ရာခိုင်နှုန်း ထည့်သွင်းလျာထားပါကြောင်း၊ ယနေ့ အခမ်းအနားမှ တာဝန်ပေးအပ်လိုက်သည့် ဒေသန္တရစီမံကိန်း ရည်မှန်းချက်များ ပြည့်မီကျော်လွန်ရေးအတွက် ပြည်နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ခရိုင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီများက စနစ်တကျ စီမံချက်များရေးဆွဲ၍ တွန်းအားပေးဆောင်ရွက်ရန် လိုကြောင်း ပြောကြားသည်။

ယင်းနောက် စီမံကိန်းဦးစီးဌာန ချင်းပြည်နယ်ဦးစီးမှူးက ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် ဒေသန္တရစီမံကိန်းဥပဒေကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် ဒေသန္တရစီမံကိန်း ရည်မှန်းချက်များကို ပေးအပ်ရာ သက်ဆိုင်ရာ ပြည်နယ်ဝန်ကြီးများနှင့် ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူးတို့က လက်ခံရယူကြပြီး ပြည်နယ်ဝန်ကြီးချုပ်က နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# နိုင်ငံတော်သမ္မတ၏ လမ်းညွှန်မှာကြားချက်များ၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ရက်ပေါင်း (၁၀၀) အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းများရှင်းလင်း

နေပြည်တော် မေ ၂၃

သမဝါယမနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးဇော်သိမ်းသည် ယနေ့နံနက်ပိုင်းတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရှိ အရာထမ်း၊ အမှုထမ်းများနှင့် တွေ့ဆုံသည်။

**ဖြည့်စွက်မှာကြား**

တွေ့ဆုံစဉ် နိုင်ငံတော်သမ္မတ၏ လမ်းညွှန်မှာကြားချက်များအပေါ် ထပ်ဆင့်ရှင်းလင်းခြင်းနှင့် ရက် ၁၀၀ စီမံချက်ပါလုပ်ငန်းများ ထိရောက်မြန်ဆန်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် ဦးစီးဌာန(ရုံးချုပ်)မှ တာဝန်ရှိသူများနှင့် ပြည်နယ်/ တိုင်းဒေသကြီးများမှ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက သမဝါယမစနစ်ဖြင့် ကုန်ထုတ်လုပ်ငန်းများ တိုးတက်စေရန် သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းဆောင်ရွက်သွားရန် ဖြည့်စွက်မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးကံမြင့်သန်း အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား ကျန်းမာရေးစောင့်ရှောက်ပေးနေမှု ကြည့်ရှုအားပေး

နေပြည်တော် မေ ၂၃

နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးကံမြင့်သန်းသည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီဝင်များ၊ တာဝန်ရှိသူများနှင့်အတူ ပျဉ်းမနားမြို့ မြန်မာ့စီးပွားရေးဘဏ်သို့ သွားရောက်၍ ပင်စင်လစာလာရောက်ထုတ်ယူကြသည့် အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများကို ခုတင်-၂၀၀ ဆံ့ ပြည်သူ့ဆေးရုံကြီး ပျဉ်းမနားမြို့မှ အထူးကုဆရာဝန်ကြီးများက ကျန်းမာရေးအခမဲ့စောင့်ရှောက်ပေးနေမှုနှင့် အငြိမ်းစားပင်စင်လစာထုတ်ပေးနေမှုအခြေအနေများကို ကြည့်ရှုအားပေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များမှာကြား၍ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား ရင်းရင်းနှီးနှီးတွေ့ဆုံ အားပေးစကားပြောကြားကာ အခြေခံစားသောက်ကုန်များ ပေးအပ်သည်။



မွန်းလွဲပိုင်းတွင် ၂၀၂၆ ခုနှစ် နေပြည်တော်ကောင်စီဥက္ကဋ္ဌဖလား မြို့နယ်ပေါင်းစုံ အသက်(၂၅)နှစ်အောက် အမျိုးသား/အမျိုးသမီး ဘော်လီဘောပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ရွှေကြာပင်ရပ်ကွက်ရှိနေပြည်တော်အားကစားခန်းမ၌ ကျင်းပသည်။

ဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက အမှာစကားပြောကြားပြီး ပြိုင်ပွဲဝင် အားကစားသမားများက အားကစားသစ္စာအဓိဋ္ဌာန် ရွတ်ဆိုကာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက ပြိုင်ပွဲဝင်အားကစားသမားများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်၍ ပြိုင်ပွဲဝင်အားကစားသမားများအတွက် ရဲမန်ဆောက်လုပ်ရေးကုမ္ပဏီက အလှူငွေပေးအပ်ရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက လက်ခံရယူသည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် အမျိုးသား ဘော်လီဘောပွဲစဉ်အဖြစ် တပ်ကုန်းမြို့နယ်အသင်းနှင့် ပျဉ်းမနားမြို့နယ်အသင်းတို့ အကြိတ်အနယ် ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးရာ ပျဉ်းမနားမြို့နယ်အသင်းက သုံးပွဲနှစ်ပွဲဖြင့် အနိုင်ရရှိသည်။ အဆိုပါ ၂၀၂၆ ခုနှစ် နေပြည်တော်ကောင်စီဥက္ကဋ္ဌဖလား မြို့နယ်ပေါင်းစုံ အသက်(၂၅)နှစ်အောက် အမျိုးသား/အမျိုးသမီး ဘော်လီဘောပြိုင်ပွဲတွင် အမျိုးသားရစ်သင်းအား အုပ်စုနှစ်စုခွဲ၍လည်းကောင်း၊ အမျိုးသမီးရစ်သင်းအား အုပ်စုနှစ်စုခွဲ၍လည်းကောင်း မေ ၂၃ ရက်မှ ၂၇ ရက်အထိ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ကို(ပုဗ္ဗသီရိ)**




# မကွေးတိုင်းဒေသကြီး၏ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်းရည်မှန်းချက်များ တာဝန်ပေးအပ်ပွဲ ကျင်းပ

မကွေး မေ ၂၃

မကွေးတိုင်းဒေသကြီး ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်းရည်မှန်းချက်များ တာဝန်ပေးအပ်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက မကွေးမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

**ရှင်းလင်းတင်ပြ**

အခမ်းအနားသို့ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်ကိုကို တက်ရောက်အမှာစကားပြောကြားပြီး တိုင်းဒေသကြီး စီမံကိန်းရေးဆွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးက မကွေးတိုင်းဒေသကြီး၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ဧပြီလမှ မတ်လ(နှစ်ကုန်ခန့်မှန်းခြေ) စီမံကိန်းရည်မှန်းချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှုနှင့် ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်းရည်မှန်းချက်နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ဌာနဆိုင်ရာများနှင့် တိုင်းဒေသကြီးအတွင်း ခရိုင်ခုနစ်ခုမှ ခရိုင်အုပ်ချုပ်ရေးမှူးများထံ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်း ရည်မှန်းချက်များ တာဝန်ပေးအပ်ပြီး နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

**မောင်ခိုင်မင်း (ပြန်/ဆက်)**

# မိတ္ထီလာခရိုင်၌ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ဒေသန္တရ စီမံကိန်းရည်မှန်းချက်များ တာဝန်ပေးအပ်ပွဲ ကျင်းပ

မိတ္ထီလာ မေ ၂၃

မိတ္ထီလာခရိုင်၌ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်းရည်မှန်းချက်များနှင့် ငွေလုံးငွေရင်း ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အပ်နှံ တာဝန်ပေးအပ်ပွဲနှင့် လွှတ်တော် ကိုယ်စားလှယ်များနှင့် ခရိုင်အဆင့်ဌာနဆိုင်ရာများ မိတ်ဆက် တွေ့ဆုံပွဲ အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းက ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**ဆွေးနွေး**

ဦးစွာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ ခရိုင် စီမံကိန်းရေးဆွဲအကောင်အထည်ဖော်ရေး ကော်မတီဥက္ကဋ္ဌ ဦးအောင်မြင့်ဦးက အမှာစကားပြောကြားပြီး အတွင်းရေးမှူး ခရိုင်စီမံကိန်း ဦးစီမှူးဦးညီညီလတ်က ဒေသန္တရ စီမံကိန်း ရည်းမှန်းချက်များနှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြသည်။ ထို့နောက် မြို့နယ် လေးမြို့နယ်မှ မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌများထံသို့ ဒေသဖွံ့ဖြိုးရေးလုပ်ငန်း တာဝန်များကို ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌက ပေးအပ်ခဲ့ကြောင်း သိရသည်။



**ချမ်းသာ(မိတ္ထီလာ)**

■

❖ မြန်မာမှ

ခန့်အပ်ကြောင်း ညပိုင်းတွင် သတင်းထပ်မံ ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။ ယုကီသည် ၎င်းလက်ထက်တွင် ရန်ကုန်ယူနိုက်တက်အသင်းကို အမှတ်ပေးပွဲ ၁၁ ပွဲ ကိုင်တွယ်ရာ ၁၀ ပွဲနိုင်၊ တစ်ပွဲသရေ၊ ရှုံးပွဲမရှိအောင် စွမ်းဆောင်ပေးနိုင်ခဲ့သော်လည်း ရာသီကုန်တွင် ချန်ပီယံဆုနှင့် လွဲချော်ပြီး ဒုတိယနေရာသာရခဲ့သဖြင့် လမ်းခွဲခဲ့ရခြင်းဖြစ်သည်။

ရန်ကုန်ယူနိုက်တက်အသင်း နည်းပြချုပ်သစ်ဖြစ်လာသူ မာဆယ်လိုဆီရီလီသည် MNL ကလပ်ဇေယျာရွှေမြေအသင်းတွင် လာရောက်ကစားဖူးသူဖြစ်ပြီး နည်းပြဘဝတွင် အာဂျင်တီးနား၊ အင်ဒိုနီးရှား၊ ဘိုလစ်ဗီးယား၊ အီကွေဒေါကလပ်အသင်းများကို ကိုင်တွယ်ခဲ့သူဖြစ်သည်။

**သတင်း-ရှိုင်းထက်ဇော်**
**ဓာတ်ပုံ-YUFC**

# ကမ္ဘောဒီးယားနိုင်ငံနှင့် တရုတ်နိုင်ငံအကြား ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်မည်



**ဖနောင်ပင် မေ ၂၃**

ကမ္ဘောဒီးယားနိုင်ငံနှင့် တရုတ်နိုင်ငံအကြား ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရန်အတွက် ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် ဟွန်မာနတ်က တရုတ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး ဝမ်ယိနှင့် ကာကွယ်ရေးဝန်ကြီး တုန်ကျွင်းတို့အား ကမ္ဘောဒီးယားနိုင်ငံ မြို့တော်ဖနောင်ပင်တွင် မေ ၂၂ ရက်က တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရသည်။

ကမ္ဘောဒီးယားနိုင်ငံအနေဖြင့် တရုတ်နိုင်ငံအပေါ် ချစ်ကြည်ရင်းနှီးသည့် မူဝါဒနှင့် တရုတ်တစ်နိုင်ငံတည်းမူဝါဒကိုသာ လက်ခံကျင့်သုံးနေကြောင်း ဝန်ကြီးချုပ် ဟွန်မာနတ်က ပြောကြားသည်။ ကမ္ဘောဒီးယားနိုင်ငံအနေဖြင့် တရုတ်နိုင်ငံနှင့် အဆင့်မြင့် ဆက်သွယ်ဆက်ဆံမှုများကို မြှင့်တင်ဆောင်ရွက်မည်ဖြစ်ပြီး သန့်ရှင်းသည့်စွမ်းအင်၊ စိုက်ပျိုးရေး၊ အခြေခံအဆောက်အအုံနှင့် အရည်အသွေးမြှင့်တင်ရေးကဏ္ဍများတွင် လက်တွေ့ကျသည့် ပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်မည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။ တရုတ်နိုင်ငံမှ လုပ်ငန်းများ ကမ္ဘောဒီးယားနိုင်ငံအတွင်း လာရောက်ရင်းနှီးမြှုပ်နှံခြင်းကို ကြိုဆိုကြောင်းနှင့် အွန်လိုင်းလောင်းကစားလုပ်ငန်းများနှင့် ဆက်သွယ်ရေးကွန်ရက်ဆိုင်ရာ လိမ်လည်မှုများကို တရုတ်နိုင်ငံနှင့် ပူးပေါင်း၍ အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။ ကမ္ဘောဒီးယားနိုင်ငံအနေဖြင့် ကုလသမဂ္ဂကဲ့သို့သော စင်္ကြံများမှတစ်ဆင့် တရုတ်နိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်မည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

ယခုဆွေးနွေးပွဲသည် နှစ်နိုင်ငံအကြား ပထမဆုံးအကြိမ် ကျင်းပသည့် ၂+၂ မဟာဗျူဟာမြောက်ဆွေးနွေးပွဲ (Strategic Dialogue Mechanism) ၏ အစိတ်အပိုင်းတစ်ခုဖြစ်ကြောင်း သိရသည်။

မျက်မှောက် ကမ္ဘာ့အခြေအနေများ ရှုပ်ထွေးနေချိန်တွင် တရုတ်နိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံအကြား စည်းလုံးညီညွတ်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ရန်လိုအပ်ကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ယိက ပြောကြားသည်။

တရုတ်နိုင်ငံအနေဖြင့် အပြန်အလှန်ယုံကြည်မှုနှင့် ကဏ္ဍစုံ ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်မည်ဖြစ်ကာ နှစ်နိုင်ငံအကြား ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်မှုရှိစေရေးတို့အတွက် ကြိုးပမ်းဆောင်ရွက်မည်ဟု ၎င်းက ပြောကြားသည်။ ကမ္ဘောဒီးယားနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုသည့် စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးစင်္ကြံနှင့် စပါး၊ ငါးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးစင်္ကြံများကို ပူးတွဲအကောင်အထည်ဖော် ဆောင်ရွက်မည်ဟု ၎င်းက ပြောကြားသည်။

မိမိတို့နှစ်နိုင်ငံစလုံးအနေဖြင့် နယ်စပ်ဖြတ်ကျော် လောင်းကစားမှုများနှင့် ဆက်သွယ်ရေးကွန်ရက်ဆိုင်ရာ လိမ်လည်မှုများကို နှိမ်နင်းမည်ဖြစ်ပြီး နိုင်ငံတကာရေးရာကိစ္စရပ်များတွင်လည်း တရားမျှတမှုကို ကိုင်စွဲကာ အပြန်အလှန် အကူအညီများပေးအပ်မည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။ ၎င်းဆွေးနွေးမှုအတွင်း တရုတ်နိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာနများအကြား ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်နေသည့် ကိစ္စရပ်များနှင့် ပတ်သက်၍ တရုတ်နိုင်ငံ ကာကွယ်ရေးဝန်ကြီး တုန်ကျွင်းက ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**ကိုးကား–ဆင်ဟွာ**
**ဘာသာပြန်–စိုးသူရ**



## အီရန်နှင့် ဆက်နွှယ်သည့် ရေနံတင်သင်္ဘော ၃၄ စင်းကျော် အမေရိကန်၏ ပိတ်ဆို့တားဆီးမှုကို ကျော်ဖြတ်ကာ ပါရှန်ပင်လယ်ကွေ့သို့ ဖြတ်သန်းခဲ့

**တီဟီရန် မေ ၂၃**

အီရန်နှင့် ဆက်နွှယ်သည့် ရေနံတင်သင်္ဘော ၃၄ စင်းကျော်သည် အမေရိကန်၏ ပိတ်ဆို့တားဆီးမှုကို ကျော်ဖြတ်ကာ ပါရှန်ပင်လယ်ကွေ့သို့ ဖြတ်သန်းသွားခဲ့ကြောင်း သိရသည်။

ဗြိတိန်ထိပ်တန်းသတင်းစာတစ်စောင်ဖြစ်သည့် The Financial Times က ကုန်စည်ခြေရာခံအဖွဲ့ Vortex မှ အချက်အလက်များအပေါ် အခြေခံ၍ ယမန်နေ့တွင် အစီရင်ခံစာတစ်စောင် ထုတ်ပြန်ခဲ့သည်။

အီရန်နှင့် ဆက်နွှယ်နေသည့် ရေနံတင်သင်္ဘော အနည်းဆုံး ၁၉ စင်းသည် အမေရိကန်၏ ပိတ်ဆို့တားဆီးမှုကို ကျော်ဖြတ်ကာ ပါရှန်ပင်လယ်ကွေ့မှ ထွက်ခွာသွားခဲ့ပြီး ရေနံတင်သင်္ဘော ၁၅ စင်းသည် ပါရှန်ပင်လယ်ကွေ့အတွင်းသို့ ဝင်ရောက်ခဲ့ကြောင်း သိရသည်။

ပါရှန်ပင်လယ်ကွေ့မှ ထွက်ခွာသွားသော ရေနံတင်သင်္ဘော အနည်းဆုံး ခြောက်စင်းသည် အီရန်မှ ရေနံစိမ်းစည်ပေါင်း ၁၀ သန်းခန့်ကို သယ်ဆောင်ခဲ့ကြောင်း အစီရင်ခံစာတွင် ဖော်ပြထားသည်။

ရေနံတင်သင်္ဘော ခြောက်စင်းအနက် တစ်စင်းသည် အီရန်အလံတင်သင်္ဘောဖြစ်ကြောင်း သိရသည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**
**ဘာသာပြန် – အောင်ကျော်ကျော်**

## သီရိလင်္ကာနိုင်ငံ၏ တစ်ဦးချင်းဝင်ငွေ ၂၀၂၅ ခုနှစ်အတွင်း ပထမဆုံးအကြိမ် မြင့်တက်လာ

**ကိုလံဘို မေ ၂၃**

သီရိလင်္ကာနိုင်ငံ၏ တစ်ဦးချင်းဝင်ငွေသည် ၂၀၂၅ ခုနှစ်အတွင်း ပထမဆုံးအကြိမ် အမေရိကန်ဒေါ်လာ ၅၀၀၀ ကျော်လွန်ကာ ၅၀၀၃ ဒေါ်လာအထိ ရောက်ရှိခဲ့ကြောင်း သီရိလင်္ကာဗဟိုဘဏ်၏ နောက်ဆုံးထုတ်ပြန်သည့် အစီရင်ခံစာကို ကိုးကား၍ နိုင်ငံပိုင်မီဒီယာက ယမန်နေ့တွင် ဖော်ပြခဲ့သည်။

သီရိလင်္ကာနိုင်ငံ၏ စီးပွားရေးသည် ၂၀၂၅ ခုနှစ်တွင် ငါးရာခိုင်နှုန်း တိုးတက်ခဲ့ပြီး မကြာသေးမီနှစ်များနှင့် နှိုင်းယှဉ်ပါက သိသိသာသာ တိုးတက်ခဲ့ကြောင်း ဗဟိုဘဏ်၏ အစီရင်ခံစာတွင် ဖော်ပြခဲ့သည်။

သီရိလင်္ကာနိုင်ငံ၏ ပြည်တွင်းအသားတင်ထုတ်ကုန်သည် ၂၀၂၄ ခုနှစ်တွင် ၃၀ ဒသမ ၁ ထရီလီယံ ရူပီးရှိခဲ့ရာမှ ၂၀၂၅ ခုနှစ်တွင် ရူပီး ၃၂ ဒသမ ၇၅ ထရီလီယံ (အမေရိကန်ဒေါ်လာ ၁၀၅ ဘီလီယံခန့်) အထိ မြင့်တက်ခဲ့ကြောင်း ဗဟိုဘဏ် အချက်အလက်များအရ သိရသည်။

အစိုးရ၏ဝင်ငွေသည် ပြည်တွင်းအသားတင်ကုန်ထုတ်လုပ်မှု၏ ၁၆ ဒသမ ၇ ရာခိုင်နှုန်းအထိ တိုးလာကြောင်း အချက်အလက်များအရ သိရသည်။

ပြည်သူတစ်ဦးချင်း၏ ဝင်ငွေ တိုးတက်မှုနှင့် အစိုးရဝင်ငွေများ မြင့်မားမှုနှင့်အတူ သီရိလင်္ကာနိုင်ငံ၏ စီးပွားရေးသည် ၂၀၂၅ ခုနှစ်တွင် တိုးတက်လာခဲ့သည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – အောင်ကျော်ကျော်**

## အီရန်က ဟော်မုဇ်ရေလက်ကြားဖြတ်သန်းခွန် စတင်ကောက်ခံ

**တီဟီရန် မေ ၂၃**

အီရန်နိုင်ငံသည် ဟော်မုဇ်ရေလက်ကြားမှ ဖြတ်သန်းခွန်ကို ပထမဆုံးအကြိမ်အဖြစ် ကောက်ခံရရှိခဲ့ကြောင်း အီရန်နိုင်ငံမှ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးကို ကိုးကား၍ တက်စ်မင်သတင်းအေဂျင်စီက မေ ၂၃ ရက်တွင် သတင်းထုတ်ပြန်ခဲ့သည်။

၎င်းရေလက်ကြားမှ ဖြတ်သန်းမည့် သင်္ဘောအမျိုးအစား၊ ကုန်တင်မည့်ပမာဏနှင့် အခြားအချက်အလက်များပေါ် မူတည်၍ အီရန်က ဖြတ်သန်းခွန်ကောက်ခံမည်ဖြစ်ကြောင်း သိရသည်။

ဟော်မုဇ်ရေလက်ကြား ဖြတ်သန်းမှုဆိုင်ရာ ပထမဆုံးဝင်ငွေကို ဗဟိုဘဏ်ငွေစာရင်းသို့ ထည့်သွင်းခဲ့ကြောင်း အီရန်ပါလီမန် ဒုတိယဥက္ကဋ္ဌ ဟာမစ်ရီဇာ ဟာဂျီဘာဘိုင်က ပြောကြားသည်။

အမေရိကန်နှင့် အစ္စရေးတို့က အီရန်နိုင်ငံအား ယခုနှစ်ဖေဖော်ဝါရီ ၂၈ ရက်တွင် တိုက်ခိုက်ခဲ့ပြီးနောက် ဟော်မုဇ်ရေလက်ကြား ဖြတ်သန်းခွင့်ကို အီရန်က ထိန်းချုပ်ဆောင်ရွက်ခဲ့သည်။ ပါကစ္စတန်နိုင်ငံတွင် ကျင်းပခဲ့သည့် ငြိမ်းချမ်းရေးဆွေးနွေးပွဲများ မအောင်မြင်ခဲ့ပြီးနောက် အီရန်နိုင်ငံသို့ ဝင်/ထွက်သွားလာမည့် သင်္ဘောများအား အမေရိကန်က ပိတ်ဆို့မှုများဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ကိုးကား–ဆင်ဟွာ**
**ဘာသာပြန် –စိုးသူရ**

## အာဖဂန်နစ္စတန်နိုင်ငံက အမေရိကန်ဒေါ်လာ ၁၈ သန်းတန်ဖိုးရှိ ကော်ဇောများကို နိုင်ငံပေါင်း ၃၇ နိုင်ငံသို့ တင်ပို့

**ကဘူး မေ ၂၃**

အာဖဂန်နစ္စတန်နိုင်ငံက လွန်ခဲ့သည့်နှစ်အတွင်း အမေရိကန်ဒေါ်လာ ၁၈ သန်းတန်ဖိုးရှိ ကော်ဇောများကို နိုင်ငံပေါင်း ၃၇ နိုင်ငံသို့ တင်ပို့ခဲ့ကြောင်း သိရသည်။

အဆိုပါပို့ကုန်များသည် အမေရိကန်၊ တူရကီယဲနှင့် ဥရောပဈေးကွက်များအတွက် ရည်ရွယ်ခြင်းဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် နိုင်ငံအတွင်း၌ ကော်ဇောများ တိုးချဲ့လုပ်ဆောင်ခြင်းဖြင့် ပြည်သူ ၅၀၀၀၀ အတွက် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ကြောင်း အာဖဂန်နစ္စတန် ကော်ဇောသမဂ္ဂအကြီးအကဲ အက်ဘ်ဒူလာရာမန်ကွာက ပြောကြားသည်။

အာဖဂန်နစ္စတန် ကော်ဇောသမဂ္ဂက ပြည်တွင်းထုတ်ကုန်များကို နိုင်ငံတကာဈေးကွက်များသို့ ပိုမိုကောင်းမွန်စွာ မိတ်ဆက်နိုင်ရန်နှင့် အာဖဂန်ကော်ဇောများအတွက် ဝယ်ယူမည့် နိုင်ငံအသစ်များကိုလည်း ဆွဲဆောင်နိုင်ရန် ပြပွဲအရေအတွက်များကို တိုးမြှင့်လုပ်ဆောင်နေကြောင်း ၎င်းက ပြောကြားခဲ့သည်။

ကော်ဇောလုပ်ငန်းသည် နိုင်ငံ၏ စိုက်ပျိုးရေးလုပ်ငန်းပြီးနောက် ဒုတိယအကြီးဆုံး ကဏ္ဍဖြစ်ပြီး ပြည်သူ ၁ ဒသမ ၂ သန်းအတွက် အလုပ်အကိုင်များ ဖန်တီးပေးလျက်ရှိကြောင်း သိရသည်။

**ကိုးကား – ဆင်ဟွာ၊ ဘာသာပြန် – အောင်ကျော်ကျော်**

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့် မန္တလေးတိုင်းဒေသကြီး အင်းဝမြို့ဟောင်းရှိ ရှေးဟောင်းအဆောက်အအုံ၊ စေတီ၊ ပုထိုးများနှင့် မန္တလေးနန်းမြို့ရိုးပြုပြင်ထိန်းသိမ်းနေမှုများ ကြည့်ရှုစစ်ဆေး



မန္တလေး မေ ၂၃

ဟိုတယ်၊ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှု ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်သည် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်နှင့် တိုင်းဒေသကြီး ဝန်ကြီးများ၊ ဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် တံတားဦးခရိုင် အင်းဝမြို့ဟောင်းရှိ ရှေးဟောင်း အဆောက်အအုံ၊ စေတီ၊ ပုထိုးများနှင့် မန္တလေးနန်းမြို့ရိုး ပြုပြင်ထိန်းသိမ်းနေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ တံတားဦးမြို့ မင်္ဂလာစေတီမှ အင်းဝမြို့ဟောင်း တတိယမြို့ရိုးသို့ ဆက်သွယ်ဖောက်လုပ်ထားသည့် မဟာဇေယျပထမောင်အို အုတ်လမ်းသို့ ရောက်ရှိပြီး ဆောက်လုပ်ရေးဝန်ကြီးဌာန လမ်းဦးစီးဌာနက မောင်အိုအုတ်လမ်းအား ရှေးမှုမပျက် ပြန်လည်ဖော်ထုတ်၍ မူလအနေအထားအတိုင်း ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်း ဆောင်ရွက်ခဲ့မှုအခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် အေဒီ ၁၈၂၂ တွင် ဘကြီးတော်မင်းနှင့် နန်းမတော်မယ်နုတို့ ဆောက်လုပ်လှူဒါန်းခဲ့သည့် အောင်မြေဘုံစံအုတ်ကျောင်း (ခ) မယ်နုအုတ်ကျောင်းကို သွားရောက် ကြည့်ရှုစစ်ဆေးပြီး ပြည်ထောင်စုဝန်ကြီးက မယ်နုအုတ်ကျောင်းသည် အေဒီ ၁၆၃၈ တွင် လှုပ်ခတ်ခဲ့သည့် ငလျင်ဒဏ်ကြောင့် ပြိုကျခဲ့ပြီး မယ်နု၏ သမီးတော် ဆင်ဖြူမရှင်က ပြန်လည်ပြုပြင်ခဲ့ကြောင်း၊ ယခု ၂၀၂၅ မန္တလေးငလျင်ကြီးတွင် မြောက်ဘက်တစ်ခြမ်းလုံး ထိခိုက်ပျက်စီးခဲ့သဖြင့် ပြည်တွင်း၊ ပြည်ပ ပညာရှင်များနှင့် ညှိနှိုင်းတိုင်ပင်၍ သဘာဝဘေးကြောင့် မူလရှေးဟောင်းလက်ရာအနေအထား ပျက်စီးခဲ့မှုများအား နိုင်ငံတကာ စံချိန်စံညွှန်းများနှင့်အညီ ပြန်လည်ပြုပြင်ထိန်းသိမ်းရေး ဆောင်ရွက်သွားကြရန် မှာကြားသည်။

ယင်းနောက် အင်းဝမြို့ဟောင်းအား ပြည်တွင်းပြည်ပ ခရီးသွားများ စိတ်ဝင်စားစွာလေ့လာကြည့်ရှုနိုင်ရန်အတွက် နိုင်ငံတော်သမ္မတ၏ လမ်းညွှန်မှာကြားချက်များနှင့်အညီ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ငွေလုံးငွေရင်း ရန်ပုံငွေ (အခြား) အသုံးစရိတ်ဖြင့်ဆောင်ရွက်မည့် အင်းဝမြို့ဟောင်းရှိ တံခါးနီတံခါးနှင့် ရွှေတော်ယူတံခါး တူးဖော်သုတေသနပြုခြင်းနှင့် သတိုးမင်းဖျား၏ မူလမြို့ရိုးအား စမ်းသပ်တူးဖော်မည့် သုတေသနပြုမည့် နေရာများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ အေဒီ ၁၇၃၃တွင် တည်ထားခဲ့သည့် အင်းဝလောကသရဖူဘုရား ၂၀၂၅ ခုနှစ် မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးမှုများအပေါ် အလှူရှင် ဦးစိုးနိုင်၏ လှူဒါန်းမှုဖြင့် မူလရှေးဟောင်းလက်ရာအတိုင်း ပြန်လည်ထိန်းသိမ်းပြုပြင်ခြင်း လုပ်ငန်းဆောင်ရွက်နေမှု၊ ငလျင်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် အင်းဝရှေးဟောင်းသုတေသနပြတိုက် ပြန်လည် ပြုပြင်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

အင်းဝ ရှေးဟောင်းသုတေသနပြတိုက် ပြန်လည်ပြုပြင်ခြင်းကို မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းချုပ်နှင့် မြန်မာနိုင်ငံငလျင်အသင်းတို့မှ ပညာရှင်များ၊ အိန္ဒိယနိုင်ငံ ချန်နိုင်းတက္ကသိုလ်မှ ငလျင်နှင့်အဆောက်အအုံ ပညာရှင်များ၏ အကြံပြုချက်နှင့် ပူးပေါင်းကြီးကြပ်မှုဖြင့် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနမှ အင်ဂျင်နီယာများက ဆောင်ရွက်လျက်ရှိပြီး ၂၀၂၆ ခုနှစ် ဇွန်လတွင် ပြီးစီးရန် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီးက အတွင်းမှထောက်တိုင်များ၊ အပေါ်ဆင့်များ ထပ်မံအားဖြည့်ထည့်ရန်၊ နောင်ငလျင်များဖြစ်ပေါ်လာနိုင်သည်ကို ကြိုတင်ရည်မှန်း၍ ပိုမိုကြံ့ခိုင်အောင် ဆောင်ရွက်ရန်၊ အင်ဂျင်နီယာများ နေ့စဉ်အမြဲကြီးကြပ်၍ အားနည်းချက်မရှိစေရေး စီမံဆောင်ရွက်ရန်၊ ပြုပြင်ပြီးစီးပါက ပြန်လည်ခင်းကျင်းမှုကိုပါ ကြိုတင်လျာထားဆောင်ရွက်ရန်၊ အလားတူ အင်းဝဒေသရှိ ငလျင်ဒဏ်ခံဘုရားများ ပြုပြင်ရာတွင် ပစ္စည်းလိုအပ်ချက်များရှိပါက တင်ပြရန်နှင့် ဝန်ကြီးဌာနချင်း ညှိနှိုင်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်း မှာကြားသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ငလျင်ကြောင့် မန္တလေးနန်းမြို့ရိုး၏ နေရာအနှံ့အပြားတွင် ထိခိုက်ပျက်စီးမှုများကို အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေဖြင့် မူလရှေးမူမပျက် ပြန်လည်ပြုပြင်ထိန်းသိမ်းရေး ဆောင်ရွက်မှုများကိုလည်းကောင်း၊ အမှတ် (၉၅၁) ဆောက်လုပ်ရေးတပ်ခွဲ (အင်ဂျင်နီယာ)၊ တင်ဒါအောင်ကုမ္ပဏီများနှင့်ဌာနတို့က ဆောင်ရွက်ခဲ့သည့် မြို့ရိုး၊ မီးတားများ၊ သူရဲခိုများ၊ ပြာသာဒ်ကြီးများနှင့် ပြာသာဒ်ငယ်များ ပြုပြင်ထိန်းသိမ်းရေး လုပ်ငန်းများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းဆိုင်ရာများ မှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးမျိုးမြင့် ဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲ နှစ် (၇၀) ပြည့်အထိမ်းအမှတ် မဟာမင်္ဂလာအခမ်းအနားကျင်းပမည့် သမိုင်းဝင်အဆောက်အအုံများ ပြုပြင်မွမ်းမံထိန်းသိမ်းရေးလုပ်ငန်းဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး



နေပြည်တော် မေ ၂၃

ဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲ နှစ်(၇၀)ပြည့် အထိမ်းအမှတ် မဟာမင်္ဂလာအခမ်းအနား ကျင်းပမည့် သမိုင်းဝင်အဆောက်အအုံများနှင့် လမ်းများ ပြုပြင်မွမ်းမံထိန်းသိမ်းရေးလုပ်ငန်း ဆပ်ကော်မတီ ဥက္ကဋ္ဌ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးမြင့်သည် ရန်ကုန်မြို့တော်ဝန်၊ လျှပ်စစ်၊ စွမ်းအင်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးနှင့်အတူ လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် အဆောက်အဦဦးစီးဌာန အဆောက်အဦအထူးအဖွဲ့(၂)က တာဝန်ယူ ပြုပြင်မွမ်းမံဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းခွင်ရှင်းလင်းဆောင်သို့ ရောက်ရှိရာ တာဝန်ခံအင်ဂျင်နီယာက ရရှိရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသည့် မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီး၊ ကမ္ဘာအေးမဟာသိမ်တော်ကြီး၊ ပုဗ္ဗဝိဒေဟကျောင်းဆောင်၊ ဥတ္တရကုရုကျောင်းဆောင်၊ အပရဂေါယာနကျောင်းဆောင်၊ ဇမ္ဗူဒီပကျောင်းဆောင်၊ ပုံနှိပ်တိုက်၊ ဘဲဥပုံသဏ္ဌာန်ကန်တော်၊ ဗုဒ္ဓသာသနာ့ဆေးရုံ၊ ကမ္ဘာအေးမဟာသိမ်တော်ကြီး၊ ဆဋ္ဌသင်္ဂါယနာမော်ကွန်းပြတိုက်၊ ဗုဒ္ဓပြတိုက်၊ သုတေသနပိဋကတ်တိုက် စသည့်နေရာများတွင် ပြုပြင်မွမ်းမံခြင်းလုပ်ငန်း ဆောင်ရွက်ထားမှုအခြေအနေကို ရှင်းလင်းတင်ပြပြီး အဆောက်အဦဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များအပေါ် ဒုတိယဝန်ကြီးက မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီး၌ ဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲ နှစ်(၇၀)ပြည့် အထိမ်းအမှတ် မဟာမင်္ဂလာအခမ်းအနားကျင်းပရာတွင် ပြည်ပနိုင်ငံများမှ ဧည့်သည်တော်များကို ဖိတ်ကြားမည်ဖြစ်သည့်အတွက် မိမိတို့ဝန်ကြီးဌာနအနေဖြင့် သမိုင်းဝင် အထင်ကရအဆောက်အအုံများ ပြင်ဆင်ရာ၌ ရှေးမှုလက်ရာများကို မပျက်စီးစေအောင် ထိန်းသိမ်း၍ ခေတ်နှင့်လျော်ညီသည့်စနစ်များနှင့် ရေရှည်တည်တံ့ကောင်းမွန်စေမည့်စနစ်များဖြင့် ယဉ်ကျေးမှုဗိသုကာများနှင့်အညီဆောင်ရွက်သွားရန်၊ လုပ်ငန်းဆောင်ရွက်ရာတွင် အသုံးပြုသည့်ပစ္စည်းများ အမျိုးအစားမှန်ကန်ပြီး အရည်အသွေးစံချိန်စံညွှန်းပြည့်မီစေရန် အလေးထားဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ လုပ်ငန်းပြီးစီးမှု ဟန်ချက်ညီစေရေးအတွက် ဘဏ္ဍာရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရန် လိုအပ်ပြီး နိုင်ငံ့ဘဏ္ဍာရန်ပုံငွေ လေလွင့်ဆုံးရှုံးမှုမရှိစေရေး၊ ဆပ်ကော်မတီ၏လုပ်ငန်းများ သတ်မှတ်အချိန်အတွင်းပြီးစီးရေး ဆောင်ရွက်ရမည်ဖြစ်ကြောင်း မှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် လုပ်ငန်းခွင်အတွင်း အသေးစိတ်လိုက်လံကြည့်ရှု စစ်ဆေးပြီး ကဏ္ဍအလိုက်လုပ်ငန်းများဆောင်ရွက်ရာတွင် အချိန်နှင့်တစ်ပြေးညီပြီးစီးစေရေးအတွက် လိုအပ်သည်များကို သက်ဆိုင်ရာဆပ်ကော်မတီအဖွဲ့များနှင့် ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# သထုံမြို့နယ်၌ သစ်တောထိန်းသိမ်းရေး၊ တောမီးကာကွယ်ရေးနှင့် မီးခိုးမြူငွေ့ညစ်ညမ်းမှုထိန်းချုပ်ရေးဆိုင်ရာ အသိပညာပေးဟောပြော

သထုံ မေ ၂၃

မွန်ပြည်နယ် သထုံမြို့နယ်တွင် ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနနှင့် မြို့နယ်သစ်တောဦးစီးဌာနတို့ပူးပေါင်း၍ နွေရာသီကာလအတွင်း တောမီးနှင့် အခြားမီးများကြောင့် မီးလောင်မှုအရေအတွက် များပြားနေခြင်းကို လျှော့ချရေးနှင့် မီးခိုးမြူငွေ့ညစ်ညမ်းမှုထိန်းချုပ်ရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ယနေ့နံနက်ပိုင်းတွင် ကတိုက်ကြီးကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်း၌ ကျင်းပသည်။

ဦးစွာ သထုံမြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးတင်ထွန်းက သစ်တောထိန်းသိမ်းရေး၊ တောမီးကာကွယ်ရေးနှင့် မီးခိုးမြူငွေ့လျှော့ချရေး ခေါင်းစဉ်ဖြင့် ဆွေးနွေးဟောပြောပြီး ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးသံစဉ်မှူးက ရိုးပြတ်များမီးရှို့ခြင်းနှင့် မီးခိုးမြူငွေ့အန္တရာယ် ခေါင်းစဉ်ဖြင့် အသိပညာပေးဟောပြောသည်။

ယင်းနောက် သစ်တောထိန်းသိမ်းရေး၊ တောမီးကာကွယ်ရေးနှင့် မီးခိုးမြူငွေ့လျှော့ချရေးဆိုင်ရာ အသိပညာပေး video clip ကို ပြသပြီး အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**



## ကချင်ပြည်နယ်ဝန်ကြီးချုပ် ရန်အောင်မြင်ကျောင်းတိုက်ဆရာတော်၏ ထပ်ဆင့် ဝိသိဋ္ဌဂုဏပူဇာ မင်္ဂလာအခမ်းအနားသို့ တက်ရောက်ကြည်ညိုပူဇော်



**မြစ်ကြီးနား ဧပြီ ၂၃**

မဟာသဒ္ဓမ္မ ဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ မြစ်ကြီးနားမြို့ ပမ္မတီးရပ်ကွက် ရန်အောင်မြင် (ဘုမ္မော) ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တစန္ဒောဘာသ၏ ထပ်ဆင့် ဝိသိဋ္ဌဂုဏပူဇာ မင်္ဂလာ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အဆိုပါ ဘုန်းတော်ကြီး ကျောင်းတိုက်ရှိ ပြည့်စုံသုခဓမ္မ ကျောင်းဆောင်၌ ကျင်းပရာ ဝန်းသိုကျောင်းတိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကေတု မာလာ အမှူးပြုသော ဆရာတော် သံဃာတော်များ ကြွရောက်တော် မူကြသည်။

ထို့နောက် ဆရာတော် သံဃာ တော်များထံမှ ပြည်နယ်ဝန်ကြီး ချုပ် ဦးခက်ထိန်နန်နှင့် ဇနီး၊ ပြည်နယ်တရားလွှတ်တော်တရား သူကြီးချုပ် ဒေါ်အေးအေးမော်၊ မြောက်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်ဇော်ထွေး နှင့်ဇနီး၊ ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီး များနှင့် ၎င်းတို့၏ ဇနီးများ၊ အလှူ့ဒါယကာ၊ ဒါယိကာမများ၊ ဖိတ်ကြားထားသော ဧည့်သည် တော်များက ငါးပါးသီလ ခံယူ ဆောက်တည်ကြသည်။

**ဆက်ကပ်လှူဒါန်း**

ယင်းနောက် ဘွဲ့တံဆိပ်တော်ရ ဆရာတော်က ကျေးဇူးတင် ဝမ်းမြောက်ကြောင်း မိန့်ကြား ပြီး ပြည်နယ် ဝန်ကြီးချုပ်နှင့် ဇနီး၊ တိုင်းမှူးနှင့် ဇနီး၊ တာဝန် ရှိသူများက ဆရာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ် လှူဒါန်းကြသည်။

ဆက်လက်၍ တေးသီချင်းဖြင့် ဆရာတော်အား ပူဇော်ခဲ့ကြပြီး ရွှေရတနာပုံ ဆရာတော် ဦးကလျာဏက ဘွဲ့တံဆိပ်တော်ရ ဆရာတော်၏ ထေရုပ္ပတ္တိအကျဉ်း အား ဖတ်ကြားပြီး ရတုပိုဒ်စုံဖြင့် သီဆိုပူဇော်ကာ လှူဒါန်းမှုအစုစု တို့အတွက် ရေစက်သွန်းချ အမျှ ပေးဝေခဲ့ကြကာ ဆရာတော်များ အား နေ့ဆွမ်းဆက်ကပ်လှူဒါန်း သည်။

မွန်းလွဲပိုင်းတွင် ပြည်နယ် အစိုးရအဖွဲ့ရုံး အစည်းအဝေး ခန်းမ၌ နိုင်ငံတော်သမ္မတ၏ လမ်းညွှန် မှာကြားချက်များ ထပ်ဆင့်ရှင်းလင်းခြင်းနှင့် ရက် ၁၀၀ ကာလအတွင်း Quick Win လုပ်ငန်းများ ဝန်ကြီးဌာနအလိုက် အောင်မြင်အောင် အကောင် အထည်ဖော် ဆောင်နိုင်ရေး လုပ်ငန်း ညှိနှိုင်းဆွေးနွေးပွဲကို ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်က ပြည်ထောင်စုသမ္မတ မြန်မာ နိုင်ငံတော် နိုင်ငံတော်သမ္မတ၏ လမ်းညွှန်မှာကြားချက်များအပေါ် မိမိတို့ ပြည်နယ်အစိုးရအဖွဲ့အနေ ဖြင့်လည်း အလေးအနက်ထား လိုက်နာ အကောင်အထည်ဖော် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ထို့အတူ ရက်ပေါင်း ၁၀၀ ကာလ အတွင်း Quick Win လုပ်ငန်းများ ကိုလည်း ပြည်နယ်ဝန်ကြီးများ အနေဖြင့် သက်ဆိုင်ရာ ဦးစီးဌာန/ အဖွဲ့အစည်းများကို အနီးကပ် ကြပ်မတ် ဆောင်ရွက်သွားကြရ မည်ဖြစ်ကြောင်း၊ ထို့အတူ လုပ်ငန်းများ အောင်မြင်အောင် ဆောင်ရွက်ရာတွင် ပြည်သူများ အားလုံး၏ ပူးပေါင်းပါဝင်မှုဖြင့် မိမိတို့အားလုံးက စည်းစည်း လုံးလုံး ဆောင်ရွက်သွားကြရန် လိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးများ က သက်ဆိုင်ရာ ဝန်ကြီးဌာန အလိုက် ကွပ်ကဲမှုအောက်ရှိ ဦးစီး ဌာန/အဖွဲ့အစည်းများက ရက် ပေါင်း ၁၀၀ ကာလအတွင်း အကောင်အထည်ဖော် ဆောင် ရွက်သွားမည့် Quick Win လုပ်ငန်း များနှင့်စပ်လျဉ်း၍ ဆောင်ရွက် လျက်ရှိသည့် အခြေအနေများ နှင့် ပြည်နယ်အစိုးရအဖွဲ့က ဖြည့်ဆည်းပေါင်းစပ် ဆောင်ရွက် ပေးရမည့်ကိစ္စရပ်များကို တင်ပြ ဆွေးနွေးကြရာ ပြည်နယ်ဝန်ကြီး ချုပ်က Quick Win လုပ်ငန်းများ ကို အောင်မြင်အောင် အကောင် အထည်ဖော်နိုင်ရေး အားလုံးက စည်းစည်းလုံးလုံး ညီညီညွတ် ညွတ်ဖြင့် ကြိုးစားဆောင်ရွက်ကြ ရေးနှင့် လိုအပ်သည်များကို ပေါင်းစပ်ဆောင်ရွက်ပေးသည်။

ယင်းနောက် မြစ်ကြီးနားမြို့ ရှမ်းစုတောင် ရပ်ကွက်အတွင်း ဧရာဝတီမြစ်ကမ်းဘေး၌ ဝန်းသို ဆရာတော်ကြီး၏ လမ်းညွှန်မှုဖြင့် တည်ထားကိုးကွယ်လျက်ရှိသည့် ဓာတ်တော်တိုက်စေတီတော်ဝင်း အတွင်း ရေအရင်းအမြစ်နှင့် မြစ် ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီး ဌာနက တာဝန်ယူတည်ဆောက် လျက်ရှိသော အလျား ၁၄၅ ပေ ရှိ ကျောက်စီမြေထိန်း တမံ တည်ဆောက်ခြင်းလုပ်ငန်းခွင်သို့ သွားရောက်ကာ လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများ ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ် သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရ သည်။

ပြည်နယ်(ပြန်/ဆက်)

## သတင်းအေဂျင်စီလုပ်ငန်း ပိတ်သိမ်းကြောင်း အသိပေးကြေညာချက်

ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ(ခ) အရ ပြန်ကြားရေးဝန်ကြီးဌာနသည် ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်း လုပ်ငန်းဥပဒေပုဒ်မ ၈ ပါ စည်းကမ်းချက်တစ်ရပ်ရပ်နှင့် ငြိစွန်းသည် ဟု သံသယရှိသော ထုတ်ဝေစာကို ပုံနှိပ်၊ ထုတ်ဝေခဲ့ကြောင်း ခိုင်လုံ သောအထောက်အထားဖြင့် သတင်းပေးပို့ခြင်းကို လက်ခံရရှိလျှင် သော်လည်းကောင်း၊ ကိုယ်တိုင်သိရှိလျှင်သော်လည်းကောင်း သတ်မှတ်ချက်နှင့်အညီစစ်ဆေးပြီး ငြိစွန်းကြောင်းတွေ့ရှိပါက လုပ်ငန်းအသိအမှတ်ပြုလက်မှတ်ကို ပြန်လည်ရုပ်သိမ်းခြင်း သို့မဟုတ် ကာလအကန့်အသတ်ဖြင့် ရပ်ဆိုင်းခြင်းပြုနိုင်ပါသည်။

သတင်းအေဂျင်စီလုပ်ငန်းအသိအမှတ်ပြုလက်မှတ်ရယူထားသူ ဆလိုင်းရန်လင်းမာန်၏ Chin World သတင်းအေဂျင်စီ၊ ဦးဂျေမှိန်းထန်းစန်းငါ၏ KHONUMTHUNG MEDIA GROUP သတင်းအေဂျင်စီနှင့် ဦးမင်းထက်အောင်၏ မျက်မှောက်ခေတ် (Nowadays News) သတင်းအေဂျင်စီတို့သည် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေ ပုဒ်မ ၈၊ ပုဒ်မခွဲ(ခ)ပါ စည်းကမ်းချက်ကို လိုက်နာခြင်းမရှိဘဲ နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ အများပြည်သူအေးချမ်းသာယာရေးတို့ကို ထိခိုက်စေသည့် အကြောင်းအရာများကို ရေးသားလွှင့်တင်ဖော်ပြခဲ့သည့်အတွက် ၎င်းတို့အားထုတ်ပေးထားသည့် သတင်းအေဂျင်စီလုပ်ငန်းများကို ၂၀၂၆ ခုနှစ်၊ ဧပြီလ ၉ ရက်နေ့မှစ၍ ပိတ်သိမ်းလိုက်ကြောင်းနှင့် ၎င်းသတင်းအေဂျင်စီများအနေဖြင့် မီဒီယာအမျိုးအစားတစ်ခုခုကို အသုံးပြု၍ဖြစ်စေ၊ နည်းပညာတစ်ရပ်ရပ်ကို အသုံးပြု၍ဖြစ်စေ ရေးသားထုတ်လွှင့်ဖော်ပြခြင်းမပြုရန် ကြေညာအပ်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန



## လှိုင်သာယာမြို့နယ်၌ မိသားစုဝင်ငွေတိုးရေး စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်

**ရန်ကုန် ဧပြီ ၂၃**

ရန်ကုန်တိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီး ဌာနက ရက် ၁၀၀ အတွင်း လုပ်ငန်းရှင် ၁၀၀ ပေါ်ထွက်လာရေး စီမံချက် အဖြစ် အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစုဝင်ငွေတိုးရေးစီမံကိန်းဖြင့် စက်ချုပ်နည်းပညာ သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အမှတ်(၂၂) ရပ်ကွက် လှိုင်သာယာမြို့နယ် မေတ္တာသီတဂူမိန်းကလေး(ပရဟိတ) သီလရှင်ကျောင်းတိုက်၌ ကျင်းပသည်။

အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး အသေးစားစက်မှု လက်မှုလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသက်နိုင်ဦးက အမှာ စကားပြောကြားပြီး သင်တန်းသုံးပစ္စည်းများကို သင်တန်းသူတစ်ဦးအား လွှဲပြောင်းပေးအပ်သည်။

အဆိုပါ စက်ချုပ်နည်းပညာသင်တန်းကို စာတွေ့ ၃၀ ရာခိုင်နှုန်း၊ လက်တွေ့ ၇၀ ရာခိုင်နှုန်းဖြင့် ဧပြီ ၂၂ ရက်မှ ဇွန် ၂၂ ရက်ထိ စက်ချုပ် နည်းပညာဘာသာရပ် ၁၀ မျိုးကို သင်ကြားပို့ချပေးသွားမည်ဖြစ်ပြီး သင်တန်းသား သင်တန်းသူ ၁၅ ဦး တက်ရောက်မည်ဖြစ်ကြောင်း သိရသည်။

သက်လွင်စိုး(ပြန်/ဆက်)

## သထုံခရိုင်ပြည်သူ့စာကြည့်တိုက်၌ စာဖတ်ဝိုင်းဆွေးနွေးပွဲ ကျင်းပ

**သထုံ ဧပြီ ၂၃**

မွန်ပြည်နယ် သထုံမြို့နယ်တွင် သထုံခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မြို့နယ်စာပေချစ်မြတ်နိုးသူများ(Book Club)အဖွဲ့နှင့် မြို့နယ်စာရေးဆရာအသင်းတို့ ပူးပေါင်းကာ စာဖတ် ဝိုင်းဆွေးနွေးပွဲကို ယနေ့မွန်းလွဲပိုင်းတွင် ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ ဆက်ဆံရေးဦးစီးဌာနရုံး လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပသည်။



**ဆွေးနွေး**

ဦးစွာ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်လှလှဌေးက စာဖတ်ဝိုင်းပြုလုပ်ရ သည့် ရည်ရွယ်ချက်၊ လူထုအခြေပြုဗဟိုဌာန၌ လစဉ် စာဖတ်ဝိုင်းများ ပြုလုပ်နေမှု အခြေအနေတို့ကို ရှင်းလင်းပြီး မြို့နယ်စာရေးဆရာ အသင်းဥက္ကဋ္ဌ စာရေးဆရာ ရွှေထုံခင်သီတာလှိုင်က စာပေရေးရာများကို ဆွေးနွေးပြောကြားသည်။

ယင်းနောက် မြို့နယ်စာရေးဆရာအသင်း အဖွဲ့ဝင်များ၊ မြို့နယ် စာပေချစ်မြတ်နိုးသူများအသင်း အဖွဲ့ဝင်များက စာရေးဆရာ ခင်စောတင့် ၏ "စွန့်စားမှုဆီသို့ ခြေတစ်လှမ်းနှင့် အတွေးအမြင်စာစုများ" စာအုပ်ကို အခန်းအလိုက်ဖတ်ရှုပြီး မှတ်သားဖွယ်ရာများ၊ ၎င်းတို့နှစ်သက်ရာများကို အပြန်အလှန် သုံးသပ်ဆွေးနွေးခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

# စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလား ခရိုင်ပေါင်းစုံ အသက် (၁၈) နှစ်အောက် အမျိုးသား ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

မုံရွာ မေ ၂၃

၂၀၂၆ ခုနှစ် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလား ခရိုင်ပေါင်းစုံ အသက်(၁၈)နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ ဖွင့်ပွဲကို ယနေ့ နံနက်ပိုင်းတွင် မုံရွာမြို့ ပြည်သူ့အားကစားကွင်း၌ ကျင်းပသည်။

ဖွင့်ပွဲသို့ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးကိုလေး၊ တိုင်းဒေသကြီး လွှတ်တော် ဥက္ကဋ္ဌ၊ တိုင်းဒေသကြီး တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီး/ ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မုံရွာမြို့ပေါ်ရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်များမှ ကျောင်းသား ကျောင်းသူများ၊ ပြိုင်ပွဲဝင်အသင်း အုပ်ချုပ်သူများနှင့် အားကစားသမားများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်အား ပြိုင်ပွဲဝင် အသင်းများက စစ်ကြောင်းပုံဖြင့် ချီတက်အလေးပြုကာ ကွင်းအတွင်းနေရာယူကြသည်။

**လိုက်လံနှုတ်ဆက်**

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး ပြိုင်ပွဲဝင်အသင်းများက အားကစားသစ္စာအဓိဋ္ဌာန်ရွတ်ဆိုကာ တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌနှင့် တိုင်းဒေသကြီးဝန်ကြီးများက ပြိုင်ပွဲဝင်အသင်းများအား လိုက်လံနှုတ်ဆက်ကြသည်။



ယင်းနောက် မုံရွာမြို့ အမှတ် (၂) စိုက်ပျိုး၊ မွေးမြူရေးနှင့် အခြေခံပညာအထက်တန်းကျောင်း (အလုံ) မှ ဘင်ခရာ/ပန်းဖွားအဖွဲ့နှင့် သူနာပြုနှင့် သားဖွားသင်တန်းကျောင်း(မုံရွာ)မှ သင်တန်းသူများ၊ Fitness Dance အဖွဲ့များ၏ ဖျော်ဖြေမှုများကို ကြည့်ရှုအားပေးကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ၂၀၂၆ – ခုနှစ် စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလား ခရိုင်ပေါင်းစုံ အသက်(၁၈)နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ အဖွင့်ပွဲစဉ်အဖြစ် စစ်ကိုင်းခရိုင်အသင်းနှင့် ကလေးခရိုင်အသင်းတို့ ယှဉ်ပြိုင်ကစားနေမှုများကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် ၂၀၂၆–၂၀၂၇ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်းရည်မှန်းချက် တာဝန် ပေးအပ်ပွဲသို့ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က လုပ်ငန်းဆိုင်ရာများကို မှာကြားပြီး တိုင်းဒေသကြီး စီမံကိန်းဦးစီးဌာနရုံးမှ တိုင်းဒေသကြီးဦးစီးမှူးက ၂၀၂၆–၂၀၂၇ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်းရည်မှန်းချက်များနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က တိုင်းဒေသကြီးအဆင့်ဌာနဆိုင်ရာများနှင့် မုံရွာခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌတို့ထံ ၂၀၂၆–၂၀၂၇ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်း ရည်မှန်းချက် တာဝန်များကို ပေးအပ်ကာ နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

---

# Myanmar Plaza Sepaktakraw Challenge Cup ပိုက်ကျော်ခြင်းပြိုင်ပွဲကျင်းပ



ရန်ကုန် မေ ၂၃

မြန်မာနိုင်ငံ ပိုက်ကျော်ခြင်းအဖွဲ့ချုပ်က ကြီးမှူး၍ မြန်မာပလာဇာ(MyanmarPlaza)၏ ပံ့ပိုးကူညီမှုဖြင့်ကျင်းပသည့် Myanmar Plaza Sepaktakraw Challenge Cup ပိုက်ကျော်ခြင်းပြိုင်ပွဲဖွင့်ပွဲကို ယနေ့ ညနေပိုင်းက ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် ကမ္ဘာအေးဘုရားလမ်းရှိ မြန်မာပလာဇာ၌ ကျင်းပသည်။

ဦးစွာ မြန်မာနိုင်ငံပိုက်ကျော်ခြင်း အဖွဲ့ချုပ် ဒုတိယ ဥက္ကဋ္ဌ ဦးအောင်မြင့်မြတ်၊ မြန်မာပလာဇာမှ ပြိုင်ပွဲကျင်းပရေးနှင့် အရောင်းမြှင့်တင်ရေးမန်နေဂျာ ဒေါ်ဟန်စုယဉ်တို့က အမှာစကားပြောကြားကြပြီး ပြိုင်ပွဲကို တာဝန်ရှိသူများက ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ပြိုင်ပွဲကို ပထမပွဲစဉ်အဖြစ် ဖဆန်းညွှန့်အသင်းနှင့် USL အသင်း၊ YRG အသင်းနှင့် ဒွေးမယ်နော်အသင်း၊ ရွှေကျွန်းသားအသင်းနှင့် စိုးလင်းအသင်း၊ ဆယ်တဲဗိုလ်အသင်းနှင့် လိပ်သုံးကောင်အသင်းတို့ ယှဉ်ပြိုင်ကစားကြသည်။

ယင်းပြိုင်ပွဲကို မေ ၂၃ ရက်မှ ၂၆ ရက်အထိ ဝင်ကြေးအခမဲ့ဖြင့် ကျင်းပမည်ဖြစ်ပြီး ပြိုင်ပွဲတွင် မြန်မာ့လက်ရွေးစင်ကစားသမားများ၊ ဝါရင့်ကစားသမားများနှင့် အရည်အသွေးထက်မြက်သည့် မျိုးဆက်သစ်လူငယ်များက လေးယောက်တွဲအလွတ်တန်း ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်၍ ဆုကြေးအဖြစ် ပထမဆုငွေကျပ်သိန်း ၅၀၊ ဒုတိယဆုငွေကျပ်သိန်း ၃၀၊ ပူးတွဲတတိယဆုနှစ်ဆု တစ်ဆုလျှင် ငွေကျပ် ၁၅ သိန်းစီ ဂုဏ်ပြုချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။

**အာကာ**

---

## အပူဒဏ်အန္တရာယ်ကာကွယ်ရေး နှိုးဆော်ချက်

နွေရာသီတွင် ရာသီဥတုပူပြင်းလာပြီဖြစ်သဖြင့် ခန္ဓာကိုယ်အတွင်းရှိ ရေနှင့် ဓာတ်ဆားဓာတ်များ ဆုံးရှုံးမှု ပိုမိုများပြားပါသည်။ အပူဒဏ်အန္တရာယ်ကြောင့် မိတ်နှင့် ယားဖုများထွက်ခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ မူးဝေခြင်း၊ ခေါင်းကိုက်ခြင်း၊ ကြွက်တက်ခြင်း၊ ချွေးခြောက်ခြင်း၊ ကိုယ်အပူချိန်မြင့်တက်ခြင်း၊ သတိလစ်ခြင်းတို့ ဖြစ်ပွားနိုင်သည့်အပြင် ပြင်းထန်စွာခံစားရပါက အသက်အန္တရာယ် ထိခိုက်နိုင်ပါသည်။

ပြည်သူများအနေဖြင့် အပူဒဏ်အန္တရာယ်ကြောင့် မလိုလားအပ်သောအကျိုးဆက်များ မဖြစ်ပေါ်စေရေးအတွက် အောက်ဖော်ပြပါအချက်များကို လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်–

(၁) ကလေးသူငယ်များ၊ သက်ကြီးပုဂ္ဂိုလ်များနှင့် ဆီးချိုရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါစသည့် နာတာရှည်ရောဂါအခံရှိသူများအနေဖြင့် နေ့လယ်နေ့ခင်းအချိန်တွင် အရိပ်ရအေးမြ၍ လေဝင်လေထွက်ကောင်းသောနေရာများတွင် နားနေပါ၊

(၂) ပူပြင်းသည့်နေရောင်အောက်တွင် ပြင်းထန်စွာအလုပ်လုပ်ခြင်းနှင့် ကိုယ်လက်လှုပ်ရှားမှုပြုလုပ်ခြင်းတို့ကို ရှောင်ကြဉ်ပါ၊

(၃) ပူပြင်းသည့် နေရောင်အောက်တွင် သွားလာလှုပ်ရှားရန်၊ အလုပ်လုပ်ရန် လိုအပ်ပါကလည်း အရိပ်လုံလောက်စွာရနိုင်သည့် ထီး၊ ဦးထုပ်များဆောင်းပါ။ အရိပ်ရအေးမြသည့်နေရာများတွင် ခေတ္တအနားယူခြင်းကိုလည်း မကြာခဏပြုလုပ်ပါ၊

(၄) အလင်းပြန်သောအဖြူရောင် သို့မဟုတ် အရောင်ဖျော့သော ပွပွချောင်ချောင်ချည်ထည်များကို ဝတ်ဆင်ပါ၊

(၅) နေပူထဲမှပြန်လာပြီး ချက်ချင်းရေချိုးခြင်းနှင့် နံနက် (၁၀) နာရီမှ ညနေ (၅) နာရီအထိ လွင်တီးခေါင်ပြင်၊ မြစ်ကမ်းနား၊ ရေချိုးဆိပ်များ၌ အဝတ်လျှော်ဖွပ်ခြင်း၊ ရေချိုးခြင်းစသည်တို့ကို ရှောင်ကြဉ်ပါ၊

(၆) ပူပြင်းသောနေရောင်အောက်တွင် အလွန်အေးသောအခန်းနှင့် ကားအတွင်းမှ ပူပြင်းသောနေရောင်ထဲသို့ ချက်ချင်းထွက်ခြင်းနှင့် အလွန်အေးသောအခန်းနှင့် ကားအတွင်းသို့ ချက်ချင်းဝင်ရောက်ခြင်းတို့ကို ရှောင်ကြဉ်ပါ၊

(၇) အရက်သေစာသောက်သုံးခြင်းကြောင့် အပူဒဏ်အန္တရာယ်ကို ပိုမိုခံစားရစေနိုင်ပြီး ဖြစ်ပွားပါက ပိုမိုပြင်းထန်စွာခံစားရနိုင်သဖြင့် ရှောင်ကြဉ်ပါ။

(၈) ခန္ဓာကိုယ်အတွင်း ရေနှင့်ဓာတ်ဆားဓာတ်များ ဆုံးရှုံးမှုမဖြစ်ပေါ်စေရန် ရေနှင့်ဓာတ်ဆားရည်ကို လုံလောက်အောင် သောက်သုံးပါ၊

(၉) မိတ်နှင့် ယားဖုများထွက်ပါက ရေအေးဝတ်ကပ်ခြင်း၊ သနပ်ခါးလိမ်းခြင်းတို့ကို ပြုလုပ်ပါ၊

(၁၀) အပူဒဏ်အန္တရာယ်ခံစားရသောလူနာအား အရိပ်ရအေးမြ၍ လေဝင်လေထွက်ကောင်းသောနေရာတွင် ထားရှိခြင်း၊ ရေနှင့်ဓာတ်ဆားရည်များ သောက်သုံးစေခြင်း၊ လူနာ၏ ခန္ဓာကိုယ်အပူချိန် အမြန်ကျဆင်းစေရန် နဖူး၊ လည်ပင်း၊ ချိုင်းကြားနှစ်ဖက်နှင့် ပေါင်ခြံနှစ်ဖက်တို့အား ရေအေးပတ်တိုက်ပေးခြင်း စသည်တို့အား ဦးစွာဆောင်ရွက်၍ နီးစပ်ရာဆေးရုံ/ ဆေးခန်း ကျန်းမာရေးဌာနသို့ အမြန်ဆုံးသွားရောက်ပြသ၍ ကုသမှုခံယူစေပါ။

**ကျန်းမာရေးဝန်ကြီးဌာန**

---



# လူငယ်သင်တန်းကျောင်း၊ အမျိုးသား-အမျိုးသမီး သင်တန်းကျောင်းများသို့ ဘော်လီဘောပိုက်နှင့် ဘောလုံးများ ပေးအပ်လှူဒါန်း

မန္တလေး မေ ၂၃

မျိုးဆက်သစ်ဘော်လီဘောအားကစားသမားများ စဉ်ဆက်မပြတ်ပေါ်ထွန်းရေးအတွက် မြန်မာနိုင်ငံဘော်လီဘောအားကစားအဖွဲ့ချုပ် နည်းပြဆရာကြီး(အား/ကာသိပ္ပံ)လက်ထောက်ညွှန်ကြားရေးမှူး ဦးတင့်ဝေက ယနေ့နံနက်ပိုင်းတွင် ဘော်လီဘောသင်တန်းသားလူငယ်များ၊ အမျိုးသမီးသင်တန်းသူများကို သတ်မှတ်အချိန်ပိုင်းအလိုက် သက်ဆိုင်ရာ သင်တန်းကျောင်းများတွင် အခြေခံဘော်လီဘော အားကစားနည်းစနစ်များ စနစ်တကျ သင်ကြားပို့ချပေးခဲ့သည်။

ထို့နောက် သင်တန်းသား သင်တန်းသူများ စဉ်ဆက်မပြတ်လေ့ကျင့်ကစားရန်အတွက် မြန်မာနိုင်ငံဘော်လီဘောအားကစားအဖွဲ့ချုပ်က ထောက်ပံ့သည့် ဘော်လီဘော ဘောလုံးများနှင့် ဘော်လီဘောပိုက်များကို သင်တန်းကျောင်းတာဝန်ရှိသူများထံ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**တင်မောင်–မန္တလေး**

# တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ပညာရေးနှင့် သင်ပြနည်းပညာဒီပလိုမာသင်တန်းဖွင့်ပွဲ တက်ရောက်

ထားဝယ် မေ ၂၃

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ ထားဝယ်ပညာရေးဒီဂရီကောလိပ်၏ ပညာရေးနှင့် သင်ပြနည်းပညာဒီပလိုမာသင်တန်း Dip.EP အမှတ်စဉ် (၂/၂၀၁၆) သင်တန်းဖွင့်ပွဲကို ယနေ့နံနက် ၉ နာရီက အဆိုပါဒီဂရီကောလိပ်ရှိ တိက္ခပညာခန်းမ၌ ကျင်းပသည်။




ဖွင့်ပွဲတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဇော်နိုင်ဦးက သင်တန်းတက်ရောက်ကြသည့် ဆရာ ဆရာမများအနေဖြင့် တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေးအတွက် တက်ညီလက်ညီဖြင့် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန်၊ ကာယ၊ ဉာဏ၊ စာရိတ္တမကျန် ဘက်စုံဖွံ့ဖြိုးတိုးတက်သောမြန်မာ့လူ့ဘောင်ကို အကျိုးပြုသည့် နိုင်ငံသားကောင်းများဖြစ်အောင် ကြိုးစားပေးကြရန် လိုအပ်ကြောင်း၊ တိုင်းဒေသကြီးတွင် ပညာရေးကဏ္ဍအနေဖြင့် အားနည်းနေသည်ကိုတွေ့ရှိရပြီး ပညာရေးကဏ္ဍအား အလေးထားဆောင်ရွက်ပေးကြရန် လိုအပ်ကြောင်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် တိုင်းဒေသကြီးဖွံ့ဖြိုးတိုးတက်ရေးအတွက် ကိုယ်စွမ်းဉာဏ်စွမ်းဖြင့် အလေးထားကြိုးစား ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ထားဝယ်ပညာရေးဒီဂရီကောလိပ် ကျောင်းအုပ်ကြီးက သင်တန်းဆိုင်ရာအချက်အလက်များကို ရှင်းလင်းတင်ပြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က သင်တန်းသား ဆရာ ဆရာမများအား ထောက်ပံ့ငွေကျပ် သိန်း ၃၀ ပေးအပ်ချီးမြှင့်ကာ သင်တန်းသား ဆရာ ဆရာမများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

သင်တန်းတွင် သင်တန်းသား ဆရာ ဆရာမ ၂၇၀ အား မေ ၂၂ ရက်အထိ စာတွေ့၊ ရေးဖြေများဖြင့် သင်ကြားပို့ချပေးသွားမည်ဖြစ်သည်။

ညနေပိုင်းတွင် ထားဝယ်မြို့ ရွှေဝယ်သီရိအားကစားခန်းမ၌ ကျင်းပသည့် တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ အမျိုးသား/အမျိုးသမီး ဘော်လီဘောပြိုင်ပွဲ ဖွင့်ပွဲသို့ တက်ရောက်ကြသည်။

ဖွင့်ပွဲတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က ယနေ့ကျင်းပသော တိုင်းဒေသကြီး မြို့နယ်ပေါင်းစုံ ဘော်လီဘောပြိုင်ပွဲကို တောင်ကြီးမြို့၌ ဇွန် ၁၀ ရက်မှ ၁၉ ရက်အထိ ကျင်းပမည့် ပြည်နယ်နှင့်တိုင်းဒေသကြီး ဘော်လီဘောပြိုင်ပွဲကို သွားရောက်ယှဉ်ပြိုင်ရန်အတွက် တနင်္သာရီတိုင်းဒေသကြီး ကိုယ်စားပြုဘော်လီဘောကစားသမားများ ရွေးထုတ်နိုင်ရန် ကျင်းပခြင်းဖြစ်ကြောင်း၊ ယခုပြိုင်ပွဲမှ အရည်အချင်းရှိသော ဘော်လီဘောအားကစားသမားများကို စိစစ်ရွေးချယ်ပြီး တိုင်းဒေသကြီးနှင့်ပြည်နယ်ပြိုင်ပွဲသို့ စေလွှတ်ယှဉ်ပြိုင်သွားမည်ဖြစ်သည့်အတွက် ဘော်လီဘောအားကစားသမားများ အနေဖြင့် တိုင်းဒေသကြီးလက်ရွေးစင်အဖြစ် ရွေးချယ်ခံရအောင် အားကစားစိတ်ဓာတ်အပြည့်အဝဖြင့် ကြိုးစားယှဉ်ပြိုင်ကစားကြရန် လိုအပ်ကြောင်း ပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ် စိစစ်ရေးကော်မတီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးလွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အားကစားသမားများနှင့် အားကစားဝါသနာရှင်များက အမျိုးသားထားဝယ်မြို့နယ်အသင်းနှင့် ပုလောမြို့နယ်အသင်းတို့၏ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးကြပြီး ပြိုင်ပွဲအပြီးတွင် ထားဝယ်မြို့နယ်အသင်းက အနိုင်ရရှိသည်။

တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ အမျိုးသား/အမျိုးသမီး ဘော်လီဘောပြိုင်ပွဲတွင် အမျိုးသားခြောက်သင်း၊ အမျိုးသမီးခြောက်သင်းတို့က မေ ၂၇ ရက်အထိ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)



# ကြံခင်းမြို့နယ်၌ အငြိမ်းစားဝန်ထမ်းများအား ဆီနှင့် ကြက်ဥများ ဈေးနှုန်းသက်သာစွာ ရောင်းချ

ကြံခင်း မေ ၂၃

ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့နယ် မြန်မာ့စီးပွားရေးဘဏ်၌ ပင်စင်လစာထုတ်ယူကြသော အငြိမ်းစားဝန်ထမ်းများအား ဆီနှင့် ကြက်ဥများ ဈေးနှုန်းချိုသာစွာ ရောင်းချခြင်းကို ယနေ့နံနက် ၈ နာရီက ဆောင်ရွက်သည်။

ထိုသို့ ရောင်းချပေးနေမှုကို မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ခေတ္တဥက္ကဋ္ဌ ဦးကျော်မင်းထက်၊ မြို့နယ်စားသုံးသူရေးရာဦးစီးဌာန မြို့နယ်တာဝန်ခံ ဦးကျော်နိုင်ဝင်း၊ တိုင်းဒေသကြီး ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဦးကျော်ဝင်းမော်တို့က ကြည့်ရှုအားပေးကြသည်။

ရောင်းချရာတွင် မြို့နယ်ကုန်ဈေးနှုန်းတည်ငြိမ်ကျဆင်းရေးကော်မတီအဖွဲ့ဝင်များနှင့် စားအုန်းဆီလက်လီ/လက်ကားရောင်းဝယ်ရေး လုပ်ငန်းရှင်များပူးပေါင်း၍ ဆီတစ်ပိဿာလျှင် ငွေကျပ် ၇၆၃၃ ကျပ်နှုန်း၊ ကြက်ဥတစ်လုံးလျှင် ငွေကျပ် ၅၀၀ နှုန်းဖြင့် တစ်ဦးလျှင် ဆီ ၅၀ ကျပ်သား၊ ကြက်ဥ လေးလုံးစီဖြင့် စုစုပေါင်း ဆီပိဿာ ၁၁၀ နှင့် ကြက်ဥအလုံး ၅၀၀ ကို ရောင်းချပေးခဲ့ကြောင်း သိရသည်။

ဖြိုးဝေလင်း(ပြန်/ဆက်)

# မြဝတီမြို့၏ ပညာရေးကဏ္ဍ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန် တာဝန်ရှိသူများ မြေပြင်ကွင်းဆင်းဆောင်ရွက်

မြဝတီ မေ ၂၃

ကရင်ပြည်နယ် မြဝတီမြို့၏ ပညာရေးကဏ္ဍ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန်အတွက် ယနေ့နံနက်ပိုင်းတွင် တာဝန်ရှိသူများက မြေပြင်ကွင်းဆင်းဆောင်ရွက်သည်။



ထိုသို့ ကွင်းဆင်းဆောင်ရွက်ရာတွင် မြဝတီမြို့နယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးခင်မောင်ချင်း၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်မော်အောင်၊ ခရိုင်ပညာရေးမှူး ဦးစောဝါးလယ်ထူး၊ မြို့နယ်ပညာရေးမှူးနှင့် တာဝန်ရှိသူများက အမှတ် (၅)ရပ်ကွက် ဗိုလ်ချုပ်လမ်းနှင့် အောင်ဇေယျလမ်းထောင့်ရှိ RC သုံးထပ်အဆောက်အအုံ ပညာရေးဝန်ထမ်းအိမ်ရာ ဆောက်လုပ်မည့် မြေနေရာအားလည်းကောင်း၊ အမှတ်(၄)ရပ်ကွက်ရှိ အခြေခံပညာမူလတန်း (မြန်မာနန်း) ကျောင်းဝင်း၌ မီတာ ၄၀၀ အကျယ်အဝင်းရှိသည့် အားကစားကွင်း ပုံဖော်ပြင်ဆင်ခြင်းနှင့် အုတ်စီရေမြောင်းပြုပြင်ခြင်းကို လည်းကောင်း၊ အမှတ်(၄)ရပ်ကွက်ရှိ အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်းဝင်းရှိ ဘက်စုံသုံးခန်းမဆောင်အား ပြုပြင်ခြင်းနှင့် အားကစားခန်းမ ပြင်ဆင်ပြုပြင်ခြင်းလုပ်ငန်းများကို ကွင်းဆင်းကြည့်ရှုခဲ့ကြသည်။

မြဝတီမြို့၏ ပညာရေးကဏ္ဍ ဘက်စုံဖွံ့ဖြိုး တိုးတက်စေရန်အတွက် ပြင်ဆင်မွမ်းမံတည်ဆောက်ခြင်း လုပ်ငန်းများကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း အပြီးသတ် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# ကျောက်ဖြူမြို့နယ်၌ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဌာနဆိုင်ရာများတွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆွေးနွေး



ကျောက်ဖြူ မေ ၂၃

ဧရာဝတီတိုင်း ဒေသကြီး ကျောက်ဖြူမြို့နယ် ရောမင်းခန်းမ၌ လွှတ်တော်ကိုယ်စားလှယ်များနှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ တွေ့ဆုံ၍ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆွေးနွေးခြင်းကို မေ ၂၃ ရက် နံနက်ပိုင်းက ဆောင်ရွက်သည်။

ဦးစွာ ကျောက်ဖြူခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစောထွန်းဝင်းက အမှာစကားပြောကြားပြီး လွှတ်တော်ကိုယ်စားလှယ်များက မိတ်ဆက်စကားပြောကြားကာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမြင့်ထွန်းက မြို့နယ်အတွင်း လုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ဌာနဆိုင်ရာတာဝန်ရှိသူများက အစိုးရသစ်ရက်(၁၀၀) စီမံချက်ဖြင့် ဆောင်ရွက်နေမှုအခြေအနေများကို တင်ပြဆွေးနွေးပြီး လုပ်ငန်းများ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

နေဝင်းမြင့်(ပြန်/ဆက်)

# အောင်လံမြို့၌ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေး အသိပညာပေးဆွေးနွေး

အောင်လံ မေ ၂၃

မကွေးတိုင်းဒေသကြီး အောင်လံခရိုင်တွင် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေး အသိပညာပေးဆွေးနွေးပွဲကို ယနေ့နံနက် ၁၀ နာရီက အောင်လံခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန စုပေါင်းရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ အောင်လံခရိုင် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့(CPU) အဖွဲ့ခေါင်းဆောင် ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးကပ်ကျော်က အမှာစကားပြောကြားသည်။

ဆက်လက်၍ ခရိုင်အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့ဝင်များဖြစ်ကြသည့် ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ဝင်းလှိုင်က အဂတိလိုက်စားမှုအဓိပ္ပာယ်နှင့် ဆိုလိုချက်များကိုလည်းကောင်း၊ ခရိုင်ဥပဒေအရာရှိ ဒေါ်အေးအေးသွယ်က အဂတိလိုက်စားမှုနှင့်ပတ်သက်သည့် ပြဋ္ဌာန်းဥပဒေ/ပုဒ်မများနှင့် ခရိုင်စာရင်းစစ်ရုံးမှ စာရင်းစစ်မှူး ဒေါ်စန္ဒာက စာရင်းစစ်ဆေးခြင်းဆိုင်ရာ ကိစ္စရပ်များကိုလည်းကောင်း ရှင်းလင်းဆွေးနွေးကြသည်။

ထို့နောက် ခရိုင်ပြည်တွင်းအခွန်များဦးစီးဌာနမှ ဦးစီးအရာရှိ ဦးစိုးမြင့်ဦးက အခွန်ရှောင်တိမ်းခြင်းနှင့် အဂတိလိုက်စားမှု ဆက်စပ်ပုံများ၊ ခရိုင်အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးသန်းထိုက်က အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးဆိုင်ရာ လုပ်ငန်းစဉ်များကို ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။



အာကာ(ပြန်/ဆက်)

# မွန်ပြည်နယ်ဝန်ကြီးချုပ် ရေဆင်းပေါ်ဆန်း(၁)၊ (၂)စပါးမျိုးသစ်များ ဒေသနှင့်ကိုက်ညီမှု ရှိ၊ မရှိ စမ်းသပ်စိုက်ပျိုးထားရှိမှု ကွင်းသရုပ်ပြပွဲနှင့် အသားတိုးဝက်မွေးမြူရေးခြံသို့ သွားရောက်ကြည့်ရှု



ပေါင် မေ ၂၃

မွန်ပြည်နယ် စိုက်ပျိုးရေးဦးစီးဌာန ပေါင်မြို့နယ်ရှိ ရေဆင်းပေါ်ဆန်း(၁)၊(၂)စပါးမျိုးသစ်များ ဒေသနှင့်ကိုက်ညီမှု ရှိ/မရှိ စမ်းသပ် စိုက်ပျိုးထားရှိမှု ကွင်းသရုပ်ပြပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက ပေါင်မြို့နယ် ဖြူဘကျေးရွာ တောင်သူ ဦးသန်းထွန်း၏ လယ်မြေ၌ ကျင်းပရာ မွန်ပြည်နယ် ဝန်ကြီးချုပ် ဦးအောင်ဝင်းသန်း၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် စိုက်ပျိုးရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူးက စပါးသီးနှံ ပန်းတိုင်အထွက်ရရှိရေးအတွက် ဆောင်ရွက်နေမှု အခြေအနေများကို လည်းကောင်း၊ ပေါင်မြို့နယ်ဦးစီးမှူးက ပေါင်မြို့နယ်၏ သီးနှံစိုက်ပျိုးထုတ်လုပ်မှု အခြေအနေများနှင့် ရေဆင်းပေါ်ဆန်း (၁)၊ (၂) စပါးမျိုးသစ်များ စမ်းသပ်စိုက်ပျိုးထုတ်လုပ်မှု အတွေ့အကြုံများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားသည်။

ယင်းနောက် စီမံကိန်း၊ စီးပွားရေးနှင့်ဘဏ္ဍာရေးဝန်ကြီးက လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးပြီး ပြည်နယ်ဝန်ကြီးချုပ်က တောင်သူများနှင့် တွေ့ဆုံကာ တောင်သူများ၏ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေး၍ ရေဆင်းပေါ်ဆန်း (၁)၊ (၂)စပါးမျိုးများ စမ်းသပ်စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းနေမှု အခြေအနေများကို ကွင်းဆင်းကြည့်ရှုအားပေးသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ပေါင်မြို့နယ် ရဲပြားကုန်းကျေးရွာရှိ ဦးတင်မြင့်၏ အသားတိုးဝက်မွေးမြူရေးခြံသို့ ရောက်ရှိပြီး ရှင်းလင်းဆောင်တွင် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူးနှင့် ဝက်မွေးမြူရေးခြံပိုင်ရှင်တို့က ဝက်မွေးမြူရေးဆိုင်ရာ အချက်အလက်များ၊ ဝက်မွေးမြူထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် အသားတိုးနှင့် မျိုးဝက်မွေးမြူရေးခြံများအတွင်း လှည့်လည်ကြည့်ရှုပြီး ပြည်နယ်ဝန်ကြီးချုပ်က တာဝန်ရှိသူများအား လိုအပ်သည်များ လမ်းညွှန် မှာကြားခဲ့ကြောင်း သိရသည်။

မွန်မလေး (ပြန်/ဆက်)



## အင်္ဂပူမြို့နယ်၌ ရက်(၁၀၀) စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ဆောင်ရွက်

အင်္ဂပူ မေ ၂၃

ဧရာဝတီတိုင်းဒေသကြီး အင်္ဂပူမြို့နယ်၌ အစိုးရသစ်၏ ရက်(၁၀၀) စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ပြုလုပ်ပေးခြင်းကို ယနေ့နံနက်ပိုင်းက ဖားအောက်တောရကျောင်းဓမ္မာရုံ၌ ကွင်းဆင်းဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးအရာရှိ ဦးသိန်းရင်နှင့် ဝန်ထမ်းများ၊ တာဝန်ရှိသူများက အသက် ၁၀ နှစ်ပြည့်၊ ၁၈ နှစ်ပြည့် ကျောင်းသားကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြား အသစ်ပြုလုပ်ကာ စိစစ်ထုတ်ပေးပြီး ဇီဝဆိုင်ရာအချက်အလက်ကောက်ယူခြင်းလုပ်ငန်း ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်နေမှုကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးငွေးဝင်း၊ ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမျိုးလှိုင်၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ခရိုင်ဦးစီးမှူး ဒေါ်သန္တာဦး၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်မိုးနှင့်အဖွဲ့ဝင်များက သွားရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

မန်းကျော်(ပြန်/ဆက်)

## ညောင်ဦးမြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်းဆောင်ရွက်ပေး

ညောင်ဦး မေ ၂၃

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ညောင်ဦးမြို့နယ် ဦးစီးမှူး ဦးစောဝဏ္ဏနှင့် ဝန်ထမ်းများက အစိုးရသစ်၏ ရက်(၁၀၀) စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်များကို ယနေ့နံနက်ပိုင်းမှစတင်၍ ညောင်ဦးမြို့ အမှတ်(၇) ဝက်ကြီးအင်းရပ်ကွက်၌ ကွင်းဆင်းပြုလုပ်ဆောင်ရွက်ပေးနေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ထိုသို့ ကွင်းဆင်းဆောင်ရွက်ပေးနေမှုများကို ညောင်ဦးမြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းလှိုင်တင့်နှင့် မြို့နယ်ကော်မတီဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများက ကြည့်ရှုအားပေးကြပြီး မြို့နယ်ဦးစီးမှူး ဦးစောဝဏ္ဏ ဦးဆောင်၍ ဝန်ထမ်းများက အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ် ပြုလုပ်ပေးခြင်း၊ e-ID စနစ်ဖြင့် Biographic/Biometric ကောက်ယူ၍ Unique ID နံပါတ် တစ်ပါတည်း ဆောင်ရွက်ခြင်း ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ဒီပါလင်း





## ပင်လုံမြို့၌ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်

ပင်လုံ မေ ၂၃

နိုင်ငံတော်အစိုးရသစ်၏ ရက် (၁၀၀) စီမံချက်ဖြင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန လွိုင်လင်မြို့နယ် ပင်လုံမြို့ (ရှေ့တန်းရုံး) တာဝန်ခံ ဦးအမ်ဒီအိုင်ဇက်နှင့်ဝန်ထမ်းများက ယနေ့နံနက်ပိုင်းတွင် ပင်လုံမြို့ အမှတ်(၁) ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ ပြည်သူများအား နိုင်ငံသားစိစစ်ရေးကတ်ပြား ကွင်းဆင်းဆောင်ရွက်ပေးသည်။

ထိုသို့ကွင်းဆင်းဆောင်ရွက်ရာတွင် ရပ်ကွက်ပြည်သူများ၏ အိမ်ထောင်စုဇယားနှင့် လိုအပ်သည့် စာရွက်စာတမ်းများ၊ အထောက်အထားများ ပြည့်စုံမှန်ကန်မှုရှိသူကို နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးခြင်းကို ဆောင်ရွက်ပေးလျက်ရှိရာ ပင်လုံမြို့ မြို့အုပ်ချုပ်ရေးမှူး ဦးရန်ပိုင်ဖြိုးနှင့် တာဝန်ရှိသူများက လာရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

လွိုင်လင်မိုး



## လားရှိုးမြို့၌ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်ပေး

လားရှိုး မေ ၂၃

ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့တွင် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန လားရှိုးမြို့နယ်ဦးစီးမှူးရုံးမှ ရက် (၁၀၀) စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများရရှိစေရေး ကွင်းဆင်းဆောင်ရွက်ပေးနေမှုကို တာဝန်ရှိသူများက မေ ၂၃ ရက် ညနေပိုင်းက ကြည့်ရှုအားပေးသည်။

ထိုသို့ကြည့်ရှုအားပေးရာတွင် ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမျိုးမင်းထွန်း၊ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇော်နိုင်ဦး၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန လားရှိုးခရိုင်ဦးစီးမှူးရုံးမှ ခရိုင်ဦးစီးမှူး ဦးကျော်မော်ထွန်း၊ လားရှိုးမြို့နယ်ဦးစီးမှူးရုံးမှ မြို့နယ်ဦးစီးမှူး ဦးကျော်သက်နိုင်နှင့် ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင်များက အသက် ၁၈ နှစ်နှင့်အထက် နိုင်ငံသားစိစစ်ရေးကတ်ပြားမရှိသေးသူများ၊ အသက် ၁၀ နှစ်နှင့်အထက် ကျောင်းသား ကျောင်းသူများအား ကိုင်ဆောင်သင့်သည့် ကတ်ပြားတစ်မျိုးမျိုးလက်ဝယ်ရရှိစေရေးအတွက် လားရှိုးမြို့နယ်ဦးစီးမှူးရုံးမှ ဝန်ထမ်းများ၊ သက်ဆိုင်ရာရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် တာဝန်ရှိသူများက ရပ်ကွက် (၁၀) မြို့ဝမ်ရပ်ကွက်နှင့် ရပ်ကွက်(၇) သံလွင်ရပ်ကွက်တို့တွင် ကွင်းဆင်းဆောင်ရွက်ပေးနေမှုကို ကြည့်ရှုအားပေးကာ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

လူမော် (ပြန်/ဆက်)

## ကြံခင်းမြို့ရှိ အုတ်ရေလှောင်ကန်များ စစ်ဆေး



ကြံခင်း မေ ၂၃

ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့နယ်အတွင်းရှိအုတ်ရေလှောင်ကန်များ မီးဘေးကြိုတင်ကာကွယ်ရေးအတွက် အသုံးပြု၍ ရ/မရ စစ်ဆေးခြင်းကို ယနေ့နံနက်ပိုင်းက ဆောင်ရွက်သည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ကြံခင်းမြို့နယ် မီးသတ်ဦးစီးမှူး ဦးကိုကိုနိုင် ဦးဆောင်ပြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ စည်ပင်သာယာရေးအဖွဲ့နှင့် မြို့နယ်လျှပ်စစ်အဖွဲ့ဝင်များပါဝင်သော အဖွဲ့များက မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများအတွက် အသုံးပြု၍ ရ/မရ စစ်ဆေးခဲ့ကြောင်း သိရသည်။

ရောဦးသာ

# ကျေးလက်မီးလင်းရေးခရီး နီးဖို့ရာ

မယ်အိမ့်(ကျေးလက်)

**စာရေးသူတို့အဖွဲ့ အောင်မြန်မာကျေးရွာဆိပ်ကမ်းကနွာတော့ ည ၇ နာရီဝန်းကျင်ရှိပြီဖြစ်သည်။ ပင်လယ်ပြင်တစ်ခုလုံး မှောင်အတိ။ စာရေးသူတို့ ညအိပ်ရပ်နားမည့် အောင်ဘာကျေးရွာရှိရာ တစ်ဖက်ကမ်းကို မျှော်ကြည့်မိတော့ မီးရောင်တစ်လက်လက်ဖြင့် အမှောင်ယံကြား ဝင့်ဝင့်ကြွားကြွားရှိနေသော ရွာကလေးကို လှမ်းမြင်ရသည်။ ခွာခဲ့သည့်ဆိပ်ကမ်းကို လည်ပြန်ကြည့်မိပြန်တော့ မှောင်ပိတ်ပိတ် ပင်လယ်ကမ်းနဖူးရှိ အောင်မြန်မာရွာလေးသည်လည်း မီးရောင်တဖိတ်ဖိတ်ဖြင့် လင်းလက်လျက်။ ဟိုဘက်ကမ်း၊ သည်ဘက်ကမ်း… ကမ်းနဖူးပေါ်ရှိ ရွာလေးနှစ်ရွာကို ညအမှောင်ထဲ လင်းထိန်တောက်ပနေတာ မြင်ရသည်ကပင် စာရေးသူအဖို့မှာ ကြည်နူးစရာ။ ကြည်နူးရသည့် အကြောင်းရင်းကလည်း ရှိသည်ဆိုရမည်။**

**အတူမျှဝေခံစားချင်ပါသော ထိုပီတိ…**

ကျေးရွာနှစ်ရွာလုံးသည် တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့နယ်အတွင်း တည်ရှိပြီး အောင်ဘာကျေးရွာတွင် ၁၇၀ ဒသမ ၂၄ ကီလိုဝပ်ဆိုလာအသေးစား ဓာတ်အားပေးစနစ်နှင့် အောင်မြန်မာကျေးရွာတွင် ၁၇၁ ဒသမ ၆ ကီလိုဝပ်ဆိုလာအသေးစား ဓာတ်အားပေးစနစ်တို့ကို တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ အောင်ဘာကျေးရွာအတွင်း ဓာတ်အားဖြန့်ဖြူးပေးနိုင်ခဲ့ပြီးနောက် အောင်မြန်မာကျေးရွာ၌ ၂၀၂၁ ခုနှစ် ဩဂုတ်လတွင် ဓာတ်အားစတင်ဖြန့်ဖြူးခဲ့ခြင်း ဖြစ်သည်။ လက်ရှိတွင် အိမ်ခြေ ၄၀၀၊ ၄၅၀ ဝန်းကျင်ခန့် လျှပ်စစ်မီးချိတ်ဆက်ရယူပြီးဖြစ်ကြောင်း သိရသည်။

စာရေးသူတို့အဖွဲ့ အောင်ဘာကျေးရွာရောက်တော့ ည ၇ နာရီကျော် ၈ နာရီထိုးလုပြီဖြစ်ရာ ဒီလိုအချိန် အချို့မြို့ပြများမှာပင်လျှင် ဆိုင်ဟူသမျှပိတ်ကာ ဆိတ်ငြိမ်ကြချိန်မို့ စာရေးသူစိတ်ထဲတွင်တော့ တစ်ရွာလုံး ငြိမ်သက်အိပ်စက်နေလောက်ပြီဟု တွေးဆထားခဲ့သည်။ တကယ်တမ်း ရွာထဲရောက်တော့ လမ်းမီးတွေက တထိန်ထိန်၊ ဈေးဆိုင်တွေကလည်း မီးတထိန်ထိန်ဖြင့် ရောင်းတုန်းဝယ်တုန်း၊ ကွန်ပျူတာဆိုင်ကလည်း စာတဖြောက်ဖြောက် ရိုက်တုန်း၊ မော်တာအပ်ချုပ်စက်ဆိုင်ကလည်း တချုန်းချုန်း ချုပ်တုန်း၊ ဒယ်နီလေးနှင့် မုန့်ကြော်ရောင်းနေသူကလည်း ရောင်းချတုန်း၊ တစ်ရွာလုံး မြို့ပြနှင့်မခြား လင်းထိန်နေလေတော့ ရွာထဲလမ်းလျှောက်ရင်း စနည်းနာထွက်လာသည့် စာရေးသူတို့ တစ်ဖွဲ့လုံးမှာလည်း ပျော်တပြုံးပြုံး ဖြစ်ရတော့သည်။

ကိုယ့်တိုင်းပြည်ထဲက ဝေးလံခေါင်ဖျား ကမ်းရိုးတန်းကျေးရွာလေးတွေ လျှပ်စစ်မီးထိန်ထိန်ညီးနေတာ မြင်ရသည့်ပီတိ၊ ဦးစီးဌာန၏ ပင်မတာဝန်ဖြစ်သော ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် အုတ်တစ်ချပ် သဲတစ်ပွင့်ဆိုသကဲ့သို့ အထောက်အပံ့ကောင်းဖြစ်နေသည်ကို မျက်ဝါးထင်ထင် မြင်ရသည့်ပီတိ…ဤပီတိက ဘယ်အရာနှင့်မျှ နှိုင်းဆ၍မရသည်အထိ။

စာရေးသူတို့မှာတော့ ပီတိကို စားသုံးရသည့် အခိုက်အတန့်များရှိသကဲ့သို့ စနစ်ချွတ်ယွင်းသံ၊ မီးပျက်သံကြားရ၍စိတ်နှလုံး မသာမယာဖြစ်ရသည့် အခါများလည်း ရှိသည်ပင်။

ယနေ့အချိန်အထိ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဆောင်ရွက်ခဲ့သည့် အသေးစားဓာတ်အားပေးစနစ်လုပ်ငန်းပေါင်း ၁၄၁ ခုအထိရှိခဲ့ပြီ။ သည်လုပ်ငန်းပေါင်း ၁၄၁ ခုမှ ကျေးရွာပေါင်း ၁၉၀ လျှပ်စစ်မီးဖြန့်ဖြူးပေးနေသည်ဖြစ်ရာ ရေစီးတစ်ခါ ရေသာတစ်လှည့်ဆိုသလို ဝမ်းသာကြည်နူးရသည့် အခိုက်အတန့်များရှိသကဲ့သို့ ပူပန်မောပန်းရသည့် အခိုက်အတန့်များလည်း ရှိသည်။ လူသားတို့ တည်ဆောက်ဖန်တီးသည့် စနစ်တစ်ခုဖြစ်လေတော့ အားသာချက်များရှိသလို အားနည်းချက်များလည်းရှိသည်။

**လုပ်ငန်းလည်ပတ်ကာလ**

**တွေ့ရကြုံရ ကိစ္စအထွေထွေ…**

စာရေးသူတို့မှာ ဆောင်ရွက်ဆဲလုပ်ငန်းများ အချိန်မီပြီးစီးအောင်၊ လျာထားလုပ်ငန်းများ သတ်မှတ်ကာလအတွင်း ဆောင်ရွက်နိုင်အောင် ကြိုးစားကြရသည့်နည်းတူ ဆောင်ရွက်ပြီးလုပ်ငန်းများ၏ လုပ်ငန်းလည်ပတ်မှု၊ ဓာတ်အားဖြန့်ဖြူးပေးနိုင်မှု အခြေအနေကိုလည်း မျက်ခြည်မပြတ် စောင့်ကြည့်စစ်ဆေးကြရသည်။ သက်ဆိုင်ရာ စီမံကိန်းကျေးရွာမှ ကျေးရွာမီးလင်းရေးကော်မတီဝင်များ၊ လုပ်ငန်းဆောင်ရွက်သည့် ကုမ္ပဏီမှတာဝန်ရှိသူများနှင့် ဦးစီးဌာနမှ မီးလင်းရေးတာဝန်ခံများဖြင့် Viber Group အသီးသီးဖွဲ့ကာ ရွာရှိအခြေအနေကို အချိန်ပြည့် မျက်စိဖွင့် နားစွင့်နေကြရသည်။

“ဘယ်စက်က ဘာချွတ်ယွင်းလို့”၊ “Pre-paid Meter ထဲ ငွေဖြည့်တာ Error တက်လို့” ဆိုသည်မျိုးမှအစ လိုအပ်ချက်ကိုလိုက်၍ နှုတ်၏စောင်မခြင်း၊ လက်၏စောင်မခြင်းကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးကြရသည်။ ကိုယ့်စီမံကိန်းကျေးရွာများတွင် မီးလင်းနေတာမြင်ရ၊ အဆင်ပြေတာကြားရမှ စိတ်အေးချမ်းသာ ရှိကြရသူများပါပင်။



အောင်ဘာကျေးရွာအတွင်း ညမြင်ကွင်း။

စင်စစ်မူ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ဆောင်ရွက်ထားရှိသည့်ဆိုလာအသေးစား ဓာတ်အားပေးစနစ်များသည် ဒေသအလိုက် စွမ်းအင်ရရှိမှုအခြေအနေနှင့် ဓာတ်အားလိုအပ်ချက်အပေါ်မူတည်၍ စွမ်းအင်သိုလှောင်စနစ်နှင့် အရန်ဒီဇယ်အင်ဂျင်စနစ် ထည့်သွင်းဆောင်ရွက်ပေးထားခြင်းဖြစ်သည်။

သို့ရာတွင် လုပ်ငန်းလည်ပတ်ပြီး နှစ်ကာလတစ်ခုကြာမြင့်သည့်အခါ ဘက်ထရီ၏ စွမ်းအင်သိုလှောင်နိုင်စွမ်းမှာ တဖြည်းဖြည်း ကျဆင်းစပြုလာခြင်း၊ ကျေးရွာ၏ စွမ်းအင်သုံးစွဲမှု မြင့်မားလာခြင်းတို့ကြောင့် ၂၄ နာရီပတ်လုံး ဓာတ်အားရရှိနိုင်ရန် မလွယ်ကူတော့ဘဲ ဒီဇယ်အင်ဂျင်ဖြင့် ဖေးကူရသည်များရှိလာသည်ကို တွေ့ရသည်။ ထိုအခါ လုပ်ငန်းစတင်ဆောင်ရွက်စဉ်က စက်သုံးဆီဈေးနှုန်းအရ မူလဓာတ်အားခမှာ တစ်ယူနစ် ကျပ် ၁၀၀ မှ ၅၀၀ အတွင်း၊ အများစုမှာ ကျပ် ၃၀၀၊ ၃၅၀ ခန့်သာဖြစ်သော်လည်း ယခုကာလကဲ့သို့ စက်သုံးဆီဈေးနှုန်းမြင့်တက်လာချိန်တွင်မူ ကျေးရွာနှင့်ညှိနှိုင်း၍ ဝန်ကြီးဌာန၏ ခွင့်ပြုချက်ရယူပြီး ဓာတ်အားခနှုန်းထားတိုးမြှင့်သတ်မှတ်ပေးရသည်များ ရှိလာသည်။

ဓာတ်အားခ တိုးမြှင့်ရသည့်တိုင် ဒီဇယ်အင်ဂျင်ဖြင့် နာရီများစွာ မောင်းနှင်ပေးရန် မဖြစ်နိုင်သည့်အတွက် နာရီအပိုင်းအခြားဖြင့် မီးပေးရသည်များလည်း ရှိတတ်ပြန်သည်။ အောင်ဘာနှင့် အောင်မြန်မာကျေးရွာတို့တွင်ဆိုလျှင် မူလက ဓာတ်အားခတစ်ယူနစ် ကျပ် ၃၅၀ ခန့်ဖြစ်သော်လည်း နောက်ပိုင်းတွင် စက်သုံးဆီဈေးနှုန်းကြောင့် ကျပ် ၅၀၀ နှုန်း တိုးမြှင့်ကောက်ခံထားရှိသည်ကို တွေ့ရသည်။ မည်သို့ဆိုစေ တနင်္သာရီတိုင်းဒေသကြီးတွင်မူ ယခုနှုန်းထားမှာ သမမျှတသည့်နှုန်းထားဟု သုံးသပ်ရမည်ဖြစ်သည်။

တနင်္သာရီတိုင်းဒေသကြီးကျေးလက်က ပြုစုခဲ့သည့် စာရင်းအရ ကျေးရွာပေါင်း ၁၃၀၀ ကျော်ရှိသည့်အနက် ၇၇ ရာခိုင်နှုန်းခန့်သည် စာရေးသူတို့ဦးစီးဌာနကဆောင်ရွက်ပေးသည့်ဆိုလာအသေးစား ဓာတ်အားပေးစနစ်၊ အိမ်သုံးဆိုလာစနစ်များ အပါအဝင် သဘာဝဓာတ်ငွေ့၊ ဒီဇယ်၊ အသေးစားရေအားလျှပ်စစ်တို့ဖြင့် လျှပ်စစ်မီးရရှိလျက်ရှိကြောင်း သိရသည်။ ဓာတ်အားပေးစနစ်အများစုမှာ ပုဂ္ဂလိကက ဆောင်ရွက်ခြင်းဖြစ်ပြီး ဓာတ်အားခကျပ် ၄၉၀ မှ ၁၅၉၉ ကျပ်ဝန်းကျင် ကောက်ခံလျက်ရှိကြောင်း တွေ့ရသည်။ သဘာဝဓာတ်ငွေ့ဖြင့် ဓာတ်အားပေးသည့်စနစ်မှာ ဓာတ်အားခ အသက်သာဆုံးဖြစ်ပြီး ထားဝယ်ခရိုင်တစ်ခုလုံးကို သဘာဝဓာတ်ငွေ့ဖြင့် ဓာတ်အားပေးလျက်ရှိသည်ကို တွေ့ရှိရပါသည်။

ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့်မူ တနင်္သာရီတိုင်းဒေသကြီးအတွင်း ကျေးရွာပေါင်း ၄၂ ရွာအတွက် ဆိုလာအသေးစားဓာတ်အားပေးလုပ်ငန်းပေါင်း ၃၈ ခုနှင့် ကျေးရွာပေါင်း ၅၃၁ ရွာတွင် အိမ်သုံးဆိုလာစနစ်များ ဆောင်ရွက်ထားရှိပါသည်။

မီးမရရှိသေးသည့်ကျေးရွာပေါင်း ၂၉၀ ကျော်နှင့် အိမ်သုံးဆိုလာစနစ်ကို အဓိကအားပြုနေရသော ကျေးရွာများအတွက် စဉ်းစားကြရပါဦးမည်။ စာရေးသူမှာ လူကသာ အောင်ဘာကျေးရွာတွင် ရှိနေသည်၊ စိတ်အစဉ်တစ်ခုလုံးက လမ်းတစ်လျှောက်တွေ့မြင်ခဲ့ရသည့် မီးမရရှိသေးသော ကျေးရွာလေးတွေဆီ ပြေးလွှားရောက်ရှိနေသည်။ မဟာဓာတ်အားလိုင်းပြင်ပ ဧရိယာအတွင်း၌ပင် မီးလင်းရန်ကျန်ကျေးရွာပေါင်း ၁၀၀၀၀ ကျော် ကျန်ရှိနေပါသေးသည်။

နောက်ရက်တွင် အောင်ဘာနှင့် မနီးမဝေးရှိ ဘာလိအော်ကျေးရွာသို့ သွားဖြစ်ခဲ့သည်။ ဘာလိအော်တွင်လည်း စာရေးသူတို့ဦးစီးဌာနက ဆောင်ရွက်ပေးခဲ့သည့် ဆိုလာအသေးစားဓာတ်အားပေးစနစ်ရှိသည်။ လျှပ်စစ်မီးသုံးစွဲမှုနှုန်း မြင့်မားသည်ကို အားရဖွယ်တွေ့မြင်ရသည်။ ထိုသို့ ဓာတ်အားသုံးစွဲမှုမြင့်မားခြင်းကြောင့်လည်း အောင်ဘာနှင့် ဘာလိအော်နှစ်ရွာလုံးရှိ ဓာတ်အားပေးစနစ်များကို တပ်ဆင်စွမ်းအားတိုးမြှင့်ဆောင်ရွက်ပေးခဲ့ပြီး ဘဏ္ဍာငွေရရှိမှုအခြေအနေအရ အောင်မြန်မာကျေးရွာကိုတော့ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင်မှ တပ်ဆင်စွမ်းအားတိုးမြှင့်ပေးရန် ထည့်သွင်းလျာထားခဲ့ရသည်။ ဤကျေးရွာများကဲ့သို့ပင် တပ်ဆင်စွမ်းအား တိုးမြှင့်ပေးရန် လိုအပ်နေသည့်ကျေးရွာများ များစွာကျန်ရှိနေပါသေးသည်။ ဓာတ်အားမလုံလောက်သည့် ကျေးရွာများကို လုံလောက်သည်အထိ ဖြည့်ဆည်းပေးရန် လိုအပ်နေသကဲ့သို့ လုံးဝမီးမရရှိသေးသည့် ကျေးရွာလေးများ မီးရရှိအောင် ဆောင်ရွက်ပေးရန်လည်း လိုအပ်ပြန်ပါသည်။ လုပ်ငန်းပမာဏ ကြီးမားကျယ်ပြန့်သည်နှင့်အမျှ ရန်ပုံငွေလိုအပ်ချက်ကလည်း ကြီးမားပါသည်။ ထို့ပြင် လမ်းပန်းဆက်သွယ်ရေးအခြေအနေကလည်း မဖြစ်မနေထည့်သွင်းစဉ်းစားရသည့် စိန်ခေါ်မှုတစ်ရပ် ဖြစ်နေပြန်သည်။

> ❖ **တနင်္သာရီတိုင်းဒေသကြီးကျေးလက်က ပြုစုခဲ့သည့်စာရင်းအရ ကျေးရွာပေါင်း ၁၃၀၀ ကျော်ရှိသည့်အနက် ၇၇ ရာခိုင်နှုန်းခန့်သည် စာရေးသူတို့ဦးစီးဌာနက ဆောင်ရွက်ပေးသည့် ဆိုလာအသေးစားဓာတ်အားပေးစနစ်၊ အိမ်သုံးဆိုလာစနစ်များ အပါအဝင် သဘာဝဓာတ်ငွေ့၊ ဒီဇယ်၊ အသေးစားရေအားလျှပ်စစ်တို့ဖြင့် လျှပ်စစ်မီးရရှိလျက်ရှိ**
>
> ❖ **ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့်မူ တနင်္သာရီတိုင်းဒေသကြီးအတွင်း ကျေးရွာပေါင်း ၄၂ ရွာအတွက် ဆိုလာအသေးစားဓာတ်အားပေးလုပ်ငန်းပေါင်း ၃၈ ခုနှင့် ကျေးရွာပေါင်း ၅၃၁ ရွာတွင် အိမ်သုံးဆိုလာစနစ်များ ဆောင်ရွက်ထားရှိ**

**ဤခရီး…နီးဖို့ရာ**

နိုင်ငံ၏ မြေမျက်နှာသွင်ပြင် အနေအထားအရ ဓာတ်အားလိုင်းများမဆိုထားနှင့်… လူပင်လျှင် ဒေသတစ်ခုနှင့်တစ်ခု ကူးလူးယှက်နွယ်သွားလာရေးမှာ အချိန်များစွာ ပေးနေရဆဲဖြစ်သည်။ စင်ကာပူနိုင်ငံ ပြည်ထဲရေးဝန်ကြီးဌာန၏ အမြဲတမ်းအတွင်းဝန်အတွက် စာရေးသူက Liaison အဖြစ် အစည်းအဝေးတစ်ခုတွင် တာဝန်ယူခဲ့ရဖူးသည်။ သူနှင့် စကားစမြည်ပြောဖြစ်ရင်း လမ်းပန်းဆက်သွယ်ရေးအကြောင်းပြောဖြစ်တော့ သူက “မင်းတို့နိုင်ငံရဲ့ မြေမျက်နှာသွင်ပြင်အနေအထားက တစ်နေရာနဲ့ တစ်နေရာ အချိန်တိုအတွင်း ရောက်ဖို့ခက်တယ်။ လေကြောင်းနဲ့မှ အဆင်ပြေမှာ၊ လေကြောင်းနဲ့သာ တစ်နိုင်ငံလုံးအနှံ့ သွားလို့ရအောင်လုပ်နိုင်ရင်

**စာမျက်နှာ ၂၁ သို့** ★

# မွေးနေ့မင်္ဂလာ ဆုတောင်းလွှာ

ကျွန်တော်၊ ကျွန်မတို့၏ ဆရာသခင်ကျေးဇူးရှင်ဖြစ်သော **တရားလွှတ်တော်ရှေ့နေကြီး ဆရာ ဦးထွန်းအေး** ၏ ယနေ့(၂၄-၄-၂၀၂၆)ရက်နေ့တွင် ကျရောက်သော (၈၃)နှစ်ပြည့် မွေးနေ့ ရက်မြတ်မှစ၍ နောင်နှစ်ပေါင်းများစွာတိုင် သက်ရှည်ကျန်းမာစိတ်ချမ်းသာပြီး ရောဂါကင်းစင် ပျော်ရွှင်ပါစေကြောင်း ချစ်တပည့်များက ဆုမွန်ကောင်းတောင်းလိုက်ပါသည်။

**ဆရာ၏ချစ်တပည့်များ**

**ဒေါ်ရွှေစိန်(ADV)၊ ဦးအောင်ဟိန်း(ADV)၊ ဒေါ်ခင်ကြည်မွန်(ADV)၊ ဒေါ်ဆုမြတ်မွန်(ADV)၊ ဒေါ်အေးခိုင်ဇင် (ADV)၊ ဒေါ်သဇင်ဖူး (ADV)၊ ဒေါ်မို့မို့သက်ထား (ADV)၊ ဦးအောင်သူဟန် (ADV)၊ ဒေါ်သီတာအေးမြ (ADV)၊ ဒေါ်နန်းဇင်မေဖူးနိုင် (ADV)၊ ဒေါ်စုမြတ်မွန် (ADV)၊ ဒေါ်ယဉ်ထားဆွေ (H.G.P)၊ ဒေါ်အေးမြင့်သန်း (H.G.P)**

**အမှတ် ( ၅၈/၆၀ )၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ အမှတ် (၄၆၆)၊ ပုဏ္ဏားမီလမ်း၊ ( ၈၅ ) ရပ်ကွက်၊ ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့နယ်ဟုခေါ်တွင်သည့် မြေတိုင်းရပ်ကွက်အမှတ် (၈၅)၊ မြေကွက်အမှတ် (၄၆၆)၊ ဧရိယာ (၄၀'x ၆၀') အကျယ်အဝန်းရှိ နှစ် (၆၀) ဂရန်မြေကွက်သည် ဒေါ်ခင်ပြုံးကြည် [၁၂/ဗဟန(နိုင်)၀၀၅၀၅၈]အမည်ပေါက် ပိုင်ဆိုင်အကျိုးခံစားလျက်ရှိပြီး အဆိုပါမြေကွက်နှင့်ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်ကို ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုလျက် အပြီးအပိုင်ရောင်းချရန် ကမ်းလှမ်းလာသည့်အလျောက် ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ပိုင်ဆိုင်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် ( ၁၄ ) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ဘီဘီသိန်း (ခ) ဒေါ်ဘေဘီ**
**တရားလွှတ်တော်ရှေ့နေ ( စဉ်-၈၇၉၁ )**
**အမှတ် (၆၀)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- ၀၉- ၇၇၅၁၄၄၄၀၂**

## အများသိစေရန် အသိပေးကြေညာချက်

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ငုဝါပန်း အသေးစားငွေရေးကြေးရေး ကုမ္ပဏီလီမိတက် မန်နေဂျင်း ဒါရိုက်တာဖြစ်သူ ဒေါ်ငုဝါခိုင် [၁၄/လမန(နိုင်)၀၇၈၁၂၅] ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ ကုမ္ပဏီ၏အမည်အား ကျွန်ုပ်မိတ်ဆွေ၏ခွင့်ပြုချက် တစ်စုံတစ်ရာမရရှိဘဲ ဆင်တူယိုးမှားဖြစ်စေ၊ တုပ၍ဖြစ်စေ ငုဝါပန်းကုမ္ပဏီအမည်ဖြင့် အခြားမည်သူတစ်ဦးတစ်ယောက်မျှ စီးပွားရေးအရသော်လည်းကောင်း၊ လူမှုရေးအရသော်လည်းကောင်း အလွဲသုံးစားပြုလုပ်ခြင်း၊ ကိုယ်ကျိုးအတွက်စီးပွားရှာခြင်း၊ အခြားနည်းဖြင့် သုံးစွဲခြင်း မပြုလုပ်ရန်နှင့် အကယ်၍ အထက်ပါ အကြောင်းအရာများ အနက်မှ တစ်နည်းနည်းဖြင့် ပြုလုပ်သုံးစွဲကြောင်း သိရှိပါက သက်ဆိုင်ရာ တည်ဆဲ ဥပဒေများဖြင့် ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အုန်းအုန်းတင့် (LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၂၃၉၅၆)**
**အောက်ဝါးနက်ချောင်း၊ မှော်ဘီမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉- ၄၄၆၀၆၀၆၀၁**

## အမှတ်တံဆိပ်အသိပေးကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၁) ရပ်ကွက်၊ ၆၂ (A) လမ်းနှင့် (၁၀၆x၁၀၇) လမ်းကြားနေ ဒေါ်ဝင်းဝင်း [၉/ မရတ(နိုင်) ၀၂၁၈၅၄] နှင့် ဒေါ်ဝင်းလဲ့ဖြူ [၉/ခအဇ(နိုင်)၀၃၄၃၉၂]တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။ အောက်ဖော်ပြပါ အမည်နှင့်အမှတ်တံဆိပ်အား မန္တလေးမြို့တော် စာချုပ်စာတမ်းရုံး၌ စာချုပ်အမှတ် (၆၈၆၄/၂၀၁၉) ဖြင့် မှတ်ပုံတင်သွင်းထားပြီး ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မူပိုင်ခွင့်ဦးစီးဌာနတွင် လျှောက်ထားခဲ့ရာ မူပိုင်ခွင့်ဦးစီးဌာနမှ Application Number - T/2026/002117 ဖြင့် လျှောက်ထားချက်အား လက်ခံထားပြီးဖြစ်သည့် အမှတ်တံဆိပ်မူပိုင်ရှင်ဖြစ်ပါသည်-




**လျှောက်လွှာအမှတ်- T /2026/002117**

အထက်ဖော်ပြပါ " Nightingale " အမည်နှင့် လုပ်ငန်းအမှတ်တံဆိပ်ဖြင့် စက်ချုပ်ဆိုင် ဖွင့်လှစ်ကာ ဆေးရုံ၊ ဆေးခန်းသုံး အဝတ်အထည်မှအစ အဝတ်အထည်အမျိုးမျိုးကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတစ်ဝန်းလုံးသို့ဖြန့်ဖြူး ရောင်းချလျက်ရှိပါသည်။

သို့ဖြစ်ပါ၍ အဆိုပါ အမှတ်တံဆိပ်အား မည်သည့်ပုံစံဖြင့်မဆို မှီငြမ်းတုပသုံးစွဲခြင်း၊ အမည်စာသားပုံစံတူပြုလုပ်ခြင်း၊ လုပ်ငန်းတူလုပ်ကိုင်ခြင်း၊ Social Media Platform များတွင် ကူးယူတုပ သုံးစွဲခြင်း၊ တစ်နည်းနည်းအားဖြင့် ထင်ယောင်ထင်မှားဖြစ်စေ၊ ဆင်တူယိုးမှားဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ အသုံးပြုခြင်းမျိုးမပြုလုပ် မဆောင်ရွက်ကြရန် သတိပေးတားမြစ်အပ်ပါသည်။ လိုက်နာဆောင်ရွက်ခြင်းမရှိပါက တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ပွင့်ဖြူဖြူလွင် ( LL.B, MA Business Law, D.B.L,D.I.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၈၇၈၈/၂၀၂၃)**
**အခန်း(၀၄)၊ တိုက်(L9)၊ သုခတော်ဝင်အိမ်ရာ၊ ဇမ္ဗူသီရိမြို့နယ်၊ နေပြည်တော်။**
**ဖုန်း-၀၉-၇၈၉၄၄၄၄၈၄**

## "တိုက်ခန်း လက်ရောက်ရရှိပြီးဖြစ်ကြောင်း အများသိစေရန် ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ မြေနီကုန်း/တောင်ရပ်ကွက်၊ ဗိုလ်မိုးလမ်း၊ တိုက်အမှတ်(၃၃)နေ ဦးဝင်းထွန်း [၁၀/ခဆန(နိုင်)၁၄၈၅၀၄]၏ လွှဲအပ်ညွှန်ကြားချက်အရအောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်သည်မှာ-

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ မြေနီကုန်း/တောင်ရပ်ကွက်၊ ဗိုလ်မိုးလမ်း၊ အမှတ်(၂၈)၊ ( ၂ )ခန်းတွဲ( ၅ )ထပ်တိုက်အနက်မှ မြေညီ(ဝဲ+ယာ) အကျယ်အဝန်း (၁၂½ပေx၄၅ ပေ)စီရှိ တိုက်ခန်း(၂)ခန်းနှင့် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို တရားဝင် အမွေဆက်ခံပိုင်ဆိုင်ပြီး၊ လွှဲပြောင်းရောင်းချခွင့်ရှိကြောင်း ဝန်ခံကတိပြုကြသူ ဒေါ်နွယ်နွယ်ဝင်း [၁၂/ပဘတ(နိုင်) ၀၂၁၆၉၀] နှင့် ဦးစည်သူအောင် [၁၂/ စခန(နိုင်) ၀၇၃၈၂၀]တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးဝင်းထွန်း [၁၀/ခဆန(နိုင်)၁၄၈၅၀၄]က (၂၃-၄-၂၀၂၆) ရက်နေ့တွင် "နှစ်ဖက်သဘောတူ တိုက်ခန်း(၂)ခန်း အရောင်းအဝယ် ငွေပေးချေခြင်း ကတိစာချုပ်" ချုပ်ဆို၍ ရောင်းဖိုးငွေ အပြည့်အဝပေးချေကာ အပြီးအပိုင် လက်ရောက်ရရှိပြီး ဖြစ်သော တိုက်ခန်းများဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဥမ္မာခင်(LL.B, D.I.L, D.M.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၄၄၅)**
**အမှတ်(၂၉၇/၂၉၉)၊ ၃လွှာ(C)၊ ဗညားဒလလမ်း၊ အရှေ့ကုန်းရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း- ၀၉-၄၃၁၁၉၈၄၅၊ ၀၉-၉၆၄၁၁၉၈၄၅**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ မောရဂီဝါရပ်ကွက်၊ အကွက်အမှတ်(၇၀၈)၊ ဦးပိုင်အမှတ်(၂၀-က)၊ ၃၂(အေ)လမ်း၊ ၇၃x၇၄လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်တင်တင်ဦး [၉/မရမ (နိုင်) ၀၂၆၀၉၃]က အမှုတွဲအမှတ် (၀၀၄၆/၂၀၂၆-၂၀၂၇)ဖြင့် သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ စိန်ပန်းရပ်ကွက်၊ အကွက်အမှတ်(၃၃၆)၊ ဦးပိုင်အမှတ်(၂၈-င)၊ မဟာစည်လမ်းxစိန်ပန်းလမ်းကြား၊ ယဉ်ပုံမှော်ရုံလမ်းနှင့် တာရိန်လမ်းကြားရှိ ဘိုးဘမြေကွက် အမည်ပေါက်သူ ဦးကျော်တင့် [၉/မနတ(နိုင်)၀၅၇၆၉၉]၊ ဒေါ်သင်းသင်းလဲ့ [၉/မနတ(နိုင်)၀၅၆၅၀၄]တို့က အမည်ပေါက်မြေပုံတင်ပြ၍ မှတ်ပုံတင် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၄၆)၊ မြေကွက်အမှတ်(၁၇၀၆)၊ မြေအကျယ်အဝန်း (အလျား ၄၀ပေxအနံ ၆၀ပေ)ရှိ ဦးခင်မောင်သစ်(ဘ) ဦးဘသိန်း[၁၂/ရကတ(နိုင်)၀၅၆၅၀၄] အမည်ပေါက်ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ သီးပင်စားပင်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဆက်စပ် စာချုပ်များဖြင့် ဝယ်ယူထားပြီး တရားဝင်လက်ရှိပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုကြသူများဖြစ်ကြသည့် ဒေါ်ခင်နီလာစန်း [၁၃/တကန(နိုင်)၁၄၃၃၂၉]နှင့် ဒေါ်သီတာအေးလွင် [၁၀/သထန(နိုင်)၁၂၅၂၇၀]တို့က ရောင်းချရန် ကမ်းလှမ်းလာသည့်အတွက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးအမီးလ်ကူးမာ[၇/ဖမန(နိုင်)၁၉၃၀၂၆]က အပြီးအပိုင် ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ တစ်စိတ်တစ်ဒေသအား စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်ကိစ္စနှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသည့် ပိုင်ဆိုင်မှုအထောက်အထား စာရွက်စာတမ်းမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်အိအိကျော်**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၇၉၃၇)**
**(LL.B, D.B.L, D.I.L, D.I.P.L, DL-101)WIPO (Switzerland)**
**ဖုန်း-၀၉- ၄၀၃၁၀၅၀၈၀**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅)၊ မြေကွက်အမှတ် (၇၄၇/ခ)၊ ဧရိယာ (၁၂၀၀)စတုရန်းပေ၊ မြေကွက်တည်နေရာအမှတ် (၇၄၇/ခ)၊ စစ်ကိုင်း(၂၅)လမ်း၊ (၅)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ဦးမြတ်ခိုင် [၁၂/ဥကတ(နိုင်)၀၉၈၀၉၇] အမည်ပေါက် နှစ်(၆၀)မြေငှားဂရန် မြေအား အမည်ပေါက် ဦးမြတ်ခိုင်အား တရားပြိုင်ထား၍ တရားလိုဒေါ်မော်၊ ဒေါ်မိုးဆက်တို့မှ မှတ်ပုံတင်အရောင်းအဝယ် စာချုပ် ချုပ်ပေးစေလိုမှု စွဲဆိုသော တောင်ဥက္ကလာပမြို့နယ်တရားရုံး၊ တရားမကြီးမှုအမှတ် (၃၅/၂၀၂၅)၏ စီရင်ချက်၊ တရားမဇာရီမှုအမှတ် (၂/၂၀၂၆)၏ အမိန့်၊ (၅-၂-၂၀၂၆) ရက်စွဲပါ ဘီလစ်ခန့်စာ၊ ဂရန်၊ နိုင်/ကတ်၊ ဝန်ဆောင်ခတို့ တင်ပြ၍ ဘီလစ်ဒေါ်နန့်ဆန်းသိန်း [၁၂/မရက(နိုင်)၀၄၇၆၁၆]မှ အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူး လျှောက်ထားလာမှုအပေါ် တရားဝင် ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး**
**(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၂၊ မြေကွက်အမှတ် ၂၉/က-၂-၂၊ ဧရိယာ (၀.၀၇၄)ဧက၊ မြေကွက်တည်နေရာအမှတ် (၂၉/က)၊ ရတနာလမ်း၊ ၃၂ ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်(မောင်ဘိုးလူ)အမည်ပေါက် မြေပိုင်မြေ၊ လ/န-၃ (ခ) ရပြီး မြေအား အမည်ပေါက် ဦးဘိုးလူ ကွယ်လွန်သဖြင့် ပိုင်ဆိုင်ကြောင်းစာချုပ်အမှတ်- ၁၀၁/၁၉၉၆ (၁၂-၁-၉၆)(စာချုပ်မိတ္တူမှန်)ဖြင့် ဦးလေးမောင်၊ ဦးလေးမြင့်၊ ဒေါ်ခင်အုန်းမြင့်တို့မှ ပိုင်ဆိုင်ခဲ့ပြီး ၎င်းတို့ (၃)ဦးထံမှ တရားဝင် မခွဲစိတ်ရသေးသည့် မြေကွက်၏ Portion ကို အရောင်းအဝယ် စာချုပ်အမှတ် (၁၂၀၇/၉၆)(၃၁-၅-၉၆)ဖြင့် ဝယ်ယူထားသူ ဒေါ်ခင်မိမိ(ဇနီး)သည် (၁၀-၅-၂၀၀၈) ရက်နေ့တွင် ကွယ်လွန်သဖြင့် ဦးညွန့်ရွှေ [၁၂/သဃက (နိုင်) ၀၁၂၄၀၂]က တရားဝင်အမွေဆက်ခံခွင့်ရှိသည့် တစ်ဦးတည်းသော ခင်ပွန်းတော်စပ်ကြောင်း၊ ၎င်းမှလွဲ၍ အခြားသော အမွေဆက်ခံခွင့်ရှိသူ တစ်ဦးတစ်ယောက်မျှမရှိကြောင်း၊ တရားရုံးကျမ်းကျိန်လွှာအမှတ် (၁၇၀၄/၂၀၂၅)(၃၀-၁-၂၀၂၆)၊ ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ သေစာရင်း၊ အိမ်ထောင်စုလူဦးရေစာရင်း၊ နိုင်/ကတ်၊ ပိုင်ဆိုင်စာချုပ်မိတ္တူမှန်၊ အရောင်းအဝယ်စာချုပ် တို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းနှင့် အမွေပြင်စာချုပ်ချုပ်ဆိုရန် မြေပုံကူး လျှောက်ထားလာခြင်း အပေါ် တရားဝင် ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး**
**(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
